www.burmeseclassic.com

# မဟာဗောဓိမြိုင်ဆရာတော်
# မဟာမြိုင်တောကြီးမှာ သာသနာပြုခြင်းနှင့်
# ပန်ထွာဘုရင်မ၏ ဘဝဓမ္မအလင်းရောင်

မောင်သွေးချွန်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

၁၉၄-၃

သွေးစွန်း၊ မောင်၊
မဟာဗောဓိမြိုင်ဆရာတော် မဟာမြိုင်တောကြီးမှာ သာသနာပြုခြင်း
နှင့် ပန်ထွာဘုရင်မ၏ ဘဝမှုအလင်းရောင် / မောင်သွေးစွန်း - ရန်ကုန်၊
ယုံကြည်ချက်စာပေ၊ ၂၀၁၀၊

စာ - ၁၇၂၊ ၁၃ × ၂၁ စင်တီ၊

(၁) မဟာဗောဓိမြိုင်ဆရာတော် မဟာမြိုင်တောကြီးမှာ သာသနာပြုခြင်း

နှင့် ပန်ထွာဘုရင်မ၏ ဘဝမှုအလင်းရောင်

ပထမအကြိမ်

၁၃၇၂ ခုနှစ်၊ ဝါခေါင်လ

စက်တင်ဘာ၊ ၂၀၁၀

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၆၀၀၂၇၀၀၆၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၆၀၀၄၁၀၀၈၁၀ |
| အုပ်ရေ | - | ၁၀၀၀ အုပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ငြိမ်းချမ်းသာ |
| တစ် | - | မန်းရောင်စာပေ |
| အတွင်းဖလင် | - | AZ |

ထုတ်ဝေသူ

ဦးကျော်ဟင်း။ ယုံကြည်ချက်စာပေ

အမှတ်(၁၁၁)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဦးကျော်စိန်၊ ကျောက်စိမ်းပုံနှိပ်တိုက်


အမှတ်(၁၇၁)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊

တန်ဖိုး - ၂၀၀၀ ကျပ်

ပွဲပဲဖြန့်ချိရေး - ငြိမ်းချမ်းသာ၊ဝင်းဇော်ဦး

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

နမော တေ ဗုဒ္ဓ ဝီရတ္ထု

သုဝဏ္ဏသျှမ်စာစဉ်-၂၉

# မဟာဗောဓိမြိုင်ဆရာတော်
# မဟာမြိုင်တောကြီးမှာသာသနာပြုခြင်းနှင့်
# ပန်ထွာဘုရင်မ၏ဘဝဓမ္မအလင်းရောင်

မောင်သွေးချွန်

www.burmeseclassic.com

www.burmeseclassic.com

# အဓိဋ္ဌာန်

အဖကိုယ်စားနိုင်ငံထား၍
အမိကိုယ်စား သာသနာထား၍
ချစ်သားပြုစုလုပ်ကျွေးမှုဖြင့်
နုရာမှရင့်ရင့်ပြီးပွင့်အောင်
ရွှဲဖြင့်နှောင်
ကျင့်ဆောင်အားသစ်ရပါစေ။

မောင်သွေးချွန်

www.burmeseclassic.com

www.burmeseclassic.com

# မဟာဗောဓိမြိုင်ဆရာတော်
# မဟာမြိုင်တော်ကြီးမှာသာသနာပြုခြင်းနှင့်
# ပန်ထွာဘုရင်မ၏ဘဝမှအလင်းရောင်

အမှာစာ

ယခုအခါ အနယ်နယ်အရပ်ရပ်မှ ဓမ္မမိတ်ဆွေများသည် မဟာမြိုင်တောကြီးဆီသို့အရောက်သွားကာ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီးကို အားပါးတရ ဖူးမျှော်လျက်ရှိကြပါသည်။ ဆရာတော်ရှင်ဆန္ဒာဓိကကဲ့သို့သော နိုင်ငံကျော်ဆရာတော်များပင် မဟာမြိုင်သို့ အရောက်သွားကာ ဆရာတော်ဘုရားကြီးအား ဖူးမြော်လျက် တရားတော်များကို ရိုသေစွာ နာကြားခဲ့ကြောင်း သိရပါသည်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် ရဟန်းဖြစ်သည်မှ

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com

စ၍ မြန်မာပြည်အရပ်ရပ် တောတောင်များတွင် အရညဝါသီတောရပ်မှီ လျက် ဝိပဿနာတရားများ ကျင့်ကြံပွားများအားထုတ်တော်မူခဲ့ပါသည်။ အလွန်တောကြမ်းသည်ဆိုသော မဟာမြိုင်တောကြီးသို့ ၁၃၆၅ခု(၂၀၀၃) တွင် စတင်ဝင်ရောက်ကာ ဧကစာရီ တစ်ပါးတည်း တရားခရီးဆက်တော် မူခဲ့ပါသည်။ လူတွေ့မခံအဓိဋ္ဌာန်ဖြင့် တရားအလုပ်အားထုတ်ခဲ့ရာမှ ၂၀၀၉ ခုနှစ်တွင် ဝေနေယျများအား ငဲ့ညှာတော်မူလျက် အဖူးမြော်ခံခဲ့ပါသည်။ လာရောက်ဖူးမြော်သူတို့အား ထိုက်သင့်ရာ တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူလျက်ရှိပါသည်။

မေတ္တာရှင်ကြီးဖြစ်တော်မူသော တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရက မဟာမြိုင်တောကြီးအကြောင်း အလေး အနက်မိန့်မြွက်တော်မူခဲ့ဖူးပါသည်။ သာမန်မျှသော သီလ သမာဓိ ပညာ အားဖြင့် မဟာမြိုင်တောကြီးတွင် တရားကျင့်ခွင့်မရနိုင်ပုံ တောကြမ်း ပုံများကို တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ဓမ္မအတွေ့အကြုံ များမှတစ်ဆင့် သိမြင်ကြားနာခွင့်ရခဲ့ပါသည်။ ဆိုရသော် . . . မဟာမြိုင် သည် 'တောကြမ်းသည်'ဟု နာမည်ကြီးခဲ့ပါသည်။

ယခုအခါ တောကြမ်းသည်ဆိုသော မဟာမြိုင်မှာ မဟာဗော ဓိမြိုင်ဆရာတော်ဘုရားကြီး သာသနာပြုလျက်ရှိနေပါပြီ။ မြင်အပ် မမြင် အပ်တို့ ကျွတ်တမ်းလွတ်လမ်းဝင်ချိန်တန်ခဲ့ပါပြီ။ ထိုထို ဤဤအကြောင်း အရာများကို နဘယံမဂ္ဂဇင်း အမှတ်(၁)(၂၀၀၉ ဩဂုတ်လထုတ်မှစ၍) ၂၀၁၀ မတ်လအထိ ရှစ်လတိုင် အခန်းဆက်ရေးသားခဲ့ပါသည်။ မဟာဗောဓိမြိုင်ဆရာတော်၏ တရားတော်များနှင့် ပတ်သက်၍လည်း ကောင်း၊ မဟာမြိုင်တောကြီးအကြောင်းနှင့် ဆက်ဆပ်၍လည်းကောင်း မိတ်ဆက်ညွှန်းဆိုမှတ်တမ်းတင်ရေးဖွဲ့လိုက်ခြင်းဖြစ်ပါသည်။ အားနည်း ချွတ်ချော်ခဲ့သော် ကျွန်တော်၏တာဝန်သာဖြစ်ပါသည်။

www.burmeseclassic.com

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

အထူးအားဖြင့် မဟာမြိုင်တောကြီးနှင့်ဆက်စပ်လျက်ရှိသော ပန်ထွာဘုရင်မ(ဝါ)ဗိဿနိုးမယ်တော်ကြီးအကြောင်းကိုပါ လက်လှမ်းမီသမျှ စုစည်းတင်ပြထားပါသည်။ မဟာမြိုင်ချက်မရေတွင် မော်ဘိသဲမြို့ ဆရာတော်ဦးဆောင်၍ ရွှေတိဂုံပုံတူ ၁၀၈ တောင်ဘုရားကြီးတည်ထားရန် ကဆုန်လပြည့်နေ့(၂၇. ၄. ၂၀၁၀)က အုတ်ပန္နက်ချခဲ့ပြီးဖြစ်ရာ မဟာမြိုင်တွင် သာသနာပွင့်ပြီဟုဆိုရပါမည်။ မဟာမြိုင်သာသနာ အစွန့်ရှည်ပါစေသတည်းဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လေးစားစွာဖြင့်

မောင်သွေးချွန်


ကဆုန်လပြည့်ကျော် ၁၁ ရက်

၂၀၁၀ မေလ ၈ ရက်



www.burmeseclassic.com

www.burmeseclassic.com



# မဟာဗောဓိမြိုင်ဆရာတော်
# နှင့်
# မဟာမြိုင်တောကြီးအကြောင်း

၁၃၇၁ (၂၀၀၉)ခုနှစ်ရဲ့ နွေရာသီမှာ ပန်းညီလာခံ ဆင်ယင်ကျင်းပနေသလို လှသော၊ မွှေးသောပန်းရောင်စုံတို့ တောရဂုံဘုံနန်းမှာ အဆန်းတကြယ်ပွင့်လန်းခဲ့လေပြီ။ ဒီ အချိန်မှာ လူသူမနီး မဟာမြိုင်တောကြီးထဲ တစ်ပါးတည်း ဧကစာရီ တောရပ်မှီကာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းတော်မူလျက်ရှိသော ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ ဓမ္မတံခါးလည်း အတားအဆီးမရှိ 'အလောကော အုဒပါဒိ' လင်းပွင့်သွားခဲ့လေပြီ။

ပန်းဝတ်ရည်ကို သုံးဆောင်လိုသော ပျားပိတုန်းတို့သည် ဟိုမှဒီမှ ဝဲပျံကာ ရောက်လာဘိသကဲ့သို့ ဆရာတော်ဘုရား ကြီးထံတော်မှ ဓမ္မစကား နာကြားလိုသော တပည့်ဒကာ ဝေနေယျအပေါင်းတို့သည် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တိုင်းနိုင်ငံမြို့ရွာအနှံ့ ခြေဆန့်ကာ



www.burmeseclassic.com

www.burmeseclassic.com



မဟာမြိုင်တောကြီးဆီ ဓမ္မခရီးနှင်ခဲ့ကြလေပြီ။ ကမ္ဘာဦးလူသားတို့ မှောင်အတိကျခဲ့ချိန်မှာ နေလကိုမျှော်သကဲ့သို့ ဆရာတော်ကြီးအား ဖူးမြော်ခွင့်ကို တပည့်ဒကာတို့ မျှော်စောင့်ခဲ့ရတာ ဆယ်နှစ်ဆယ်မိုး ကြာခဲ့ပါပြီ။

၁၃၆၁ ခုနှစ် နယုန်လဆန်း ၂ ရက် (၁၉၉၉ ခု မေလ)

ဆရာတော်ဘုရားကြီး ရွှေဘိုခရိုင် နတ်တလူတောရမှ ထွက်ကြွသွားစဉ်ကတည်းက မျှော်စောင့်ခဲ့ရတဲ့ အခွင့်အရေးဟာ ဒီအချိန်မှာဖြင့် ကမ္ဘဌာန်းရန့် နေရိုးရိုးမှာ မွေးခဲ့ပါပြီလေ။

ကျေးဇူးရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးဟာ ရဟန်းဖြစ်စ ပထမဝါမှာသာလျှင် ရန်ကုန်သယ်န်းကျွန်း ဘောက်ထော်ရှိ သာသနာ့ဗိမာန်မှာ တစ်ဝါဆိုခဲ့ပြီး ဒုတိယဝါ ၁၃၄၁ ခုနှစ်ကစပြီး မြန်မာပြည်အရပ်ရပ် တောတောင်တွေ ထဲမှာ 'ဝနဝါသီ'အဖြစ် လှည့်လည်သီတင်းသုံးခဲ့တာ ယနေ့ မဟာမြိုင်တောကြီးအထိတိုင်အောင်ပါပဲ။

ဆရာတော်ဘုရားကြီးရဲ့ တောရပ်မီရာ ဝါဆိုတော်စဉ်များမှာ

(က)၁၃၄၂ ခု သာစည်မြို့နယ်
ရွှေကျောင်းကုန်းတောင် ၁ ဝါ

(ခ) ၁၃၄၃၊ ၁၃၄၄၊ ၁၃၄၅ ဇင်းကျိုက်အပိုင်
ဇင်းကျိုက်တောင်၊ မင်းတစ်ရာ့တစ်ပါး
တောင်၊ ကျောက်ခမောက်ဂူ ၃ ဝါ

(ဂ) ၁၃၄၆၊ ၁၃၄၇ မော်ဘီနှင့်တိုက်ကြီးအကြား
ရှိ သံသုမာရတောင် ၂ ဝါ

(ဃ)၁၃၄၈၊ ၁၃၄၉ စစ်ကိုင်းတောင်
အရှေ့ပရက္ကမချောင် ၂ ဝါ

(င) ၁၃၅၀၊ ၁၃၅၁၊ ၁၃၅၂ သာစည်မြို့နယ်



www.burmeseclassic.com

www.burmeseclassic.com

မဟာဓေတမိဖြိုင်ဆရာတော်မဟာမြိုင်တောကြီးမှာသာသနာပြုခြင်းနှင့်
ပန်ထွာဘုရင်မ၏ ဘဝဓမ္မအလင်းရောင် ၃

ရွှေကျောင်းကုန်းတောင် ၃ ဝါ
(စ) ၁၃၅၃၊ ၁၃၅၄၊ ၁၃၅၅ ဖျဉ်းမနား
လက်လုပ်တောင် ၃ ဝါ
(ဆ)၁၃၅၆၊ ၁၃၅၇၊ ၁၃၅၈ ရှမ်းပြည်နယ်
အရှေ့ပိုင်း၊ မိုင်းဖျဉ်းမြို့နယ် သုဝဏ္ဏာ
သျှမ်တောင် ၃ ဝါ
(ဇ) ၁၃၅၉ ခုနှစ် ရွှေဘိုခရိုင်နယ် ဇာတိမြေ
မင်းကုန်းရွာအနီး နတ်တလူတောရ ၁ ဝါ
(ဈ) ၁၃၆၀ ခုနှစ် ပြင်ဦးလွင်မြို့နယ် ဒုဋ္ဌဝတီ
မြစ်ကမ်း၊ ဒီးဒုတ်တောင် ဝေဒလ္လချောင် ၁ ဝါ
(ည)၁၃၆၁ ခုနှစ် ပုံတောင်ပုံညာ လယ်ဓမ္မအပိုင်
မဏ္ဍိမဓမ္မဇောနိဂူ ၁ ဝါ
(ဋ) ၁၃၆၂ ပုံတောင်ပုံညာ စကားအပိုင်
မောနေယျတော ၁ ဝါ
(ဌ) ၁၃၆၃ ပုလဲမြို့နယ် ကျော်တောရွာ
ပဋိပတ်တောစခန်း ၁ ဝါ
(ဍ) ၁၃၆၄ ပုလဲမြို့နယ် စံရိပ်ငြိမ်တောရ ၁ ဝါ

အဲဒီလို မြန်မာပြည်အရပ်ရပ် တောတောင်အထပ်ထပ်မှာ လှည့်လည် သီတင်းသုံးတော်မူခဲ့တဲ့ ဆရာတော်ကြီးအဖို့ ပရိသတ်ဝေနေယျ အလွန်ပဲ များပြားလှပါတယ်။ ဝါဆို ဝါကပ် ခြင်းမဟုတ်ဘဲ ခေတ္တယာယီတောရပ် မှီရာ ဒေသများလည်း ရှိနေပါသေးတယ်။

ဇင်းကျိုက်တောင် . . ရသေ့မဂူ သုံးလ
ဇင်းကျိုက်တောင် . . ဖရုံညှာစခန်း တစ်လ
မိတ္ထီလာမြို့နယ် . . တောင်စဉ်တောင် တစ်လ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆည်နှင့်စဉ့်ကိုင်ကြား. . ကျောက်ထီး နှစ်လ
ပုလဲမြို့နယ် ဝါးသုံးရုံတော. . ကျောက်ထီး နှစ်လ
သုဝဏ္ဏသျှမ်တောင်ထိပ် ခြောက်လ. . ဖြစ်ပါတယ်။

ဘယ်တောဘယ်တောင်ပဲဝင်ဝင် ဆရာတော်ကြီးကို ဖူးမြင်လိုက်ရပြီဆိုတာနဲ့ ဘယ်သူမဆို ချက်ချင်းကြည်ညိုသွားကြတာပါပဲ။ သက်နှိုးကို ဆွဲကာ နောက်တော်ပါးက တစ်ဖဝါးမခွာ လိုက်ပါချင်သူတွေလည်း များလှပါတယ်။ သို့တိုင်အောင် ဆရာတော်ကြီးသည် ကျောင်းတံခါးကို အမြဲဖွင့်ထားလေ့မရှိ၊ တံခါးပိတ်ကာ အချိန်ပြည့်အားထုတ်လို့သာ နေလေ့ရှိပါတယ်။ ၂၄ နာရီလုံးအိပ်သည်မရှိ၊ ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး၏ မိန့်မှာချက်ကို ဦးထိပ်ရွက်ပြီး ၂၄ နာရီ တစ်စပ်တည်းရအောင် စက္ကန့်မလပ် ရှုမှတ်၍သာနေတော်မူလေ့ရှိပါတယ်။ ဖူးကြီးမှာ တစ်နေ့ ၂၂ နာရီအားထုတ်ခဲ့တာတောင် ကိုယ့်ကိုယ်ကိုယ် အားမရဘူးလို့ အမိန့်ရှိခဲ့ဖူးပါတယ်။ သာစည်မြို့နယ် ရွှေကျောင်းကုန်းတောင်မှာ သီတင်းသုံးစဉ်ကတော့ ဥပုသ်နေ့တိုင်း တစ်ပတ်မှာ တစ်ရက်အဖူးခံပြီး တရားရေအေးတိုက်ကျွေးတော်မူလေ့ရှိပါတယ်။ တစ်ပတ်တစ်ရက် အဖူးခံတာလည်း အဝေးကြီးက လာရတဲ့ပရိသတ်ဝေနေယျတွေကို ငဲ့ညှာလွန်းလို့သာပါပဲ။


ရောက်လေရာ တောတောင်များမှ ၁၅ မိုင်လောက်ဝေးတဲ့ရွာတွေထိ ဆွမ်းခံကြွကာ ပရိသတ်ဝေနေယျတွေကို ချီးမြှောက်တော်မူခဲ့ပါတယ်။ ဆရာတော်ကြီး ဆွမ်းခံကြွလာတာကိုပဲ မျက်စိတဆုံး ငေးကြည့်ဖူးမြော်သူတွေ အများကြီးပါပဲ။ ဆရာတော်ကြီးရဲ့ ရူပကာယတော်ဟာ နေနတ်သား၊ လနတ်သားပမာ အသရေတော် တင့်ရွှင်းကြွေသမွတ္တိနှင့်လည်း ပြည့်စုံလွန်းရကား ဖဝါးဦးခိုက်ကန်တော့ခွင့် ရလိုက်တဲ့အချိန်ကလေးဟာ အင်မတန်ချမ်းသာ နေပါတော့တယ်။

## သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com





ပုံ(၁) အကျွတ်အလွတ်ကျောင်းတော်တွင်
မဟာဗောဓိမြိုင်ဆရာတော်ကြီးအား ဖူးမြင်ရစဉ်

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com






ပုံ(၂) မဟာမြိုင် ဗိဿနိုးမယ်တော်နန်းရင်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးကို ဖူးလိုက်ရတာနဲ့ (လူမိုက်ပင်ဖြစ်နေပါစေ) ချက်ချင်းပဲ အေးခနဲ၊ ရင်ထဲလောင်နေတဲ့မီးတွေ ငြိမ်းသွားရ၊ တစ်ဘဝလုံးမှာ မခံစားဖူးသေးတဲ့ အေးငြိမ်းခြင်းရသကို ဆရာတော်ကြီးထံမှာ ခံစားရ၊ အဲဒီခဏငယ် တစ်ဒင်္ဂလေးကို ဘယ်သူမှ မေ့လို့မရနိုင်ပါ။ ဖြူဖြူဖွေးဖွေး စပယ်ပန်းလေးများပမာ တရားရတနာသည် ကိုယ်တိုင်လည်း မွှေး၍ ပတ်ဝန်းကျင်ကိုလည်း မွှေးစေခဲ့လေပြီ။ စမ်းရေသည် ကိုယ်တိုင်လည်း အေး၍ သောက်သုံးသူကိုလည်း အေးမြစေသည်သို့သာ။ ငွေလရောင် အောက်ရောက်လာသူမှန်သမျှ အေးငြိမ်းခြင်းရသကို ခံစားရသကဲ့သို့ ဆရာတော်ကြီး၏ မေတ္တာရိပ် ဓမ္မရိပ်မှာ ခိုလှုံလာသူတိုင်း အေးငြိမ်းရသလို မမေ့နိုင်အောင် ခံစားခဲ့ရတာချည်းပါ။ ဒါကြောင့်လည်း ဆရာတော်ကြီးကို ဖူးခွင့်ရပြီဆိုတာနဲ့ (ဝါ) ဆရာတော်ကြီး အဖူးခံပြီဆိုတာနဲ့ ဂျပန်၊ ဖိလစ်ပိုင် စတဲ့ နိုင်ငံရပ်ခြားရောက်နေသူ တပည့်တွေတောင် အလုပ်တွေပစ်ခဲ့ပြီး မိုးရာလေယာဉ်နဲ့ အရောက်လာဖူးကြတာတွေ့ခဲ့ရပါတယ်။

ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးဟာ စံရိပ်ငြိမ် တောရမှာ တစ်ဝါဆိုခဲ့ပြီးနောက် ၁၃၆၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၈ ရက် ညနေ ၄ နာရီ ၁၀ မိနစ်မှာ မဟာမြိုင်တောကြီးရဲ့ ခေါင်နန်းပလ္လင် စခန်းသို့ ရောက်ရှိစံမြန်းတော်မူခဲ့ပါတယ်။ ဒီနေရာမှာ ဆရာတော်ဘုရားကြီးဟာ မဟာမြိုင်တောကြီးသို့ ဘာ့ကြောင့် ကြွချီခဲ့ရသလဲဆိုတာ စူးစမ်းကြည့် သင့်လှပါတယ်။


မဟာမြိုင်တောကြီးသို့ ကြွတဲ့အကြောင်း မပြောမီ ရဟန်းဖြစ်စ ဒုတိယဝါမှာကတည်းက သာစည် ရွှေကျောင်းကုန်းတောင်သို့ ဘာကြောင့် တောထွက်ခဲ့ရပါသလဲ။ ဆိတ်ငြိမ်မှုတစ်ခုတည်းကို အလိုရှိလျှင် အခြားသော ဆိတ်ငြိမ်ရာ တောတောင်များလည်း မြန်မာပြည်အနှံ့အပြားမှာ အဆင်သင့်ရှိနေတာပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com






ပုံ(၃) မဟာမြိုင်ကျောင်းတော်ကြီး၏ ကျောင်းမုခ်ဦးအဝင်ဝ



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၄)မဟာမြိုင်အဝင်ဗိသနိုးမယ်တော်နန်း

ထိုတောင်ကား 'ရွှေကျောင်းကုန်းတောင်' ခေါ်တွင်၏။

ထိုတောင်၌ ပျူခေတ်က ပျူမင်းတို့ကိုးကွယ်သော ရွှေကျောင်းကုန်းတောင်ဆရာတော် ဦးဝိမလတက်ရောက်၍ တရားကျင့်ဌာနဖြစ်သဖြင့် ရွှေကျောင်းကုန်းတောင်အမည်တွင်သည်ဆို၏။ ထို ပျူခေတ်၏ ဆရာတော်ဦးဝိမလလက်ထက် သာသနာတော်၏ အထိမ်းအမှတ်အဖြစ် ခြောက်တောင်မျှသော စေတီတစ်ဆူကို တောင်ထိပ်ဝယ် တည်ထားခဲ့၏။

တဖန် ပျူခေတ်အလွန်တွင် ရက်ကန်းစင်တောင်ဆရာတော်သည် ရှမ်းမင်းသမီး မိဖုရား စောဥမ္မာ၏ အထောက်အပံ့တို့ဖြင့် တက်ရောက်၍



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၅) ၂၀၀၉ ဧပြီလအတွင်းက ဆရာတော်ကြီး အဖူးမြော်ခံကြွစဉ်

တရားအားထုတ်ခဲ့ဖူးသည်ဆို၏။ ၎င်းခေတ်တွင်ကား ရှစ်တောင်မျှအထိ စေတီတော်မြင့်လာ၏။

တဖန် ပုဂံခေတ် အားကောင်းလာသောအခါတွင်မူကား ရှင်မထီး ဆရာတော်သည် သေလည်ကြောင်မင်း၏ အထောက်အပံ့ဖြင့် တက်ရောက်၍ ဖိုထိုးခဲ့ဖူးသည်ဆို၏။ ယခုတိုင် ဥစ္စာစောင့်တောင်ဟူ၍လည်းကောင်း၊ တောင်ပြောင်ကြီးဟူ၍လည်းကောင်း အမည်တွင်သောနေရာတွင် ပုဂံမင်းဆက်လည်းဖြစ်၊ ၎င်း၏ဒကာရင်း ဒကာမရင်းလည်းဖြစ်ခဲ့ဖူး သူမျှားဆိုပါက အင်္ဂတေများကို လက်ဖြင့်လုံးဆုပ်ထားသော အရာတွေ့က ကောက်ယူခဲ့ကြည့် ရွှေတစ်ကျပ်သားရသေးသည်ဆို၏။ ထိုဆရာတော်၏ ပုဂံခေတ်စေတီတော်သည် ကိုးတောင်မျှမြင့်လျက်ရှိချေပြီ။ သေလည်ကြောင်မင်း၏ ဝန်ကြီးတစ်ပါး ဦးစီး၍



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၆) မဟာမြိုင်တောတွင်းတစ်နေရာ

တည်ထားကိုးကွယ်ခဲ့သည်ဆို၏။

ထို ရွှေကျောင်းကုန်းတောင်ပေါ်သို့ နေရာအထိုင်ကျသွားသည်နှင့် ငါ့စိတ်သည် အေးချမ်းငြိမ်သက်သွား၏။ တောတောင်၏ဆိတ်ငြိမ်မှု အရသာ၊ တစ်ဦးတည်းနေရခြင်း၏ လွတ်လပ်သောအရသာတို့က အသစ်ကျပ်ချွတ်တောထွက်ကလေး ငါ့အား ပုံ့ပိုးနေကြရာ 'အဟောသုခ အဟောသုခ' စိတ်ထဲ၌ တဖွဖွ မြည်လာ၏။(ဥလ္လာမွတ္တဘိက္ခုဘာဝကထာမှ) (၂၀၀၁ အောက်တိုဘာထုတ် ရတနာစစ်တမ်း၊ စာ-၇၉ ရှု)

ရွှေကျောင်းကုန်းတောင်နှင့် ဆက်စပ်နေသော အကြောင်းအရာများကို ဆရာတော်ကြီးကိုယ်တိုင် အဲဒီလို ဖော်ထုတ်ရေးသား မှတ်တမ်းတင်ထားခဲ့ပါတယ်။

ရွှေကျောင်းကုန်းတောင်သည် ပျူဆက်၊ ရှမ်းဆက်၊ ပုဂံ ဆက်ဟူ၍ အဆက်သုံးဆက်ရှိခဲ့ကြောင်း သိသာထင်ရှားခဲ့ပေပြီ။ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် ထို အဆက်သုံးဆက်သုံးမှာ ဘဝသံသရာ



www.burmeseclassic.com

www.burmeseclassic.com



လည်ခဲ့လေသလား၊ သို့မဟုတ် အဆက်တစ်ခုခုမှာ ပါဝင်ခဲ့လေသလား စဉ်းစားဖွယ်ဖြစ်လာပါတယ်။ ပြီးတော့ ဒီနေ့ခေတ် သာသနာပြု ဆရာတော်ကြီးတွေထဲမှာ ထင်ရှားလှတဲ့ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်လောကမှာလည်း အင်မတန်မှ ဩဇာကြီးမားလှတဲ့ ရက်ကန်းစင်တောင်ဆရာတော်ဘုရားကြီးဆိုတာ အခုမှ ဘွားခနဲပေါ်လာတာမဟုတ်ဘဲ ဟိုးနှစ်ပေါင်းတစ်ထောင်ကျော် လောက်ကတည်းက ရှမ်းဆက်မှာ ပါဝင်ပွင့်ပေါ်ခဲ့ကြောင်းလည်း အလေးအနက် မှတ်သားခဲ့ရပါတယ်။

ဆရာတော်ဘုရားကြီးကိုယ်တိုင်က. .

'တို့က အဆက်များတယ်ကွဲ့၊ ဒီတော့ လူရှုပ် နတ်ရှုပ် ခံရသကွဲ့။ ကိုယ်ရှုပ်ခဲ့တော့ ကိုယ့်ပြန်ရှုပ်ခံရတာပဲ- မှတ်ထား။ မရှုပ်နဲ့၊ ရှင်းရှင်းနေ. . ရှင်းရှင်းလုပ်၊ သံသရာအရှုပ်ထုပ်ကြီး မြန်မြန်မရှင်းနိုင်ခဲ့လို့ အခု လာရှုပ်သမျှ ခံနေရတာ။ ဘယ်မှာ ဖြောင့်ဖြောင့်တရားအားထုတ်ရလို့တုန်း။ လိုက်တာကြတာဗျား. . တယ်ပြီး အနံ့ခံ၊ ခြေရာခံကောင်းကြသကိုးဗျ။ သူ့ဝေနေယျနဲ့သူဆိုတာလည်း ဘုရားခေတ်ကတည်းက ရှိနေခဲ့တာကိုး။ အရှင်သာရိပုတ္တရာနဲ့ အဆက်ပါတဲ့သူက ရှင်သာရိပုတ္တရာဆီပဲသွားသဗျ။ အရှင်မောဂ္ဂလာန်နဲ့ အဆက်ပါသူကလည်း အရှင်မောဂ္ဂလန်နောက် လိုက်ကြတာပဲ။ တို့က သံသရာရှည်ခဲ့တော့ဗျာ၊ ရေခပ်မကြုံ ထင်းခွေကြုံဆိုတာလို တစ်ဘဝမကြုံ တစ်ဘဝဆုံပေါ့။ ဘယ်ခေတ် ဘယ်ဘဝက ကြုံခဲ့ဆုံခဲ့မှန်း မသိတာတွေ အခုစုံပြုံပြီး လာရှုပ်နေကြတာ။ အဲဒါ ကိုယ့်အရှုပ်ကိုယ်ရှင်းနေရတာကိုက အလုပ်တစ်ခုဗျ' လို့ အမိန့်ရှိခဲ့ဖူးပါတယ်။

၁၃၅၃၊ ၁၃၅၄၊ ၁၃၅၅ ပျဉ်းမနားလက်လုပ်တောင်မှာ သိတင်းသုံး သာသနာပြုခဲ့ရာမှာလည်း သာစည်ရွှေကျောင်းကုန်းတောင်မှာလိုပဲ နောက်ခံဇာတ်ကြောင်းကလေးတွေ ရှိခဲ့ပါတယ်။ (ပျဉ်းမနားလက်လုပ်တောင်ဆိုတာ ယခု နေပြည်တော်မှာတည်ထားလျက်ရှိတဲ့ ဥပ္ပါတ



www.burmeseclassic.com

www.burmeseclassic.com



သန္တိစေတီတော်ကြီး အနီးမှာ တည်ရှိပါတယ်။) လက်လုပ်တောင်ရဲ့ သမိုင်းပုံပြင်မှာ ကျွန်တော်တို့ဆရာတော်ကြီး ဘယ်အခန်းက ပါဝင်ခဲ့ပါသလဲ၊ ဘယ်လိုပါရမီဖြည့်ခဲ့ပါသလဲ။ ဆက်လက်ရှုစား ဖတ်မှတ်ကြည့်စေလိုပါတယ်။

## နေပြည်တော် ပျဉ်းမနား လက်လုပ်တောင်သမိုင်းပုံပြင်

ရှေးသရောအခါက မဏိပူရပြည်ကိုအုပ်စိုးသော ဘုရင်ကြီး၏ တောင်နန်းစံမိဖုရားကြီးတွင် သားတော်သုံးပါး ထွန်းကားခဲ့၏။ ညီတော် နောင်တော်တို့သည် ထိုနန်းစည်းစိမ်ကို စွန့်ပစ်လျက်က တောထွက်၍လာကြရာ အစ်ကိုကြီးက 'လွှန်းတောင်'သို့ ရောက်လာသည်။ ညီက ယခု လက်လုပ်တောင်မှာနေ၍ တရားအားထုတ်ခဲ့ကြသည်။ လွှန်းတောင်နှင့် လက်လုပ်တောင်မှာ လွန်စွာ အလှမ်းကွာဝေးခြင်းမရှိပေ။ အစ်ကိုကြီးသည် လွှန်းတောင်မှာ ကျင့်ကြံအားထုတ်လျက်က ပေါက်မြောက်အောင်မြင်သော ပုဂ္ဂိုလ်ဖြစ်ခဲ့လေ၏။ ညီဖြစ်သူကလည်း မိမိပိုင် ရွှေငွေများကို အရိမေတ္တေယျဘုရားပွင့်လျှင် ကျောင်းဆောက်လုပ်လှူရန် ရွှေတိုက်ငွေတိုက် လေးလုံးဆောက်၍ လက်လုပ်တောင်တွင် မြှုပ်နှံထားခဲ့သည်။ ၎င်း တိုက်ကြီးလေးလုံးကို စောင့်ရှောက်ရန် အစ်ကိုကြီးက ရွှေတုံးကြီးကို နဂါးရုပ်ထု၍ မျက်စိနေရာတွင် ပြဒါးရှင်လုံးတပ်ပြီး နဂါးကြီးကို အသက်သွင်းပေးခဲ့သည်ဆို၏။

သူတို့၏ ညီအငယ်ဆုံးကား မဏိပူရပြည်တွင် ကျန်ရစ်ခဲ့၏။ မင်းကြီးနတ်ရွာစံသော် မြောက်နန်းစံ မိဖုရားကြီးမှ မွေးသော သားတော်ခုနစ်ပါးအနက် အကြီးဆုံး အဘိဓမ္မရာဇာသည် နန်းမွေဆက်ခံသော ဘုရင်ဖြစ်လာ၏။ သူ၏ ညီတော်ခြောက်ပါးကား မြို့စားနယ်စားများ ဖြစ်လာကြ၏။ တောင်နန်းစံမိဖုရားကြီးမှ တစ်ပါးတည်းကျန်နေသော သားတော်(ညီအငယ်ဆုံး)ကား စစ်သူကြီးဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



အဘိဓမ္မရာဇာမင်း၏ မိဖုရားကား 'ကေတုမဒီ'မည်၏။ ထိုမိဖုရားကား တက္ကသိုလ်ပြည်မှ ဒိသာပါကျွေးကြီး၏ သမီးဖြစ်၏။ ထိုမိဖုရားမှ သမီးတော် ကလျာဏမိတ္တာ၊ သားတော် ဓေယျပတ္တာ၊ ထို့နောက် သမီးတော်လေးပါး ထပ်မံ၍ မွေးဖွား၏။ ထိုမိဖုရားကား အလိုရမ္မက်ကြီး၏။ သားတော် ဓေယျပတ္တာကို ထီးနန်းတင်လို၏။ သို့သော် ထီးနန်းသြဇာမှာ စစ်သူကြီး၏လက် ထဲတွင်ရှိနေ၏။ ထို့ကြောင့် မှူးမတ်တို့နှင့်တိုင်ပင်၍ စစ်သူကြီးကို ဖယ်ရှား ရှင်းလင်းရန် မိဖုရားကြီး ကြံစည်လေသည်။ သို့သော် ထိုသတင်းသည် စစ်သူကြီးထံ ပေါက်ကြားသွားလေ၏။ ထို့ကြောင့် စစ်သူကြီးသည် မိဖုရားအိမ်တော်ကိုဝိုင်း၍ ဖမ်းမိသမျှကို သတ်လေသည်။ ထိုမျှမက မြို့စားနယ်စားများကို သိမ်း၍ ကွပ်မျက်ကာ မင်းပြုလေ၏။

အဘိဓမ္မရာဇာမင်းသည် စစ်သူကြီးမင်း၏ရန်ကို ကြောက်၍ လောကီ ပညာရပ်တို့ဘက်၌ ပေါက်မြောက်လျက်ရှိသော အစ်ကိုနှစ်ဦးရှိရာ လက်လုပ်တောင်၊ လွန်းတောင်ဆီ သို့ ထွက်ပြေးလာရ၏။ ၎င်းနှင့်အတူ သားတော်၊ သမီးတော်များလည်း ပါလာ၏။ သားတော်ဓေယျပတ္တာကို စစ်ကိုင်းတောင်သို့ပညာတော်သင်စေလွှတ်ထားစဉ်မှာပင် စစ်ပြေးမင်းကြီး နတ်ရွာစံလေသတည်း။ မင်းကြီးလွန်လေသော် သမီးတော်ငါးပါးကျန်ခဲ့၏။ သမီးတော်တို့ကို လောကီပညာ တစ်ဖက်ကမ်းခတ်ကုန်သော ဝိဇ္ဇာကြီး နှစ်ပါး(တောထွက်ညီနောင်) က စောင့်ရှောက်ထားရ၏။

တစ်နေ့တွင်. . .

"အဘိုးတို့ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့ တွင် ပုပ္ပားတောင် ကလပ်သို့ ဆေးကြိတ်သွားရမည်။ အကယ်၍ အရေးကြုံခဲ့သော် ဤလက်ဖွဲ့အဆောင်ပစ္စည်းကလေးကို ကိုင်ပေါက်လိုက်ပါက အဘိုးတို့ ချက်ချင်းပြန်ရောက်လာမည်" ဟု တောထွက်ညီနောင်အဘိုးတို့က မှာကြား ၍ ပုပ္ပားသို့ ထွက်ခွာသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မငါးယောက်တို့မှာ မင်းသမီးတွေချည်းဖြစ်ရာ နုနုနယ်နယ် လှလှပပကလေးတွေချည်းဖြစ်၏။ မင်းသမီး တွေရှိရာသို့ အောက်လမ်းဆရာကြီးငါးဦး ရောက်လာခဲ့ပြန်သည်။ အောက်လမ်းဆရာကြီးများက မင်းသမီးလေးတွေကို 'ဥစ္စာစောင့်'ဟု အထင်မှားကြလေ၏။ ထို့ကြောင့် မင်းသမီးလေးတွေကို ဖမ်းဆီး၍ သူတို့အလိုရှိရာကို တောင်းကြ၏။ သူတို့အလိုရှိသည်မှာ ရွှေနဂါးရုပ်ကြီး၏ မျက်လုံးနှစ်လုံးနေရာတွင် တပ်ဆင်ထားသော ပြဒါးရှင်လုံး နှစ်လုံးပေတည်း။ မင်းသမီလေးများ အဖို့ ထိုပြဒါးရှင်လုံး အကြောင်းကို သိလည်းမသိ၊ ပေးလည်း မပေးနိုင်ကြပေ။ အောက်လမ်းဆရာကြီးများက လိုတာမရသောအခါ ရိုက်နှက်ညှဉ်းဆဲကြလေ၏။

ထို့နောက် မင်းသမီးများ၏ တဲတော်အတွင်း ရှာဖွေရာ ဘကြီးတော် ဝိဇ္ဇာကြီးနှစ်ပါး အဂ္ဂိရတ်ပညာဖြင့် ပြုလုပ်ခဲ့သော ငွေများကို တွေ့လေ၏။ ထိုငွေများကို သိုက်ဆရာကြီးများ အငမ်းမရ သိမ်းကျုံးယူငင်ပါသော်လည်း ယူငင်၍ လုံးဝမရ ရှိရလေ၏။ ထိုငွေများသည် လက်လုပ်တောင်သို့ချည်းသာ ပျံထွက်သွားကြသည်ဟု ပုံပြင်က ဆိုလေ၏။ ငွေတို့ ပျံထွက်သွားရာ နေရာဖြစ်သောကြောင့် 'ငွေပျံကုန်း'ဟု ခေါ်လာခဲ့ရာ ယခုတိုင် 'ငွေလျှံကုန်း' ဟူသောအမည်ဖြင့် နေပြည်တော် ပျဉ်းမနားလက်လုပ်တောင်ဝန်းကျင်တွင် ရွာတည်ထားသည်ကို တွေ့နိုင်ပါ၏။

ငွေတို့သည် လက်လုပ်တောင်သို့သာ ပျံထွက်သွားလေရာ အောက်လမ်းဆရာကြီးများသည် မင်းသမီးများကို လက်လုပ်တောင်သို့ ခေါ်သွားပြန်လေသည်။ တောင်ပေါ် သို့ရောက်သော် ရက်ရက်စက်စက် နှိပ်စက်၍ ပြဒါးရှင်လုံး တောင်းကြပြန်၏။ သမီးတော်ကြီး နာလှ၍ အရှေ့တောင်ဘက်တွင် ဘကြီးတော်ရှိပါသေးသည်။ ဘကြီးတော်ကို သွားခေါ်၍ ပြဒါးရှင်လုံးအကြောင်း စုံစမ်းပေးပါမည်ဟု ပြောဆို၍ သက်သာရာရရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



အောက်လမ်းဆရာကြီးများလည်း ယုံကြည်၍ ကျန်သမီးတော်လေးဦးကို သုံ့ပန်းအဖြစ် ချုပ်နှောင်နှိပ်စက်လျက်က သမီးတော်ကြီးကို လွှတ်လိုက်၏။ သို့သော် သမီးတော်ကြီးလည်း အရှေ့တောင်ဘက်သို့ရောက်လျှင် ဒဏ်ရာ အလွန်ပြင်းသည်ကတစ်ကြောင်း၊ ညီမငယ်များကို လွမ်းသည်က တစ်ကြောင်းကြောင့် သေလေ၏။ ညီမတော်တို့ကို လွမ်းသောကြောင့် 'လွမ်းတောင်'ဟု ယခုတိုင် အမည်တွင်၏။

သမီးတော်ကြီး သေလွန်၍ ပြန်မလာသောအခါ အောက်လမ်းဆရာကြီးများက ညီအစ်မလေးယောက်ကို မသေမချင်း နှိပ်စက်၍ သတ်လေ၏။ ထိုအခါကျမှ ဘကြီးတော်ဝိဇ္ဇာညီနောင်ပေးခဲ့သော အဆောင်လက်ဖွဲ့သည် ပျံထွက်၍ ပုပ္ပားတောင်သို့ကျလေ၏။ ဘကြီးတော်ညီနောင်လည်း တူမတော်များ ဒုက္ခရောက်နေပြီဖြစ်ကြောင်း အတပ်သိကြလေ၏။ ဤတွင် သူတို့ဆီရောက်လာသော အဆောင်လက်ဖွဲ့ကို ကိုင်ပေါက်လိုက်ရာ သိုက်ဆရာကြီးများ ပွဲချင်းပြီး သေကြကုန်၏ ဆိုသည်။ ဘကြီးတော် ဝိဇ္ဇာညီနောင်တို့လည်း လက်လုပ်တောင်သို့ ချက်ချင်းပြန်လာကြပြီး သိုက်ဆရာငါးဦးနှင့် ညီအစ်မလေးယောက်တို့ကို သူတို့၏ အတတ်ပညာနှင့် ခေါ်ယူလေ၏။

လက်လုပ်တောင်တွင် မြှုပ်နှံထားသော ရွှေတိုက်၊ ငွေတိုက်၊ ကျောက်သံပတ္တမြားတိုက်နှင့် ပြဒါးပြာတိုက်တို့အား တူမကြီးလေးယောက်တို့ကို စောင့်ရှောက်စေ၏။ အောက်လမ်းဆရာကြီးငါးဦးအနက် အကြီးဆုံးသိုက်ဆရာကြီးအား တောင်ပိုင်အဖြစ် ခန့်အပ်ပြီး ကျန်လေးဦးတို့ကိုကား အရပ်လေးမျက်နှာအား စောင့်ကြပ်စေ၏။

ထိုအချိန်တွင် စစ်ကိုင်းတောင်မှာ ပညာသင်နေသော ဇေယျပတ္တမင်းသားသည် ဘုမ္မိယပါရဂူအတတ်မှာ တစ်ဖက်ကမ်းခတ်၍ လက်လုပ်တောင်သို့ ပြန်လာ၏။ လောဘ၊ ဒေါသ၊ မောဟကြောင့် ပိုစိုးပက်စက် သေကြကုန်သော ဆွေတော်မျိုးတော်တို့ကိုကြည့်၍ နှလုံးကြေကွဲ ဝမ်းနည်း



www.burmeseclassic.com

www.burmeseclassic.com



လျက် သံဝေဂရမိလေ၏။ နှမတော်များက မိမိတို့ကို ဘယ်သူမှ မနှိပ်စက်နိုင်စေရန် စောင့်ရှောက်ပေးဖို့ တောင်းပန်သဖြင့် ဇေယျပတ္တမင်းသားက စီမံပေးရလေ၏။ နှမတော်များက ဤလက်လုပ်တောင်မှာပင် သာသနာပြုပါရန် လျှောက်ထားသောအခါတွင်ကား. . .

"ငါသည် စစ်ကိုင်းတောင်မှာသွား၍ ရဟန်းပြုပေအံ့။ ယခု သာသနာပြုချိန်မတန်သေး။ နောင်အခါ သာသနာသက် ထက်ဝက်ကျော်လေသော် ဤလက်လုပ်တောင်၏ အရှေ့မြောက်အရပ်မှ ရဟန်းဘဝဖြင့် ငါကြွ၍ လာပေမည်။ ထိုအခါကျမှ သာသနာပွင့်လေမည်"ဆို၍ စစ်ကိုင်းတောင်သို့ ထွက်သွားလေသတည်း။

ထိုအချိန်မှစ၍ ဇေယျပတ္တမင်းသား ပြန်အလာကို ဤ လက်လုပ်တောင်မှ စောင့်မျှော်ခဲ့ကြသည်မှာ နှစ်ကာလ ပရိစ္ဆေဒတွေ ကြာညောင်းရင့်အိုခဲ့ပြီဆို၏။ ခေတ်အဆက်ဆက် ပြောင်းလာခဲ့ပါသော်လည်း သာသနာပြုမည့်ရဟန်းကား ကြွမလာ။ ရဟန်းတစ်ပါးတလေ ကြွလာဖူးပါသော်လည်း ဇေယျပတ္တမင်းသား မှာကြားထားသကဲ့သို့ အရှေ့ မြောက်အရပ်မှ ကြွလာခြင်းမဟုတ်။ ပြီးတော့ မြဲလည်းမမြဲကြ။ အကြောင်းကြောင်းကြောင့် ပြန်ကြွသွားသည်ချည်းဟု ဆိုကြကုန်၏။

ဤသို့ဖြင့် ဤမှာဘက်ခေတ် သာသနာ ၂၅၀၀ ကျော် ကာလသို့ ရောက်လာချိန်တွင်လည်း လက်လုပ်တောင်သို့ကြွလာသီတင်းသုံးဖူးသော ရဟန်းတို့သည် မမြဲကြ။ အရှေ့မြောက်အရပ်မှ ကြွလာခြင်းလည်း မဟုတ်ကြဟုဆို၏။ လက်လုပ်တောင်ဒေသခံတို့သည် အရှေ့မြောက်အရပ်မှကြွလာမည့် သာသနာပြုရဟန်းတော်ကိုသာ မျှော်စောင့်၍နေခဲ့ကြ၏။ ဤအချိန်တွင် နေပြည်တော်ပျဉ်းမနား လက်လုပ်တောင်၏ အရှေ့မြောက်အရပ်၊ သာစည်မြို့၊ ရွှေကျောင်းကုန်းတောင်မှ ဆရာတော်ဘုရားကြီးသည် လက်လုပ်တောင်သို့ ကြွမြန်းလာခဲ့ချေပြီ။ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီး၏ ကြွလှမ်းခြင်းသည် နေမင်းလမင်းပေါ် ထွက်ခြင်းကဲ့သို့ ထင်ရှားအားရဖွယ်ကောင်း လှပေ၏။

ယခု ဆရာတော်ဘုရားကြီး မဟာမြိုင်တောကြီးသို့ ၁၃၆၅(၂၀၀၃) ခုနှစ်က ကြွချီခဲ့လေရာ မဟာမြိုင်တောကြီးနှင့် ဘယ်လိုကြောင်းကျိုး ဆက်စပ်နေပါသလဲ။

မဟာမြိုင်တောကြီးဟာ တောကြမ်းလှတယ်။ မဟာမြိုင်က တောစိုး နတ်များဟာ တရားကျင့်တာမကြိုက်၊ အထူးသဖြင့် ရဟန်းသံဃာများ မဟာမြိုင်မှာ ၇ ရက်ထက်ပိုပြီး နေလို့မရ။ ရှစ်ရက်မြောက်တဲ့နေ့မှာ သက်န်းချွတ်ပြီး ရသေ့ဝတ်နဲ့ ဆက်ကျင့်ရလေ့ရှိတယ်။ ရသေ့အသွင် မကူးပြောင်းရင် နတ်ဖျား၊ နတ်ပီတုန်းတွေက အတင်းဝင်တုပ်လေ့ရှိတယ်။ အလွန်အဆိပ်ပြင်းလို့ ကုရာနတ္ထိ ဆေးမရှိဘူးတဲ့။ မဟာမြိုင်တောကြီးထဲ ဖြတ်သွားရင်တောင် သမ္ဗုဒ္ဓေ စတဲ့ ဘုရားစာတွေ၊ ဂါထာတွေ ရွတ်ဆို မသွားရဘူးတဲ့။ ဘုရားစာရွတ်ဆို သွားရင် ကားမှောက်တာ၊ ဘီးပေါက်တာ စသည် တစ်ခုခု ဖြစ်လေ့ရှိလို့ ကားသမားက 'ဘုရားစာမရွတ်ကြပါနဲ့ခင်ဗျာ' လို့တောင် ခရီးသည်တွေကို သတိပေးထားရဆိုပဲ။ ဘုရားစာရွတ်မယ့် အစား ဆဲဆိုသွားမှ မဟာမြိုင်တောကြီးကို ဖြတ်သန်းသွားနိုင်ကြောင်းနဲ့ ကားခေါင်းခန်းထဲမှာ ဘုန်းကြီးတင်လာရင်လည်း နတ်မကြိုက်လို့ ဒုက္ခပေး တတ်ကြောင်း၊ တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမ ကိုယ်တိုင်က ရေးသားဟောကြားခဲ့ဖူးပါတယ်။

မဟာမြိုင်တောကြီးကို စိုးမိုးလျက်ရှိတာက ဗိဿနိုးမယ်တော်ကြီး (ဝါ) ပန်ထွာဘုရင်မ (ဝါ) ပန်ထွာဧကရီဖြစ်ကြောင်း သိရပါတယ်။ ပန်ထွာဧကရီ ကတော့ ဒွတ္တဘောင်မင်းကြီးနဲ့ အပြိုင် သရေခေတ္တရာခေတ်မှာ အလွန် ကျော်ကြားခဲ့ပါတယ်။ သူ့ဇာတ်လမ်းကလည်း လွမ်းမောဖွယ်ကောင်းလှ သမို့ ဒီနေ့ ခေတ်မှာ 'မဟူရာမေတ္တာ'ဝတ္ထုနဲ့ ကာက်ဆက်ဇာတ်လမ်း၊ ရုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြပန်းချီများအထိ အသီးသီးပေါ်ထွက်ခဲ့ပြီး ဖြစ်ပါတယ်။ မဟာမြိုင်သို့ သွားရာလမ်းမှာ ပီဿနိုးမယ်တော်နန်းများကိုလည်း တခမ်းတနား တွေ့နိုင်ပါတယ်။ ဆရာတော်ကြီးကတော့ မဟာမြိုင်တောကြီးထဲမှာ ၆ နှစ်ကြာအား ထုတ်အောင်မြင်ခဲ့သမို့ မဟာမြိုင်ရဲ့ တံခါးတစ်ချပ်ကို ဖျပ်ခနဲ ဖွင့်လိုက်ပါလေပြီ။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးနှင့်
# အောင်မြင်တော်မူခြင်းအကြောင်း(၂)


မဟာမြိုင်သို့သွားရာလမ်း သစ်ဖြူတောင်အတက်မှာပင် 'ဗိဿနိုးမယ်တော်နန်း'ကို စတင်တွေ့ရှိကြရပါတယ်။ မယ်တော်နန်းကို ရောက်တာနဲ့ အတက်ကားဖြစ်စေ၊ အဆင်းကားဖြစ်စေ ကားတွေရပ်နားပြီး ဂါရဝပြုတာလည်း ဒီလမ်းခရီး၊ ဒီဒေသရဲ့ ရိုးရာဓလေ့ထုံးစံတစ်ခု ဖြစ်နေပါပြီ။ မယ်တော်နန်းမှာ ပန်း၊ ရေချမ်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်များ ဆက်သကြပြီး ခရီးလမ်းပန်း အဆင်ပြေချောမွေ့ပါစေကြောင်း ဆုတောင်းလေ့ရှိပါတယ်။ မယ်တော်နန်းမှာ အရိုအသေမပြုဘဲ မထိမဲ့မြင်ကျော်လွှားသွားလျှင် ဘယ်လောက်ကောင်းတဲ့ကားဖြစ်ဖြစ် လမ်းမှာ တစ်ခုခုဖြစ်တော့တာပဲလို့ ကားသမားတွေကိုယ်တိုင် ပြောပြပါတယ်။ သစ်ဖြူတောင်ကို ကျော်ပြီးနောက် မဟာမြိုင်တောကြီး အဝင်ဝရောက်တဲ့အခါ ဗိဿနိုးမယ်



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၇) မယ်တော်နန်းအနီးမှငရုပ်တစ်ဆောင်

တော်နန်းများ သုံးလေးခု စီတန်းနေတာ တွေ့ရပါတယ်။ ဒီနေရာမှာလည်း ပန်း၊ ရေချမ်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်တွေ လှူဒါန်းပြီး အရိုအသေပြုတာ တွေ့ရပါတယ်။ ဆိုလိုတာကတော့ မဟာမြိုင်တောကြီးနဲ့ ဗိဿနိုးမယ်တော်ကြီးတို့ အလေးအနက် ဆက်စပ်နေပုံကို သိစေလိုရင်းပါပဲ။

တကယ်တော့ ဗိဿနိုးမယ်တော်ကြီး (ဝါ) ပန်ထွာဘုရင်မရဲ့ နေရင်းဒေသဟာ ယခုတောင်တွင်းကြီးမြို့နေရာဖြစ်လို့ မဟာမြိုင်နဲ့ တောင်တွင်းကြီးနေရာဒေသအားဖြင့် အလွန်အင်မတန်မှ ဝေးကွာလှပါတယ်။ အချိန်ကာလအားဖြင့် ပန်ထွာခေတ်ဟာ ရာဇဝင်များမှာ သက္ကရာဇ် ၁၀၁ ခုက စတယ်လို့ ဖော်ပြထားတဲ့အတွက် ယခုဆိုလျှင် နှစ်ပေါင်းတစ်ထောင်ကျော် ကြာညောင်းဝေးကွာခဲ့ပြီ ဖြစ်ပါတယ်။

ကောဇာတက်လု၊ ရာ့တစ်ခုတွင်

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com





ပုံ(ဂ) မဟာမြိုင်အဝင်ဝလမ်းခွဲတစ်နေရာ

ဇမ္ဗူတန်ဆောင်၊ ဒွတ္တဘောင်နှင့်
ချည်နှောင်မေတ္တာ၊ မယ်ပန်ထွာတို့
နန်းလျာကိုယ်စီ၊ တိုင်းပြည်တည်၍ . . .

*ကုန်းဘောင်ခေတ် ဦးဖျော်ရေး စဉ့်ကူးမင်းချင်းမှ


ဒွတ္တဘောင်မင်းကြီးနဲ့ ပန်ထွာမင်းသမီးတို့ရဲ့ အတိတ်ဇာတ်လမ်းဟာ ပြည်ဖိုးဦးတောင်မှာ ပွေးဖို ပွေးမဘဝနဲ့ စတင်ခဲ့ပါတယ်။ အဲဒီတုန်း ကတည်းက ပွေးဖိုဟာ တစ်ကိုယ်ကောင်းဆန်တတ်တယ်လို့ ဆိုပါတယ်။ သစ်ဥသစ်ဖု အစားကောင်းလေးများရရင် သူပဲအဝစားပြီး အကြွင်း အကျန်ကိုမှ ပွေးမလေး စားရရှာသတဲ့။ တစ်ခါက မုဆိုးတို့ကျင်းကိုလာ ပိတ်ထားစဉ် ဂယ်ပေါက်က လွတ်မြောက်အောင် ထွက်ပြေးတော့လည်း ပွေးဖိုဟာ ပွေးမလေးကို မစောင့်ဘူးတဲ့၊ ထားပစ်ခဲ့တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၉) မဟာမြိုင်လမ်းခရီးတစ်နေရာ
ဦးတင်မောင်ဆွေ၊ မင်းချစ်သူ နှင့် မောင်သွေးချွန်

အရေးအကြီးဆုံးကတော့ . ဖိုးဦးတောင်သို့မြတ်စွာဘုရား ကြွလာစဉ် ပွေးဖိုဟာ သူတစ်ကောင်တည်း ရှေ့က သွားလိုက်ပြီး မြတ်စွာဘုရားကို အလွန်သန့်ရှင်းတဲ့ မြေကျစ် မြေစာတုံးလေး လှူပါတယ်။ အဲဒီမှာလည်း ပွေးမလေးကို အတူခေါ်မသွားပါဘူး၊ ပွေးမလေးခမျာ နောက်ကနေ အမောတကော အပြေးလိုက်လာပြီးမှ ဗုဒ္ဓမြတ်စွာဘုရားကို ဖူးရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ပွေးမလေးရင်ထဲမှာ ပွေးဖိုအပေါ် မကျေနပ်တဲ့ အစိုင်အခဲဟာ အဲဒီအချိန်ကတည်းက သန္ဓေတည်လာပြီး ဘယ်သော အခါမှ မဆုံစည်းရပါလိုဆိုတဲ့ အမုန်းဆုပန်ထွာကာ ပန်ထွာကေရီရယ်လို့ ဖြစ်လာခဲ့တာပါပဲ။

*ဆရာတော်ကြီး ဦးဉာဏ၏ တောင်တွင်းကြီးရာဇဝင်သစ် စာ-၂၉ ၌ ပန်ထွာကေရီဟာ ကဿပဘုရားရှင်လက်ထက်တော်က လက်ျာ



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၁၀) မဟာဗောဓိမြိုင်ဆရာတော်ကြီးမှ
ဆွမ်းအနုမောဒနာတရားဟောကြားစဉ်

တော်ရဲ့ ရဟန္တာအရှင်မြတ်ကြီးကို ပူဇော်ကိုက်လှတဲ့ နွေကာလမှာ ပေရှက် ယပ်တောင်တစ်ခု လှူခဲ့ဖူးတဲ့အတွက် ဒီဘဝ ပန်ထွာကေရီရဲ့(တောင် တွင်းကြီးဒေသမှာ)ပေပင်တွေ အလိုလို ပေါက်လာခဲ့တာတဲ့။ ရှေးကောင်း မှုတွေကို အကြောင်းပြုပြီးတော့သာ ပန်ထွာကေရီရယ်လို့ တခမ်း တနား ဖြစ်လာခဲ့တာ။ ပန်ထွာရဲ့ငယ်ဘဝဟာ တောထဲတောင်ထဲ စွန့်ပယ်ခံဘဝက စခဲ့တာပါ။

တကောင်းပြည်က မျက်မမြင်မင်းသားညီနောင် စူဠာသမ္ဘဝနဲ့ မဟာ သမ္ဘဝတို့ဇာတ်ကြောင်းကိုတော့ ကြားဖူးပြီး ဖြစ်ကြပါလိမ့်မယ်။ သာသနာ သက္ကရာဇ် ၅၉ ခုမှာ သမ္ဘဝ ညီနောင်တို့ကို ဖောင်နဲ့မျှောလိုက်ရာ စစ်ကိုင်း သို့ရောက်တဲ့အခါ မင်းသားညီနောင်ရဲ့ စားမြိန်စာရိက္ခာတွေကို ဘီးလူးမ တစ်ယောက်က ခိုးယူစားသောက်ပါတယ်။ နောက် မင်းသားနှစ်ပါးလ

www.burmeseclassic.com





ပုံ(၁၁) မဟာဗောဓိမြိုင်ဆရာတော်ကြီးအား မောင်သွေးချွန်မှ
ဆွမ်းဆက်ကပ်လှူဒါန်းစဉ်(၁၈-၅-၂၀၀၉)

ဘီလူးမကိုမိတော့ သတ်မယ်လုပ်တယ်။ မသတ်ပါနဲ့တောင်းပန်တော့ ငါတို့ကို မျက်စိကုပေးရမယ်ဆိုတယ်။ ဒီလိုနဲ့ မင်းသားနှစ်ပါး စကျွန်ုနှစ်ကွင်း အလင်းရချိန်မှာ ဘီလူးမမှန်းသိလို့ နှင်ထုတ်လိုက်ကြတယ်။ သို့သော် အထိအတွေ့ဆိုတဲ့ ဖဿအားဖြင့် ဘီလူးမမှာ ကိုယ်ဝန်လွယ်ထားရရှိပြီ။ ဘီလူးမဟာ တောတွင်းတစ်နေရာမှာ ကပ်ရပ်ပြီး သမီးလေးကို မွေးရှာတယ်။ ဘီလူးမ မီးဖွားချိန် ရသေ့တစ်ပါး ရောက်လာတယ်။

'ဒီဘီလူးမ ဘယ်က ကလေးခိုးလာပါလိမ့်'


ရသေ့ကြီးက ဂါထာမန္တန်ရွတ်လိုက်တဲ့အခါ ဘီလူးမ သမီးလေးကို ထားပြီး ထွက်ပြေးရတယ်။ ဒီလိုနဲ့ ဒီသမီးလေးကို ရသေ့ကြီးကပဲ မွေးမြူခဲ့ရတယ်။ သမီးလေးအရွယ်ရောက်လာတော့ ရသေ့နဲ့အတူနေဖို့ မအပ်စပ်တော့ဘူး။ ဒီတော့ ရသေ့ကြီးဟာ မီးမဖုတ်ရသေးတဲ့ ရွှံ့ရေအိုးနဲ့ သမီးလေးကို ရေခပ်ခိုင်းခြင်းဖြင့် ဝေးဝေးနေကြတယ်။ ရွှံ့အိုးဆိုတော့



www.burmeseclassic.com

www.burmeseclassic.com






ပုံ(၁၂) ဗိဿနိုးမယ်တော်(ခ)
ပန်ထွာကောရိ



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၁၃) ပန်ထွာဘုရင်မ၏ ဗိသနိုးမြို့ဟောင်းမှ
အုတ်ကုန်းတူးဖော်ဆဲအားတွေ့ရပုံ

ရေနဲ့ထိတာနဲ့ ပျက်ကွဲတော့တာပေါ့။ ဒီမှာ သမီးလေး ငိုယိုမြည်တမ်းရပြီ ပေါ့။ သမီးလေးရဲ့ငိုသံကို ဒီတောကိုစောင့်တဲ့ ဗိသနိုးနတ်မင်း ကြားသွား တယ်။

ဗိသနိုးနတ်မင်းက ဆင်ခြင်ကြည့်လိုက်တော့ လွန်ခဲ့သော သုံးဘဝက ကေလာသတောင်ထိပ်မှာ ကိန္နရာမင်းကြီးရဲ့ သားသမီးများဘဝနဲ့ မောင်နှမ တော်စပ်ခဲ့ဖူးတာ တွေ့လိုက်ရတယ်။ မောင်နှမတော်ဖူးရုံနဲ့တော့ မကယ်နိုင် သေးဘူး။ ဒီ မိန်းကလေးရဲ့ ရှေးကောင်းမှုကို အကြောင်းပြုပြီးမှသာ ကယ် နိုင်မှာ။ အဲဒီမှာ ကဿပဘုရားရှင်လက်ထက်က လကျာ်ရံ ရဟန္တာ အရှင်မြတ်ကြီးကို ပေယပ်တောင်လှူခဲ့တဲ့ ကောင်းမှုကို ဗိသနိုးနတ်မင်း တွေ့လိုက်ရပြီ။ ဒီကုသိုလ်ကောင်းမှုဟာ ယခု အကျိုးပေးဖို့ အချိန်တန်ပြီ ဆိုတာလည်း နတ်မင်းကြီး သိလိုက်တယ်။ ဒ့ါကြောင့် 'သာသနာတော်နှစ် ၁၀၁ ခု တပေါင်းလပြည့်တွင် ဗိသနိုးနတ်မင်းကြီးက တိုင်းပြည် ထီးနန်း



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၁၄) ပန်ထွာဘုရင်မ၏ ဗိဿနိုးမြို့ဟောင်းမှ
အုတ်တိုက်အဆောက်အဦပေါ်လာပုံ

တည်ထောင်ဖန်ဆင်းပေးသည်'လို့ တောင်တွင်းကြီး ရာဇဝင်သစ် စာ-၁၉ မှာ ဆိုထားပါတယ်။

ယခုတိုင် ဖူးတွေ့နိုင်သော 'ရွှေရောင်တောင်ဘုရား' ကျောက်စာတွင်လည်း 'သာသနာတော်နှစ် ၁၀၁ ခု မဟာ သမ္ဘဝ-ဘီလူးမ ရင်နှစ်သမီးချစ်ကလျာ မိဖုရားမယ်ပန်ထွာ' လို့ ရေးထိုးထားတာ တွေ့မြင်နိုင်ပါသေးတယ်။

'မယ်တော် ဘီလူးမ လာရောက်နေထိုင်စေရန် တစ်ခုသော ကန်တော်ကြီးထောင့်၌ ဂူတည်၍ထားရသည်။ ထို အရပ်ကိုလည်း ဂူအင်းထောင့်ဟူသောအမည်နှင့် ယခုတိုင် ထင်ရှားရှိသေးသည်။ ကျေးဇူးကြီးလှသော ဗိဿနိုးနတ်မင်း နေထိုင်စေရန် မြို့၏အရှေ့တောင်အရပ်တွင် အင်ကြင်း ဥယျာဉ်ပြုလုပ်လျက် ပင့်ဆောင်၍ ကိုးကွယ်သည်။ ထိုအရပ်ကို အင်ကြင်းကုန်းဟု ယခုတိုင် ခေါ်တွင်လျက်ရှိသေးသည်။ အဘရသေ့ကြီး နေထိုင်စေရန်ကား ရွှေရောင်တောင်ဘုရားကြီး၏အနီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသင်္ခမ်းဆောက်လုပ်၍ ပေးရသည်။ ပန်ထွာမင်းသမီးသည် သာသနာနှစ် ၆၀ ပြည့်နှစ်မှာဖွား၍ ထီးနန်းတည်ထောင်သောအခါ အသက် ၄၁ နှစ်ရှိပြီး အဆင်းရူပကာယ အလွန်လှပသဖြင့်. . '
*၁၉၉၉ ထုတ် ဆရာတော်ဦးဉာဏ တောင်တွင်းကြီးရာဇဝင်သစ် စာ-၂၂ ရှု

အဲဒီအချိန်မှာပဲ ပြည်-သရေခေတ္တရာမှာ ဘုန်းလက်ရုံး အာဏာကြီးမားလှတဲ့ ဒွတ္တဘောင်မင်းကြီး ဝိုးစံလျက်ရှိပါတယ်။ ဒွတ္တဘောင်မင်းကြီးဟာ တိုင်းနိုင်ငံ စည်ပင်သည်ထက် စည်ပင်အောင် ဩဇာခံမြို့ရွာအနှံ့ အခွန်အတုပ်များကောက်ခံခဲ့ရာ ပန်ထွာပြည်(ဝါ) ဗိဿနိုးမြို့သို့လည်း သွားရောက်ပြီးတော့ အခွန်ကောက်ပါတယ်။ ပန်ထွာဟာ သရေခေတ္တရာရဲ့ လက်အောက်ခံမဟုတ်၊ ထီးပြိုင်နန်းပြိုင်သာဖြစ်ပါတယ်။ ဒီလို လာရောက်အခွန်ကောက်တာ စော်ကားတာပဲဆိုပြီး တမန် ၂ ဦးကို ဖမ်းဆီးပြီး သတ်မယ်လုပ်ပါတယ်။ ဘုရားသေ့ မေတ္တာရပ်ခံလို့သာ တမန်တွေ ချမ်းသာရာရသွားတာ။ သရေခေတ္တရာပြန်ရောက်တော့ ပန်ထွာကိုတိုက်သိမ်းယူသင့်ကြောင်း ကုန်းချောတော့တာပေါ့။ ဒွတ္တဘောင်မင်းကြီးလည်း ဒေါသထွက်ပြီး ပန်ထွာဆီ စစ်ချီပါတော့တယ်။ ပန်ထွာကေရီလည်း ကျနသေချာစွာစစ်ပြင်၍ ဒွတ္တဘောင်တပ်များကို ရင်ဆိုင်ပါတယ်။


ဒွတ္တဘောင်တပ်များ ရန်ပယ်ချောင်းအနီးရောက်တဲ့အခါ 'နတ်တို့အထူးစီမံဆက်သထားသော 'အတုလစည်တော်ကြီး'ကို တီးခတ်လိုက်ပါတယ်။ ဒီစည်တော်ကြီးဟာ အလျား ၁၂ တောင်၊ လုံးပတ် ၁၈ တောင်ရှိပြီး စည်တီးသံကို သုံးယူဇနာက ကြားနိုင်တယ်ဆိုပါတယ်။ အထူးသဖြင့် ဒီလို စစ်ဖြစ်ချိန်မှာ စည်တီးလိုက်ပါက ရန်ပယ်ချောင်းအတွင်း ရေတွေ ဒလဟောစီးဆင်းကာ လှိုင်းတံပိုးတွေ ထကြွမြည်ဟည်းပြီး ရန်သူတွေကို ချောက်ချားစေတယ်လို့ ဆိုပါတယ်။ ဒွတ္တဘောင်တပ်များဟာ



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၁၅) ပန်ထွာဘုရင်မ၏ ဗိဿနိုးမြို့ဟောင်းမှ
လူအရိုးစုပေါ်လာပုံ

ရန်ပယ်ချောင်းကို မကူးနိုင်၊ ရေထဲမျောပါ အကျအဆုံးများပြား၊ တပ်ပြန်ခေါက်သွားရတာချည်းပဲတဲ့။

အဲဒီမှာ ဒွတ္တဘောင်ဟာ ပညာရှိအမတ်တွေနဲ့တိုင်ပင်ပြီး ပန်ထွာကို လုပ်ကြံဖို့ စီမံပါတော့တယ်။ ပန်ထွာဟာ ရသေ့ ရဟန်းတွေကို ကြည်ညို တတ်တာကြောင့် သရေခေတ္တရာက အမတ်တစ်ဦးကို ရသေ့ရဟန်း အသွင် သက်န်းဆင်လျက် ဗိဿနိုးမြို့ဆီ စေလွှတ်လိုက်ပါတယ်။ အမတ် ရှင်ယောင်နဲ့အတူ သူခိုးနှစ်ယောက်ကိုလည်း ထည့်ပေးလိုက်ပါတယ်။ သူတို့ဟာ ဘရသေ့ကိုမိတ်ဖွဲ့ကာ ဝတ်ကြီးဝတ်ငယ်ပြုလျက် အယုံသွင်းပြီး နေခဲ့ပါတယ်။ သူခိုးနှစ်ယောက်က ဗိဿနိုးမြို့ထဲက ကျွဲနွားတို့ကိုခိုးပြီး သင့်ရာမှာ ဝှက်ထားပါတယ်။ ကျွဲပျောက်၊ နွားပျောက်လာမေးသူတွေကို ရှင်ယောင်က ဗေဒင်တွက်ဟန်ပြုပြီး ဘယ်မှာရှိတယ်ဆိုတာ အတတ်ဟော ပါတယ်။ ဒီလိုနဲ့ ရှင်ယောင်ဟာ ဗေဒင်ယတြာတော်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၁၆) ပန်ထွာဘုရင်မ၏ ဗိဿနိုးမြို့ဟောင်းမှ
မြောက်ဖက်မြို့ဝင်ပေါက်ပေါ်လာပုံ

ပန်ထွာဧကရီဆီ သတင်းပေါက်ကြားသွားပြီး နန်းတွင်းအရောက် မင်းပေါက်စိုးပေါက်ဘဝသို့ ရောက်သွားပါတော့တယ်။

'ဧကရီအရှင်မ ယခုထိ ဘုန်းကြီးမယ့် နိမိတ်လက္ခဏာ မြင်နေပါတယ်။ ဟောဒီစည်တော်ကြီးရဲ့သားရေတွေလဲပြီး ကျက်လိုက်ရရင် ယခုထက်ပိုပြီး စစ်အောင်နိုင်ရေး စိတ်ချရပါလိမ့်မယ်'

ကြမ္မာငင်ချိန်မှာ လုပ်မိသမျှ အမှား၊ လားရာကား ပျက်စီးခြင်းသို့သာ။ ရှင်ယောင်စကားယုံမိလို့ အတုလစည်တော်ကြီး သရေအသစ်လဲပြီးချိန်မှာ တော့ ဒွတ္တဘောင်တပ်တွေ စစ်ချီလာခဲ့ကြပြီလေ။ ရှင်ယောင်လည်း နန်းတွင်းမှာ မရှိ တော့။ ပြေးလေပြီ။ စည်တော်ကြီး တီးပါသော်လည်း ရန်ပယ်ချောင်းမှာ ရေတစ်ပေါက်ထွက်မလာ၊ ဒီလိုနဲ့ ပန်ထွာပြည် (ဝါ) ဗိဿနိုးမြို့တော်ကြီးကျဆုံးကာ ပန်ထွာဧကရီလည်း ဒွတ္တဘောင်လက် သက်ဆင်းရတော့သည်သာ။

'ပန်ထွာပြည် ဗိဿနိုးမြို့ကြီး ပျက်စီးခြင်းသို့ရောက်သော နှစ်သက္ကရာဇ်



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၁၇) ပန်ထွာဘုရင်မ၏ ဗိဿနိုးမြို့ဟောင်းမှ
တံဆိပ်ထိုးထားသောရွှံ့တုံး

ကား ၁၀၈ ခုနှစ် ဖြစ်သည်'လို့ တောင်တွင်းကြီး ရာဇဝင်သစ်မှာ မှတ်တမ်းတင်ထားပါတယ်။

ပန်ထွာကေရီဟာ သရေခေတ္တရာမှာ မိဖုရားအရာထားပြီး ရွှေနန်းတောင်များဖြင့် စံမြန်းခွင့်ရပါသော်လည်း လုံးဝမပျော်။ ဒွတ္တဘောင်မင်းကြီးကိုလည်း မေတ္တာသက်ဝင် မချစ်ခင်နိုင်။ ပွေးဖို့ပွေးမဘဝက



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၁၈) ပန်ထွာဘုရင်မ၏ ဗိဿနိုးမြို့ဟောင်းမှ
ကိန္နရီရုပ်တု



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၁၉) ပန်ထွာဘုရင်မ၏ ဗိဿနိုးမြို့ဟောင်းမှ
ချွန်းတောင်းနှင့်စကြာပုံပါသော ကျောက်ပြားငယ်

ယူဆောင်လာသော နာကျည်းမုန်းတီးမှုတွေက စိတ်မှာဖိစီးလျက်၊ ဒွတ္တဘောင်မင်းကြီး ပျက်စီးကြောင်းကိုသာ အစဉ်ကြံစည်လျက်၊ ချစ်ယောင်ဆောင်မုန်းသူသက်သက်သာ။ ဒွတ္တဘောင်မင်းကြီးရဲ့ ဘုန်းတန်ခိုးသင်္ကေတ မျက်ရှင်တော်ကွယ်စေဖို့ ယုတ်ညံ့စွာ စီရင်အပ်သော မျက်နှာသုတ်ပဝါကို ချစ်ဟန်ဆောင်ဆက်သလိုက်ပါတယ်။ အဲဒီမှာ မင်းကြီး အလွန်တန်ဖိုးထားတဲ့ မျက်ရှင်တော်ကွယ်ကာ ဘုန်းတန်ခိုးအသရေတော်တွေ တစ်နေ့တခြား ဆုတ်ယုတ်ပျက်ပြားခဲ့ရပါလေရောတဲ့။

ပန်ထွာမှာ ဒွတ္တဘောင်နဲ့ရခဲ့တဲ့သား ဒွတ္တရာဇ်ကို စွန့်ခွာ ထားပစ်ခဲ့ကာ သရေခေတ္တရာရဲ့အားနည်းချက်တွေကို အခွင့်ကောင်းယူပြီး ထောင်ထားခြားနားပါတော့တယ်။ အမုန်းစစ်ပွဲကို ဆက်လက်ဆင်နွဲတဲ့ပန်ထွာဟာ ဒွတ္တဘောင်လက်က လွတ်ခဲ့ပေမယ့် ဗိဿနိုးကိုလည်း လက်ရမသိမ်းနိုင်ခဲ့ပါဘူး။

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဒွတ္တဘောင်တပ်တွေ လိုက်တိုက်လို့ တပ်ဆုတ်ရင်းသာ ခုခံကာကွယ်ခဲ့ရတယ်။ ပန်ထွာရဲ့အနားမှာ အမြဲတမ်းစောင့်ကြပ်ကာကွယ်ခဲ့တဲ့ သက်တော်စောင့်တပ်မှူးလေးနဲ့လည်း ပန်ထွာတို့ ချစ်ကြိုးသွယ်နှောင်မိကြတယ်လို့ ဆိုပါတယ်။ တပ်မှူးလေးကား တာဝန်အရ လက်ထဲမှာဓားကိုင်ထားရသော်လည်း ရင်ထဲမှာတရားကိန်းနေသူပီပီ . . ရန်သူတို့ကို မသတ်၊ ကာကွယ်ချောက်လှန့်ရုံမျှသာ၊ နောက်ဆုံးမှာတော့ တပ်မှူးလေးလည်း တိုက်ပွဲကျကာ ပန်ထွာသာလျှင် ရွှေရင်ကွဲ လျက် ဝေးသထက်ဝေးရာ ရန်သူတို့လက်မှလွတ်ရာ ပြေးခဲ့လေရာ မိမိတပ်များနဲ့အတူ မဟာမြိုင်တောကြီးဆီ ရောက်ခဲ့ပါလေပြီ။

ပန်ထွာ၏တပ်များက ပလ္လင်တောင်ကို အကာအကွယ် ပြုကာ ဒွတ္တဘောင်တပ်များကို ခုခံခဲ့ပါတယ်။ မိမိတို့ချစ်မြတ်နိုးလှသော အရှင်သခင်မပန်ထွာကိုလည်း လုံခြုံဘေးကင်းရာ မဟာမြိုင်တောနက်ကြီး၏အလယ် ချက်မရေမှာ ဝှက်ထားကာ ခေါင်နန်းဖြင့် စံမြန်းစေခဲ့ပါတယ်။ လမ်းပန်းဟူ၍ မရှိလောက်အောင် တောနက်ခြင်း၊ စားရေရိက္ခာပြတ်လပ်ရှားပါးခြင်း၊ ရာသီဥတုဒဏ် ပြင်းထန်ခြင်း၊ အဖျားအနာပေါ်ခြင်း၊ သားရဲတိရစ္ဆာန်များ၏ရန်ရှိခြင်းတို့ကြောင့် ဒွတ္တဘောင်တပ်တို့ကြာကြာမတိုက်နိုင်။ မဟာမြိုင်မှဆုတ်ခွာခဲ့ကြကာ ပန်ထွာလည်း သေလေပြီ၊ ပန်ထွာတပ်များကိုလည်း ချေမှုန်းခဲ့ပြီလို့ မင်းကြီးကို လိမ်လည်လျှောက်ထားခဲ့ပါတယ်။

ပန်ထွာနှင့်သူ့တပ်ဖွဲ့များအတွက်ကား မဟာမြိုင်တောကြီးသည် ဘေးကင်းလုံခြုံရာဖြစ်သောကြောင့် 'အလုံတပ်မြို့' လို့ တင်စားခေါ်ဝေါ်ခဲ့ကြပါတယ်။ (မဟာမြိုင်အဝင်ဝ ဗိဿနိုးမယ်တော်နန်းတွင် အလုံတပ်မြို့ဟု ကမ္ပည်းရေးထိုးထားသော ဓာတ်ပုံကိုကြည့်ပါ။) သို့သော် သူတို့လည်း ဘာသားနဲ့ထုထားသူတွေမို့လဲ။ သွေးနဲ့သားနဲ့ ရုပ်နဲ့နာမ်နဲ့ လူသားတွေပဲ။ ဒွတ္တဘောင်လက်က ပြေးလို့လွတ်ပေမယ့် အိုနာသေဘေး



www.burmeseclassic.com

www.burmeseclassic.com



က ပြေးမလွတ်ပါ။ ပန်ထွာကေရိလည်း ရွှေပြည်သရေခေတ္တရာမှာ ဒွတ္တဘောင်မင်းကြီးနဲ့ရခဲ့တဲ့ သားလှရတနာ ဒွတ္တရာဇ်ကို လွမ်းပါလှတယ်။ ပြီးတော့ မြန်မာပြည်အလယ်ပိုင်းမှာ ကျဆုံးခဲ့တဲ့ ချစ်သူတရားသမား တပ်မှူးလေးကိုလည်း လွမ်းပါလှတယ်။ ပန်ထွာကလွမ်းနေသည့်တိုင် သားဒွတ္တရာဇ်ကား အချစ်တွေ အလွမ်းတွေ အမုန်းတွေအားလုံးကို အနိုင်ယူကာ ထီးနန်းစည်းစိမ်ကိုစွန့်လွှတ်ကာ တရားကျင့်ခဲ့လေသဖြင့် လောကမှ လွန်မြောက် လောကုတ္တရာရောက်သူ တရားရှင်စစ်စစ် ဖြစ်ခဲ့လေပြီ။

ပန်ထွာသည် မိမိ၏ကျဆုံးမှုကို အရင်းမူလကို ပြန်သုံးသပ်ရာ သက်န်းဝတ်ထားသော ရဟန်းတု ရဟန်းယောင် ရှင်ယောင်ကိုသာ မုန်းတီးခါးသီးစွာ မြင်ယောင်နေမိလျက် မိမိ၏ ကြည်ညိုသဒ္ဓါတရားကို စော်ကားဖျက်ဆီးခဲ့သော ရှင်တုရှင်ယောင်ကိုသာ မြင်ယောင်နာကျည်းနေလျက်ဖြင့်. .

ဩော်. . လောကမှာ ဖျက်ဆီးတတ်သော ရှင်တု ရှင်ယောင်တို့ရှိသကဲ့သို့ တရားထူး တရားမြတ်ကို ရအောင် ယူပြသွားသော မိမိသားအရင်း ဒွတ္တရာဇ်လို အရှင်ကောင်း အရှင်မြတ်တို့သည် ရှိလေသေးသည်တကား။ လက်ကဓား ကိုင်ထားသည့်တိုင် တရားဖြင့်သာ ရန်သူကို ရင်ဆိုင်ကျဆုံးခဲ့သော ချစ်သူတပ်မှူးလေးကဲ့သို့သော ယောကျာ်းကောင်း၊ ယောကျာ်းမြတ်တို့သည် လောကမှာ ရှိလေသေးသည်တကား။

သို့သော် ပန်ထွာ၏ဘဝနှင့် နှလုံးသားတို့သည် တမွမွ ကွဲကြေနေခဲ့ရပါပြီ။ သူ့နောက်လိုက်များလည်း သစ်ရွက်ကြွေတွေလို တဖြည်းဖြည်း တဖြုတ်ဖြုတ်ကြွေလျက် ရှိလေပြီ။ သူလည်း. . တစ်နေ့. . အဲဒီတစ်နေ့ဆီ မရောက်မီ သယ်ဆောင်လာသမျှ အဖိုးတန်ရတနာပစ္စည်းတွေကို အရိမေတ္တေယျဘုရားရှင်အား ဤမဟာမြိုင်တောကြီးမှ လှူဒါန်းခဲ့ပါသည်။ အဲဒီနောက်. . အဲဒီနောက်တော့ ပန်ထွာဆိုတဲ့ လူသားသစ် ရွက်ကလေးဟာ မဟာမြိုင်တောကြီးမှာ ကြွေလွင့်ခဲ့ရပါပကော။ သူ့ရဲ့နောက်လိုက်နောက်ပါ



www.burmeseclassic.com

www.burmeseclassic.com



များလည်း ဘဝခန္ဓာ ကြွေပြတ်ကာ ဒီမဟာမြိုင်တောကြီးမှာပဲ ပရလောက သားများအဖြစ် နှစ်ပရိစ္ဆေဒကြာမြင့်စွ ကျင်လည်ခဲ့ရရှာပါတယ်။ သူတို့ စိတ်ထဲ စွဲနေတာက သူတို့ ဒီလိုဘဝဆိုးရောက်ရတာ၊ ပန်ထွာရွှေပြည် ဗိသနိုးမြို့ကြီး ပျက်စီးရတာ ရှင်တု ရှင်ယောင်ကြောင့်ဖြစ်တယ်ဆိုတာပါပဲ။ ဒါကြောင့် ဒီတော ဒီတောင်ကိုလာပြီး တရားကျင့်တဲ့ ရသေ့ရဟန်းများဟာ ရဟန်းအစစ် ဟုတ်မဟုတ် စမ်းသပ်လေ့ရှိကြပါတယ်။ အမျိုးမျိုး နှောက် ယှက်ဟန့်တားကြလေ့ ရှိပါတယ်။ ရဟန်း သံဃာများကို ခုနစ်ရက်သာ အားထုတ်ခွင့်ပေးပြီး ရှစ်ရက်မြောက်နေ့မှာ သက်နှမချွတ်ရင် (ဝါ) ရဟန်း အသွင်မပြောင်းရင် မဟာမြိုင်တောစိုးနတ်တွေက ပျားပိတုန်းယောင် ဆောင်ပြီး တုပ်ကြတော့တာပဲတဲ့။ အင်မတန် အဆိပ်ပြင်းလို့ ဆေး မမီ ဘူးလို့ဆိုကြလေရဲ့။ နတ်ကျားနတ်ဆင်အသွင်နဲ့ ချောက်လှန့်တတ်တာ တွေလည်း ရှိသေးသတဲ့။

ဒီတော့ မဟာမြိုင်တောကြီးမှာ ဆက်လက်အားထုတ်ချင်ရင် ရဟန်း အသွင်ကို စွန့်ပြီး ရသေ့လိုလို ဖိုးသူတော်လိုလိုနဲ့ ဆက်ကျင့်ရသတဲ့။ ဒါလည်း အင်မတန် ဇွဲသတ္တိကောင်းပါမှ အောင်မြင်နိုင်တာပါ။ တောရှုးလို့ ဆုတ်ခွာ လာရသူတွေ များလှချည့်။ အောင်မြင်သူတွေ ရှိကောင်းပေမယ့် လက်ချိုး ရေတွက်လို့ရအောင် နည်းပါးလှတယ်။ ကျွန်တော်တို့ သိသလောက် ကိုလို နီခေတ်မှာ

၁။ မင်းတုန်းမင်းကြီးရဲ့မြေးတော် မဟာမြိုင်ဘုန်းဘုရားကြီး အရှင် စန္ဒာသူရိယ

၂။ ပြည်ဝေပုလ္လာရာမဆရာတော်ကြီးရဲ့ ငယ်ဆရာ ရွှေဥမင်ဆရာတော် ဘုရားကြီး

တို့ဟာ မဟာမြိုင်တောကြီးမှာ ၇ နှစ်ကြာအားထုတ်အောင် မြင်ခဲ့တဲ့ အာဇာ နည်ရဟန်းသံဃာ ၂ ပါး ဖြစ်ပါတယ်။ (အဲဒီ ဆရာတော်ကြီး ၂



www.burmeseclassic.com

www.burmeseclassic.com



ပါးအကြောင်းကိုလည်း ဆက်လက်တင်ပြ သွားပါမယ်)

အဲဒီလို ကြမ်းတမ်းခက်ထန်လှတဲ့ မဟာမြိုင်တောကြီးဆီ ကျွန်တော်တို့ရဲ့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးဟာ ၁၃၆၅ ခုနှစ် နှောင်းတန်ခူး လဆန်း ၈ ရက် (၂၀၀၃ ဧပြီလ) ညနေ ၄ နာရီ ၁၀ မိနစ်တိတိမှာ ရောက်ရှိခဲ့ပါတော့တယ်။

*အံ့စာကိန်းပြီ အငြိမ်းဆီ*

*ကိန်းမှီ မဟာမြိုင်*

*တာကူးရှစ်ဆန်း ဟိုင်းဆင်ဖမ်း*

*ခေါင်းနန်းပလ္လင်ထိုင်*

*နေမဝင်မီ လေးနာရီ ကိန်းပြီ မြဂနိုင်။*

အံ့စာသိမ်းပြီဆိုတဲ့ နံသင့်ဂဏန်းများကို ယူလိုက်ရင် (အံ့=၁) (စာ=၃) (သိမ်း=၆) (ပြီ=၅)ဖြစ်ရာ မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ်ဟာ ဆရာတော်ကြီး မဟာမြိုင်တောသို့ ရောက် ရှိတဲ့နှစ် ဖြစ်ပါတယ်။ တာကူးဆန်းကတော့ နှောင်းတန်ခူး လဆန်း ၈ ရက်။ ဟိုင်းဆင်ဖမ်းဆိုတာက ညနေ ၄ နာရီ ရာဟုအချိန်၊ ခေါင်နန်းဆိုတာက မဟာမြိုင်သို့သွားရာလမ်း၊ ပလ္လင်က စခန်းရဲ့အမည် ဖြစ်ပါတယ်။

အံ့စာဆိုတာ သုံးပုံဖဲကစားသမားတို့ သုံးတဲ့ပစ္စည်း. . ။

မဟာဗောဓိမြိုင်ဆရာတော်ကြီးက ရဟန်းဘဝ ရောက်ပါပြီဆိုကတည်းက တောထွက်ပြီးကျင့်ခဲ့လေရာ မြန်မာပြည် အရပ်ရပ် တောတောင်ပေါင်းများစွာမှာ လှည့်လည်အားထုတ်ခဲ့တာမို့ 'တောကစား'တယ်လို့ တင်စားခေါ် ဆိုနိုင်ပါတယ်။ ယခု မဟာမြိုင်ရောက်တဲ့အခါ 'အံ့စာသိမ်းပြီ'လို့ ဆိုထားတဲ့အတိုင်း 'တောကစားတာကို ရုပ်သိမ်းလိုက်ပြီ' (ဝါ) တော မကစားတော့ဘူး (ဝါ) နောက်ထပ် တောမပြောင်းတော့ဘူး မဟာမြိုင် သည် နောက်ဆုံးစခန်း၊ နောက်ဆုံးတောရအဖြစ် ကြေညာလိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။

'မဟာမြိုင်တောကြီး တောကြမ်းတယ်ဆိုတာကတော့ တကယ် အမှန်ပဲ၊ တို့တောင်မှ ဒီတောကို နောက်ဆုံးတောအဖြစ် တောဝါ အတော် ကလေးရင့်မှ ဝင်လာခဲ့တာ။ ရှေ့က တောပေါင်း ၂၀ လောက်ဟာ မဟာမြိုင်တောကိုဝင်ဖို့ လေ့ကျင့်ခန်းဆင်းခဲ့ရသလိုပဲ။ ဘယ်လောက်ပဲ ကြမ်းတမ်းပါစေ. . ဘုရားပေးထားတဲ့ ပါရမီဆယ်ပါးလက်နက်ကြီး ဆယ် မျိုးရှိနေတာပဲ။ ဘာကြောက်စရာလိုသလဲ'လို့ ဆရာတော်ကြီးက တော အဝင်မှာ ကေသရာဇာခြင်္သေ့မင်းတို့ရဲ့ ရဲတင်းခြင်းမျိုးနဲ့ မိန့်ကြားသွား ခဲ့ပါတယ်။

ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးဟာ မဟာမြိုင် တောကြီးဆီသို့ ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာ တောတောင်အတွင်းရှိ ကျော်တောရွာ စံရိပ်ငြိမ်ကျောင်းမှ လှမ်းကြွတော်မူလာခြင်း ဖြစ်ပါတယ်။

ဆရာတော်ကြီး ကြွလာချိန်မှာ အလွန်ကံကောင်း ထောက်မစွာပဲ ကျွန်တော်တို့ဟာ မုံရွာမြို့မှာ ရောက်ရှိနေခဲ့ ပါတယ်။ ကျွန်တော်တို့ဆိုတာ

ဗိုလ်မှူးမြသန်းစံ (ငြိမ်း)

ဗိုလ်မှူးကြည်စိုးဝင်း

ကပ္ပတိန်ကြည်ရှိန်(အိုမစ်မြန်မာကုမ္ပဏီ)နှင့်

မောင်သွေးချွန်. . တို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းအထိ သွား ရောက်ပြီး ဆရာတော်ကြီးကို ကြိုဆိုခွင့်ရခဲ့ပါတယ်။ ဆရာတော်ကြီး နတ် တလှူတောရမှ ထွက်ခွာသွားသည့် ၁၉၉၉ ခုနှစ်ကတည်းက ဖူးခွင့်မရဘဲ ရှိခဲ့လေရာ လေးနှစ်ကြာပြီးမှ ပထမဆုံးအကြိမ် ပြန်လည်ဖူးမြော်ခွင့် ရတာဖြစ်လို့ အလွန်ပဲ ဝမ်းမြောက်နေကြပါတယ်။ ကျွန်တော် နှင့် ဆရာမြသန်းစံတို့က ဆရာတော်ကြီးရဲ့ တပည့်ဟောင်းများဖြစ်ကြပြီး



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြည်စိုးဝင်းနဲ့ ကပ္ပတိန်ကြည်ရှိန်တို့က ယခုမှ ဖူးကြရမှာမို့ အလွန် ပဲစိတ်လှုပ်ရှားနေကြပါတယ်။ သူတို့နှစ်ဦးလုံးဟာ မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးရဲ့ ကျမ်းစာအုပ်များ ပုံနှိပ်ထုတ်ဝေရေးမှာ စေတနာ သဒ္ဓါတရား ပြည့်ဝစွာ ပါဝင်ကူညီနေသူများ ဖြစ်ကြပါတယ်။

'ဟဲ့. . သူခိုးတွေ၊ ခိုးကြောင် ခိုးဝှက်လာဖူးကြတာ'

ဆရာတော်ကြီးက ရယ်ရွှန်းပတ်ရွှန်း နှုတ်ဆက်ပါတယ်။ ကျွန်တော်တို့ကတော့ နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ ကိုယ့်အဖေကို ပြန်တွေ့လိုက်ရတဲ့ ကလေးငယ်များလိုပါပဲ။ ဆရာတော်ကြီးရှေ့မှောက် ရောက်ပြီဆိုတာနဲ့ ကျွန်တော်တို့အားလုံး ပီဘိကလေးငယ်တွေ ဖြစ်ကုန်ကြတာပါပဲ။

အဲဒီမှာ ကြေးစင်တောင်မှာ အင်ဂျင်နီယာတာဝန်ထမ်းဆောင်နေတဲ့ ဦးကျော်ကျော်က တရားချီးမြှင့်ဖို့ လျှောက်ထားပါတယ်။ ဆရာတော်ကြီး ပုံတောင်ပုံညာတောထဲအဝင် လွန်ခဲ့တဲ့လေးနှစ်လောက်ကတည်းက အလျှဉ်းသင့်ရင် တရားချီးမြှင့်ဖို့ ဦးကျော်ကျော်က ကြိုတင်လျှောက်ထားခဲ့တာပါ။ အခုလည်း ဦးကျော်ကျော်က မှတ်မှတ်ရရ ဖွဲ့ကောင်းကောင်းနဲ့ တရားတောင်းနေချေပြီ။

ဒါ့ကြောင့် ၁၃၆၅ ခု တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့ နေ့ ၁ နာရီအချိန်မှာ ကြေးစင်တောင် ကြေးထုတ်လုပ်ရေးစခန်းမှာ တစ်ထောက်နားပြီး ဆရာတော်ဘုရားကြီး တရားဟောခဲ့ရပါတယ်။ ကြေးကို အသံထွက် အားဖြင့် 'ကြီး'လို့ထွက်ပါတယ်။ ဥပမာ ကြေးစည်ကို ကြီးစည်လို့ အသံထွက်ပုံမျိုးပါ။ ဆရာတော်ကြီးက ကြေးစင်တောင်တရားနာပရိသတ်ကို ကျီးသိုက်ထဲက ကျီးကလေးတွေအဖြစ် တင်စားဟောကြားခဲ့တာလည်း နားထဲက မထွက်တော့ပါ။

တရားပွဲပြီးတော့ ကြေးစင်တောင်အနှံ့ ကားနဲ့လှည့်လည် ပြီး ဆရာတော်ကြီးက မေတ္တာပွားပို့ပေးခဲ့ပါတယ်။ မုံရွာသို့ ညနေ လေးနာရီ



www.burmeseclassic.com

www.burmeseclassic.com



လောက်မှာ ရောက်ပါတယ်။ မြန်မာ့သစ်လုပ်ငန်းက မန်နေဂျာကြီးဦးတင်စိုးရဲ့တိုက်သစ်မှာ နားနေသီတင်း သုံးပါတယ်။ ပရိသတ်တွေ ဘယ်ကဘယ်လို သတင်းရသွားသည်မသိ။ တိုက်ပြုလုမတတ် တရစပ် (ဒလစပ်) လာရောက် ဖူးမြော်ကြပါတယ်။ ကပ္ပိယဆရာဝန်နှစ်ဦး ဒေါက်တာအိုကော နဲ့ ဒေါက်တာသန်းထွေးအောင်တို့ အတော်လေး ထိန်းထိန်းသိမ်းသိမ်း လုပ်ပေးခဲ့ရပါတယ်။

နောက်တစ်နေ့ ၁၃၆၅ ခု တန်ဆောင်မုန်းလဆန်း ၈ ရက် နံနက် စောစောမှာတော့ မဟာမြိုင်ဆီ ခရီးဆက်ဖို့ အားလုံး အဆင်သင့်ဖြစ်နေပေပြီ။ ဆရာတော်ကြီးကို ဖူး၍မဝသော ဖူးမြော်ခြင်းဖြင့် ဖူးလိုက်ကြပါတယ်။

'ကျွန်တော် လိုက်သွားမယ်၊ ဆရာတော်ကြီးကိုလျှောက် ပြီးပြီ ဆရာတော်ကြီးကလည်း ခွင့်ပြုတယ်။ သီတင်းကျွတ် အထိဆိုရင် ခြောက်လ အနည်းဆုံးကြမယ်။ ကိုသွေးချွန် အပ္ပမာဒမှာ မပြတ်ရေးပါ'စသည်ဖြင့် ဆရာမြသန်းစံက ကျွန်တော့်ကို နှုတ်ဆက်မှာကြားနေသည်။

'စိတ်ချပါ၊ ဆရာတော်ကြီးအနားမှာ နေခွင့်ရတုန်း အောင်မြင်အောင်အားထုတ်ပါ'လို့ ကျွန်တော်က တိုက်တွန်း နှုတ်ဆက်လိုက်ပါတယ်။ လမ်းပေါ်မှာ ပါဂျဲရိုး၊ ဆာ့ဖ်၊ ဟိုင်းလပ် စသော ကားအကောင်းစားကြီးများ အဆင်သင့် ဖြစ်နေပြီ။ ကားပေါ် ပစ္စည်းတွေတင်နေပြီ။ ထိုစဉ်

'ဒိန်း'

ပေါက်ကွဲသံကြီးပေါ်လာတော့ 'ဘာဖြစ်တာလဲ' စုံစမ်း လိုက်တော့ ကားဘီးပေါက်တာတဲ့။ ကားကြွခိုင်ရေး သေသေချာချာ စစ်ဆေးထားတဲ့ ရပ်ထားတဲ့ ပါဂျဲရိုးကားကြီးဆီက ဘီးပေါက်တာတဲ့။ မကြုံစဖူး ထူးကဲလှပါလား။ မဟာမြိုင်သို့မရောက်သေး၊ မဟာမြိုင်သွားမည်ဟု ကားခေါင်းကို ဦးတည် ကာရှိသေး၊ ရပ်ထားတဲ့ကားက ဘီးပေါက်ရသတဲ့။ ဩော်. .



www.burmeseclassic.com

www.burmeseclassic.com



မဟာမြိုင်. . မဟာမြိုင်၊ ဟိတ်ကြီးလှတဲ့ မဟာမြိုင်ပါတကား။

ဒီလိုနဲ့ နံနက် ၆ နာရီမှာ ကျေးဇူးရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးနဲ့ လိုက်ပါပို့ဆောင်သူများဟာ မဟာမြိုင်ဆီ ဦးတည်ထွက်ခွာသွားကြပါပြီ။ ပလလဲတောမှ ဘုရားရှင် ထွက်ခွာကြွမြန်းသည်ကို မျက်စိတဆုံး ငေးမျှော်ကျန်ရစ်ခဲ့သော ပလလဲဆင်မင်းပမာ ကျွန်တော်တို့သုံးယောက် ဆိုးနစ်လှိုက်မောစွာ ကျန်ရစ်ခဲ့ပါတယ်။

ရန်ကုန်ပြန်ရောက်ပြီး အလုပ်ကြွေးများ၊ ညှော်ကြွေးများ ကုန်းဆပ်ပြီး တစ်နေ့မှာ အပ္ပမာဒမဂ္ဂဇင်းတိုက်ရှိရာ မြောက်ဒဂုံသို့ ထွက်ခဲ့ပါတယ်။ တိုက်ရှေ့ရောက်တာနဲ့ ဒေါ်သိဂီမိုးကို အသင့်တွေ့ရပါတယ်။

'ဆရာပါလား၊ မလာတာကြာပြီနော်၊ အိမ်က ဗိုလ်မှူးလည်း ပြန်ရောက်နေပြီ။ ဆရာ့ဆီ ဖုန်းဆက်မယ်ပြောနေတာ၊ အတော်ပဲ လာ. . လာ၊ အပေါ်မှာ၊ တက်သွားဆရာ'

ဆရာမြသန်းစံက အိမ်ပေါ်လှေခါးထိပ်က ထွက်ကြို နေပါတယ်။

'နေကောင်းရဲ့လား'

'သိပ်မကောင်းဘူး၊ ဒီမှာ လက်ကိုသာကြည့်တော့ဗျာ'

သူ့လက်ဖျံမှာ ဗျားတုပ်ထားလို့ ရောင်ကိုင်းနေတာ တွေ့ရပါတယ်။

'တောင်တန်းဆရာတော်ကြီးပြောတဲ့ နတ်ဖျားတွေလား'

ကျွန်တော်က ရယ်ရယ်မောမော စကားစလိုက်ပါတယ်။

'နတ်ဖျားတွေတော့ ဟုတ်ဟန်မတူပါဘူး။ သဘာဝဖျားတွေပဲဖြစ်မှာပါ။ ဒါပေမဲ့ ဖျားတွေက များလွန်းတယ်ဗျာ။ ထမင်းစားတာတောင် ခြင်ထောင်ထဲဝင်စားရတယ်။ ကန်တော့ပါရဲ့၊ အိမ်သာထဲလည်း မလှုပ်ရဲဘူး။ ဖျားတွေချည်းပဲ။ အဲဒါ ဖျားတွေမလာခင် မနက်သုံးလေး နာရီလောက်ထပြီး အိမ်သာတက်ရတယ်။ တစ်နေ့လုံးပဲ ဖျားတွေကို ရှောင်လို့မရဘူး။ တရားထိုင်နေလည်း ကိုယ်ပေါ်မှာ လာနားလိုက် ပျံသွားလိုက်နဲ့။



www.burmeseclassic.com

www.burmeseclassic.com



အားထုတ်ရတာ မဖြောင့်ဘူး'

သူပြန်လာရသောအခြေအနေကို ချက်ချင်းပဲ ကျွန်တော် နားလည်လိုက်ပါတယ်။

'ဆရာတော်ကြီးရော နေကောင်းရဲ့လား။ ဆရာတော်ကြီးရော ဖျားတွေနဲ့ ဘယ်လိုနေလဲ'

'ဖျားတွေက သူတို့ကို မလုပ်ရင်တော့ မတုပ်ပါဘူး။ ဆရာတော်ကြီးကိုယ်ပေါ်လည်း နားတာပဲ။ ဒီမှာ ဓာတ်ပုံထဲ မှာကြည့်ပါလား။ ဆရာတော်ကြီးခေါင်းပေါ်မှာ ဖျားနားနေတာ'

ကျွန်တော်ကြည့်လိုက်တော့ ဖျားကောင်က အကြီးကြီး၊ ပိတုန်းလောက်ရှိတာ။

'တခြား အန္တရာယ်အယှက်တွေကော'

'ရှိတာပေါ့။ ငှက်ဖျားလည်းကြီးတယ်။ ပြီးတော့ မကြာခင်ကမှ သစ်ပင်ပိပြီးသေထားတဲ့ သစ်ခုတ်သမား သား အဖက မကြာခဏလာတယ်'

'အမှုလိုချင်လို့ထင်ပါရဲ့'

'အမှုကတော့ ဝေနေတာပဲ၊ လာတာလဲ လာနေတာပဲ'

အခြားသော တောစိုးနတ်တို့ကလည်း သွေးတိုးစမ်းပုံရကြောင်း ဆရာမြသန်းစံက စီကာပတ်ကုံး ပြောပြနေပါတယ်။

'ဆရာတော်ကြီးက အားထုတ်ဖို့ပဲ ပြောတာ၊ သိပ် အတွေ့မခံဘူး။ ကျွန်တော်နဲ့ ကပ္ပိယကြီး ဦးကျော်စိန်နေတဲ့ တဲကလေးနဲ့ ဆရာတော်ကြီးရဲ့ စကြံ့ကျောင်းကလေးက အတော်လှမ်းတယ်။ အဲ ပြောရဦးမယ်။ တစ်ညက ကျွန်တော်တို့ တဲကလေးရဲ့အောက် တောင်ခြေမှာ တောဆင်တစ်အုပ် ဖြတ်သွားတာ အသံတွေကြားနေရတယ်. . '

ဤသို့ဖြင့် ဆရာမြသန်းစံသည် မဟာမြိုင်တောကြီးတွင် သပ္ပါယမမှုသဖြင့် ရန်ကုန်သို့ မီရာကားကြဲ(သစ်ကား)ဖြင့် ပြန်လိုက်လာခဲ့ရကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တဖွဲ့တနွဲ့ ပြောပြနေပါတော့တယ်။ အဲဒီနောက် ခြောက်လကျော်လောက် အကြာမှာပဲ ကျွန်တော်ဆီ ရွှေဘိုဒေါက်တာများဆီက ဖုန်းဝင်လာပါတယ်။

'ဆရာသွေး၊ မဟာမြိုင်ဗီဇာရပြီ၊ အထူးလျှို့ဝှက်နော်၊ ကိုမြတ်သူနဲ့ ဆရာသွေးတို့ ခုရက်ပိုင်းအတွင်း ရွှေဘိုအရောက် လာရမယ်။ ဘယ်သူမှ မသိစေနဲ့၊ အိမ်ကမိန်းမတောင် မသိစေနဲ့၊ ကိုမြတ်သူကိုလည်း အာမချောင်နဲ့လို့. .၊ ခုပဲ အထုပ် အပိုးပြင်ပေတော့'

မဟာမြိုင်ဗီဇာရပြီဆိုတော့ ဝမ်းသာလုံးဆို့ပြီး ရင်တွေ တဒိန်းဒိန်း ခုန်သွားတယ်။ ကျွန်တော်နဲ့ မောင်မြတ်သူ ဆရာ တပည့်နှစ်ယောက် မဟာမြိုင်ဗီဇာ ကံစမ်းမဲပေါက်ခဲ့လေပြီ။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# မဟာဗောဓိမြိုင်ဆရာတော်ကြီးနှင့် မဟာမြိုင်တောကြီးအကြောင်း(၃)

မဟာမြိုင် ဗိဇာရပြီဆိုတော့ ကျွန်တော်တို့မှာ ပျော်လိုက်သည့်ဖြစ်ခြင်း၊

သို့သော် ကိုမြတ်သူရဲ့ပါးစပ်ပေါက် 'စည်းပေါက်'သွားမှာကို စိုးရိမ်နေရပါတယ်။

'မြတ်သူ- ငါတို့ မဟာမြိုင်သွားရမယ့်ကိစ္စဟာ အထူးအခွင့်အရေး၊ အထူးတာဝန်၊ အထူးလျှို့ဝှက်ချက်နော်။ လူရင်းတွေထဲက ဘယ်သူမှ မသိစေနဲ့။ မကြွနဲ့၊ မကြွားနဲ့၊ ကြွဆောင်းဆောင်း ကြွားတားတား မလုပ်နဲ့။ ရိပ်သာဝင်တုန်းကလိုပဲ လူမမာလိုနေတာ အကောင်းဆုံး၊ စကားနှုတ်ဆိတ်

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com





ပုံ(၂၀) မဟာမြိုင်ခရီး ရွှေဘိုမှာတစ်ထောက်နားစဉ်
ဝင်းခင်အလှူပွဲကို အောင်နီမိတ်ယူခဲ့ပါတယ်

အလုပ် ကြိတ်လုပ်. . အခု နတ်တလူက ဆရာကြီးတွေ ပြောပုံအရ မဟာမြိုင်မှာ ရိက္ခာနဲ့ရန်ပုံငွေ လိုနေပုံပဲ။ ဒီတော့ အလှူခံရင်လည်း လူရင်းတွေဆီမှာ လုံးဝအလှူမခံနဲ့။ လူသစ်တွေဆီမှာ အလှူခံ။ အလှူငွေထည့်ပြီး အခွင့်အရေးတောင်းတာမျိုး၊ ဥပမာ- မဟာမြိုင်ကို လိုက်ခဲ့ပါရစေ၊ ဆရာတော်ကြီးကို ဖူးပါရစေလို့ဆိုလာရင် ကန်တော့ဆွမ်းလုပ်ခဲ့၊ စည်းကမ်းကတော့ ငွေလာချင်လာ၊ လူမလာစေရ. .'


ကျွန်တော်တို့ မဟာမြိုင်သွားဖို့ သုံးလေးရက်နဲ့ အပြီးစီစဉ်ခဲ့ရတာပါ။ ကျွန်တော်တို့အလုပ်တွေ ပြီးတန်သလောက် ပြီးအောင်တွန်းလုပ်ခဲ့ရပါတယ်။ ကိုမြတ်သူက အင်ဂျင်နီယာပေမို့ ကျွန်တော့်ထက်ပိုပြီး လုပ်ငန်းပိုင်းမှာ ကျယ်ဝန်းနက်ရှိုင်းပါတယ်။ သူနဲ့ဆက်နွယ်နေတဲ့ ကုမ္ပဏီဝန်ထမ်းတွေ၊ သူ့ကို မှီခိုနေရသူတွေအားလုံးအတွက် တကဲသုတ်ရိုက် စီစဉ်ရပါတယ်။ မဟာမြိုင်မှာ ဘယ်လောက်ကြာမယ်ဆိုတာ လုံးဝမခန့်မှန်းနိုင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၂၁) မဟာမြိုင်တောတွင်းမှ
စေတီပုံဖြစ်နေသော ချတောင်ပို့ကြီး

ဘူးပေါက်တစ်ရာ ပိတ်လို့ရတယ်။ ပါးစပ်တစ်ပေါက် ပိတ်လို့မရဘူး ဆိုတဲ့ စကားကလည်း ရှိထားတော့ ကိုမြတ်သူကို အတော်ပိတ်ရပါတယ်။ သူက ဝါယောစရိုက်ဆိုတော့ အမြဲတမ်း တက်ကြွလှုပ်ရှား၊ စကားကလည်း ကရားရေလွှတ်တာက ဘာဟုတ်သေးလို့တုန်း။ ရေတံခွန်စီးကျသလို တဝုန်းဝုန်း တဝေါဝေါ ပြောတတ်ကလား။ ဒါကြောင့် စကားနှုတ်ဆိတ်လို့ ပိတ်လိုက်ရတာပါ။ သို့တိုင်အောင်လည်း လုံးဝ မပြောဘဲကား နေမည် မဟုတ်ပါ။ ဆယ်ခွန်းပြောမှာ တစ်ခွန်း လောက်တော့ ပြောနိုင်စကောင်း ပါတယ်။


'ဆရာတော်ကြီး အမိန့်ရှိဖူးတယ်။ ဘုရားကျောင်းကန်တွေကို ဖျက်ဆီးမှ ပိဋကတ်သုံးပုံ မီးရှို့ပစ်မှ သာသနာဖျက်တာ မဟုတ်ဘူး။ လူတွေရဲ့ စေတနာ၊ သဒ္ဓါတရားပျက်အောင် လုပ်တာလဲ သာသနာဖျက်တာပဲတဲ့။ ဒီတော့ အလှူရှင်တွေကို နားလည်အောင်ပြော'



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၂၂) မဟာမြိုင်ရောက်စ ခေါင်နန်းပလ္လင်ကျောင်းတွင်
ဖူးတွေ့ရသော
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး(၉-၂-၂၀၀၄)

ကျွန်တော်တို့မှာ အလှူငွေပြေစာလည်းမရှိ ပြေစာမပေးနိုင်ဘဲ စာရင်းလေးမှတ်ရုံဖြင့် လှူလိုက်ကြတာလည်း မနည်းပါဘူး။ အလှူရှင်များခမျာ 'ဘယ်သူ့ကိုမှ ပြန်မပြောရ'ဆိုတဲ့ စည်းကမ်းကိုလည်း လိုက်နာကြရပါသေးတယ်။ ကျွန်တော်တို့လည်း အလှူရှင်များရဲ့စေတနာသဒ္ဓါတရားကို



www.burmeseclassic.com

www.burmeseclassic.com



အလွှန် တန်ဖိုးထားပြီး သွားကြားထိုးတံတစ်ချောင်းကအစ မဟာမြိုင် ရောက်အောင် ယူဆောင်သွားခဲ့ပြီး ဆရာတော်ကြီးကို လှူဒါန်းနိုင်ခဲ့ ပါတယ်။ ဆရာတော်ကြီးက ဘာမှမလိုသည့်တိုင် မဟာမြိုင်မှာကတော့ လိုနေပါတယ်။ အခုမှ တောထွင်ကာစဆိုတော့ ကြိုးလေးတစ်ချောင်း ကအစ အသုံးဝင်အဖိုးတန်နေပါတော့တယ်။

မဟာမြိုင်အတွက် အလှူရှင်များရဲ့ ကော်ဖီမစ်တစ်ထုပ်ကအစ မပျောက်ပျက်ရအောင် သေချာထုပ်ပိုးပြီး လိုင်းကားနဲ့ သွားခဲ့ရတာပါ။ ရွှေဘိုရောက်တော့ မုံရွာနဲ့ချိတ်ဆက်ပြီး မဟာမြိုင်ခရီးစဉ်အတွက် ဆက် လက်ပြင်ဆင်ရပါတယ်။ ကိုမြတ်သူရဲ့ နှုတ်ဝစီကိုလည်း ဖွင့်ပေးလိုက်ရပါပြီ။ သူ့ပဲ ဖုန်းတွေ ဆက်. . 'ဘယ်လဲ ဘာလဲ ပြန်မမေးနဲ့။ လိုအပ်တာ အမြန် လုပ်ပေး'လို့ စီစဉ်ပါတော့တယ်။

မုံရွာက ငှားပေးလိုက်တဲ့ကားလေးက ဆန်နီပစ်ကပ်ကလေး ခပ်သေး သေး။ ကျွန်တော်တို့ ပစ္စည်းတွေက ဆန်အိတ်အပါအဝင် တောင်ပုံ ယာပုံဆိုတော့ (ခန်းမှန်းအလေးချိန် တစ်တန်ခွဲလောက် ရှိပါလိမ့်မည်) ကားကလေးဟာ ညွတ်နေတာပါပဲ။ ကားဆရာ ကိုဝင်းဦးကလည်း 'ရပါ တယ်'ပဲ။

ကိုမြတ်သူက တောလမ်းခရီးစဉ်အတွက် ဓားမ၊ လွှ၊ တူရွင်း စသည် စုံတကာစေ့အောင် စီစဉ်ပါတယ်။ ဆရာကြီးတစ်ဦး နှစ်ဦးက 'ဒါတွေ ဘာလုပ်ဖို့လဲ'ဆိုပြီး ထားခဲ့ဖို့ပြောပါတယ်။ ကျွန်တော်လည်း တောလမ်း ခရီးသွားနေကျမို့မြတ်သူဘက်ကထောက်ခံပြီး ဂေါ်ပြားကအစ ယူခဲ့ကြပါ တယ်။ လမ်းမှာ ကားတစ်ခုခုဖြစ်ရင် ဗွက်နစ်ရင် သဲနစ်ရင် ဒါတွေ အသုံး ဝင်လာမှာပါ။

'မြတ်သူရေ. . ပြောစရာရှိတာ ပြောလို့ရပါပြီ။ ပြောတဲ့နေရာမှာ စကားမများဖို့လိုတာ။ စကားဆိုတာလည်း အကြား နိမိတ်၊ အသံနိမိတ်



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၂၃) မဟာမြိုင်မှာကျောင်းဆောက်ဖို့ပြင်ဆင်
မောင်သွေးချွန်နှင့်ကိုမြတ်သူ(၅ -၂ -၂၀၀၄)

ဆိုတော့ မမှားအောင်ဂရုစိုက်'

ကားထွက်တာနဲ့ သင်ရပါတယ်။


ကိုမြတ်သူက ကိုးတန်းဆယ်တန်းကတည်းက ကျွန်တော့်တပည့်ပါ။ ရှင်တစ်ဆူ လူတစ်ယောက်ဆိုတာလို ကျောင်းဆရာ ခြောက်နှစ်လုပ်ခဲ့တာ သည်တပည့်တစ်ယောက်ပဲ ကျွန်တော်နဲ့ တတွဲတွဲ မြဲနေခဲ့ပါတယ်။ အရိုးပြု အကောင်ထင်ရုံမျှမက အဲဒီအကောင်ကို တောင်ပံပါတပ်ပေးနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၂၄) မဟာမြိုင်ခေါင်နန်းပလ္လင်ကျောင်းရှေ့တွင်
မောင်သွေးချွန်နှင့်ရွှေဘိုမှဒကာဒကာမ

တပည့်မျိုးပါ။ ကျွန်တော့်နေရာကကြည့်ရင် သားတပည့်ဖြစ်ပေမယ့် အခြားသောနေရာတွေမှာတော့ သူလည်း ဆရာတစ်ဆူ ဖြစ်နေပါပြီ။

'ဆရာရေ. . ကျွန်တော်တို့ မဟာမြိုင်ကို ချိတက်သိမ်းပိုက်. . '

သူ့စကားမဆုံးလိုက်၊ ကျွန်တော်က 'ဟေ့- ပြောရင်းက စကားမှားပြီ'လို့ ဟန့်လိုက်ကာ

'မဟာမြိုင်က တောစောင့်နတ်တွေဆိုတာ စစ်ရှုံးလို့ နတ်ဖြစ်သွားတာ။ သူတို့မှာ အကြိတ်အခဲတွေ ကြွေကျွဲနာ ကျည်းခြင်းတွေနဲ့၊ ဒို့သွားတာလည်း မေတ္တာနဲ့သွားတာ။ မဟာမြိုင်ကိုသိမ်းပိုက်ဖို့ မဟုတ်ဘူး။ အလုပ်အကျွေးပြုဖို့သွားတာ' လို့ ရှင်းပြရပါတယ်။

ကိုမြတ်သူလည်း ချက်ချင်းဝန်ခံကာ 'ဟာ. . ဟုတ်သားပဲ။ ကျွန်တော်က ပျော်ပြီး စကားလုံးကြီးကြီး ရွေးသုံးလိုက်တာ။ တောင်းပန်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



မယ်တော်ကြီးနဲ့ ဆွေတော်မျိုးတော်များခင်ဗျား။ ကျွန်တော်က ဆရာတော်ကြီးရဲ့ အားအထားရဆုံး တပည့်ကျော် အမိုက်အမဲလေးပါ။ သင်တို့အတွက် လာတာပါ'လို့ဆိုလိုက်ပြီး

'သူတို့အတွက် ဘာဆက်လုပ်ပေးရမလဲဆရာ'လို့ မေးပါတော့တယ်။

'ဒီလို လုပ်ကြစို့ကွာ။ ဒီအချိန်ကစပြီး သမ္ဗုဒ္ဓေဂါထာတော်ကြီး ပူဇော်ပြီး မေတ္တာပို့ကြစို့။ မဟာမြိုင်မရောက်မချင်း ရွတ်ဖတ်ပူဇော်သွားကြမယ်'

'အရေးအကြောင်းကြုံလာရင်ကော. . မပြောရတော့ ဘူးလားဆရာ'

'ပြောရမှာပေ့ါ။ ထမင်းစား ရေသောက် ကျန်းမာရေး စသဖြင့်ပေါ့။ ကျန်တဲ့အချိန်တွေကတော့ အဆက်မပြတ် ရွတ်ဖတ်ပူဇော်ကြမယ်။ စိတ်ထဲကပဲ ရွတ်ဖတ်ပူဇော်ပါ။ ရပါတယ်။ အဘဆုံးမခဲ့သလိုပဲ၊ အားနေရင် ဂုဏ်တော်ပွား၊ ဂုဏ်တော်ပွားလို့ညောင်းလာရင် မေတ္တာပို့၊ ဂုဏ်တော်တစ်လှည့် မေတ္တာတစ်လှည့် ဂုဏ်တော်နဲ့မေတ္တာကြားမှာ ဘာမှမရှိစေနဲ့တဲ့. .'

အပြာရောင်ဆန်နီကားလေးကား မြို့ရွာများကို တရိပ်ရိပ်ဖြတ်သန်းလျက် တောလမ်းခရီးနှင်လာခဲ့ပေပြီ။ ရှေ့ခန်းမှာ ရွှေဘိုမှ ဒေါက်တာအိုကေ၊ ကားနောက်ခန်းပစ္စည်းတွေကြားမှာ ကျွန်တော်နှင့် ကိုမြတ်သူ၊ မြတ်သူလည်း တောတောင်ရေမြေတွေကို ငေးလျက်၊ ပတ်ဝန်းကျင်ကို သတိသနာအတိုင်း လေ့လာမှတ်သားလျက် ဖုံတထောင်းထောင်း ဖုတ်တသောသော တောလမ်းအတိုင်း မောင်းလာရတာမို့ ကျွန်တော်တို့ တစ်ကိုယ်လုံးလည်း ဖုံတွေ၊ ဖုတ်တွေ ပေကျံဖြူဖွေးလို့။

သစ်ဖြူတောင်ကို စတက်တာနဲ့ ကားလေးလည်း တဟဲဟဲရှုန်းနေရပြီ။

သစ်ဖြူတောင်အထက်မှာပင် ဗိဿနိုးမယ်တော်နန်းကို စတွေ့တာနဲ့ ကားရပ်ပြီး အရိုအသေပြုကြပါတယ်။ အမွှေးတိုင် ဖယောင်းတိုင်တွေ ထွန်းပြီး မေတ္တာရေသွန်းလောင်းကာ မဟာမြိုင်သို့လာရင်း ရည်ရွယ်ချက်ကို ပန်ကြားပြောဆို တိုင်တည်လိုက်ပါတယ်။ ကျွန်တော်တို့ရဲ့ ကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုတွေကိုလည်း မဟာမြိုင်မယ်တော်ကြီးနှင့် အားလုံးတို့အား အမျှပေးဝေလိုက်ပါတယ်။

'သူ့လမ်းသူ့စခန်းကို ဖြတ်သွားတဲ့အခါ သူ့ကို ရိုသေရမှာပဲ။ မေတ္တာ ပို့တာ အမျှဝေတာ ဗုဒ္ဓဘာသာတို့ရဲ့ ကြီးမြတ်တဲ့အလုပ်ပဲဗျ။ နတ်တွေရဲ့ အရှိတရားကို အသိအမှတ်ပြုတာနဲ့ သရဏဂုံပျက်ရိုးလားဗျာ'

ဒေါက်တာအိုကေနဲ့ ကိုမြတ်သူတို့ အတော်လေးပေး ဖြောင့်နေပါတယ်။

ထမင်းစားနားချိန်မှာလည်း ကိုမြတ်သူမေးသမျှ ဒေါက်တာအိုကေက ချိန်ဆပြီး ရယ်ရွှန်းပတ်ရွှန်း ဖြေနေရရှာပါတယ်။ ကိုမြတ်သူဆိုတာက ဝိတက် ဝိစာရများတဲ့သူ၊ မသွားမီ ကရောက်နှင့်သူ၊ မချက်ခင်က ထမင်း မကျက်ခင်စားနှင့်သူလို့ ဆိုလောက်ပါတယ်။

နေညိုနေချိုချိန်မှာတော့ မဟာမြိုင်တောကြီးအဝင်ဝဆီ ရောက်ခဲ့ပေပြီ။ ဒီမှာလည်း ဗိသနိုးမယ်တော်နန်းကို တခမ်းတနား တွေ့လိုက်ရပါတယ်။ ကျွန်တော်တို့ကားပေါ်ကစပြီး အထူးမေတ္တာပို့ကြပါတယ်။ ဘုရားဟော အနုသာသနီဆယ်ပါးထဲက ဒေဝတာနုဿတိကိုလည်း ပွား များလိုက်ပါတယ်။ သို့သော် သို့သော်. . .

မဟာမြိုင်သို့အဝင် လေးငါးမိုင်လောက် ခရီးပေါက်တော့ လမ်းပေါ်တွင် ရေတင်ဝါးတစ်ရိုက်လောက်ရှိတဲ့ ရွှံ့ဗွက်အိုင်က အဆင်သင့်ကြိုနေပါပကောလား။ ကားရပ်ပြီး မြတ်သူ ဗွက်ထဲဆင်းကြည့်တယ်။

'ရေနည်းပေမယ့် အောက်မှာ အမာခံမရှိဘူး။ နစ်သွားနိုင်တယ်၊ နေဦး'

လို့ဆိုကာ ကားပေါ်ကဓားယူ သစ်ပင်တွေခုတ်၊ ဗွက်အိုင်ပေါ်ဖုံး၊ ကျွန်တော်တို့လည်း ခဲတွေယူ ဗွက်အိုက်ထဲချ။

'ရလောက်ပါတယ်'

ကားသမား ကိုဝင်းဦးကိုယ်တိုင် ဗွက်အိုင်ရဲ့ အခြေအနေကို သုံးသပ်ပြီး ဖြတ်မောင်းမယ်လို့ ဆုံးဖြတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီဗွက်လောက်များ ဒီထက်မကတွေတောင် ကျော်လာခဲ့တာ'

သို့သော် တကယ်ကျော်မှ အနစ်ကြီး နစ်ခဲ့ရပေပြီ။

'ကိုင်းဗျာ။ ဒါ မဟာမြိုင်ဂိတ်ဝပဲ။ ကျွန်တော်တို့ ဂိတ်ပတ်စ်ဝင်ခွင့်မရဘူးထင်တယ်'

ဒေါက်တာအိုကေရဲ့ မှတ်ချက်။

'ဆရာရေ မေတ္တာပို့ပါဦး'

မြတ်သူက အကူအညီတောင်း။

ကျွန်တော်လည်း အမွှေးတိုင်တွေ တောစပ်မှာထွန်း။

'ဒီလောက်ရှည်တဲ့ သံသရာကြီးမှာ အမျိုးမတော်ဖူးသူ မရှိပါဘူး။ သံသရာတစ်ကွေ့မှာ မယ်တော်ကြီးနဲ့ ကျွန်တော်တို့ဟာ ဆွေမျိုးရင်းခြာတွေပါ။ အခု ဆွေမျိုးတွေ ကားဗွက် နစ်နေပါတယ်။ ဆွေမျိုးတွေ ကူညီပါ"

သို့သော် မရပါ။ ခြေကုန်လက်ပန်းကျ၊ ချွေးတဒီးဒီးကျ။ ဗွက်တွေ မြေဖို့ သစ်ပင်တွေခုတ်၊ တံတားလုပ်ပြီးမြတ်မောင်းသည့်တိုင် ကားက လုံးဝ လုံးဝ မလှုပ်တော့ပါ။ မရွေ့တော့ပါ။

'ကျွန်တော်ပြန်မယ်၊ ပစ္စည်းတွေချ၊ ကျွန်တော် လှည့်ပြန်မယ်'

ကားသမားက ဖောက်ပေပြီ၊ တစ်လမ်းလုံး စိတ်တူကိုယ် တူလာခဲ့တာ ခုမှ ဖောက်လေပြီ

'ရတော့မှာပါ။ စိတ်ရှည်ပါဗျ။ ဆရာတော်ကြီးကို ဖူးရမယ့်အခွင့်အရေးကောင်းကြီး လွတ်သွားမယ်နော်။ ခုပဲ ရောက်တော့မှာ'

မြတ်သူက ကားသမားကို နှစ်သိမ့်ပါတယ်။ သို့သော် မရပါ။ ကားသမားက ပြန်မယ်တကဲကဲ လုပ်နေပါရောလား။

ကျွန်တော်တို့သည် မယ်တော်ကြီးကိုသာမက ဆရာတော်ကြီးကိုပါ တိုင်တည်တောင်းပန်ရချေပြီ။ မေတ္တာတစ်ခု တည်းမရ။ သစ္စာပါ ကူရပေမည်။ ကျွန်တော်တို့သည် မဟာမြိုင်တောကြီးသို့လာရင်း ရည်ရွယ်ချက်ကို



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဖော်သစ္စာပြု ရပြန်ပါတယ်။ အခုနေ မဟာမြိုင်မယ်တော်ကြီးက ကူညီခွင့်ပြုရင်တောင် ကားဆရာက ဖောက်နေလို့ ရှေ့ရောက်မယ့် ကိန်းမမြင်ပါ။ ဒီတော့ ကားဆရာကိုလည်း မေတ္တာပို့။

'ဟုတ်ပါတယ်။ ခင်ဗျားလည်း ပင်ပန်းလှပြီ။ ကဲ- ဟော ဒီအချိုရည်နဲ့ ရေသန့်သောက်ဗျာ'

အချိုရည်နဲ့ ရေသန့်ကို ဂုဏ်တော်နဲ့ သရဏဂုံ မန်းထားပါတယ်။

'ကားသမားစိတ်မှုမှန် ပြန်ဖြစ်ပါစေ။ ဒီအခက်အခဲတွေကို ကျော်လွှားနိုင်ပါစေ'လို့ အာရုံပြုပေးလိုက်ပါတယ်။

'ကဲ- ဒီတစ်ခါတည်းပါ။ ကြိုးစားကြည့်ပါ။ ရကို ရစေရမယ်'

ကျွန်တော်တို့ ကားဝိုင်းတွန်း။ ဘူးခနဲ အော်ပြီး ကားလေးဟာ ဗွက်တွေနွံတွေကို အောင်မြင်စွာ ကျော်သွားပါလေရော။

'ဒီလိုမှပေါ့ ကိုယ့်လူရာ'

မြတ်သူက ကားသမားကို ပခုံးပုတ်ပြီး ချီးကျူးပါတယ်။ ကားသမားပြန်မယ်မပြောတော့ပါဘူး။

'ခုနက ကားသမားကို တစ်စုံတစ်ရာက ဝင်စီးထားသလိုပဲ။ ဒါကြောင့်စိတ်ပြောင်းပြီး ပြန်မယ်လုပ်တာ။ ကဖျက်ယဖျက် ကတ်ဖဲ့လုပ်တာ၊ ခုကောင်းသွားပြီ'လို့ မြတ်သူက ဝမ်းသာစကားဆိုပါတယ်။

ဒီလိုနဲ့ ခြသေ့်မင်းရွှေဂူမှ ထွက်သလိုမျိုး ကျွန်တော်တို့ ကားလေးဆက်၍ ထွက်လာ မောင်းနှင်လာခဲ့ရာ မဟာမြိုင် ခေါင်နန်းပလ္လင်စခန်းသို့ ည ၁၀ နာရီခွဲလောက်မှာ အောင် မြင်စွာရောက်ရှိခဲ့ပါတော့တယ်။

'ဟာ ဆရာတို့ပါလား. . ဟာ ကိုမြတ်သူ'

မဟာမြိုင်ရဲ့ ရှေးဦးတစ်ဦးတည်းသော ကပ္ပိယကြီး ဦးကျော်စိန်က လှိုက်လှဲစွာ ခရီးဦးကြိုပြုပါတယ်။

ဦးကျော်စိန်ကား ဆရာတော်ကြီးနှင့် တစ်ရွာတည်းသား။ ကန့်ဘလူ



www.burmeseclassic.com

www.burmeseclassic.com



မြို့နယ် မင်းကုန်းရွာဇာတိသား။ ဆရာတော်ကြီး နတ်တလူတောရသို့ ကြွတော်မူလာစဉ်ကပင် တပည့်ယောဂီအဖြစ် အလုပ်အကျွေးပြုခဲ့သူ ဖြစ်ပါတယ်။ ယခု မဟာမြိုင်သို့ရောက်နေသည်မှာ နှစ်လခန့်ရှိပြီဆို ပါတယ်။

'ကဲ နားပြီးတော့ စားကြဦး'

ဦးကျော်စိန်က ဝမ်းသာအယ်လဲ ကြိုဆိုကာ ကျွန်တော်တို့ကို နေရာချ ထားပေးပါတယ်။ သူက ဆွမ်းချက်ဆောင်တဲ ကလေးမှာနေပြီ မျက်နှာချင်း ဆိုင်မှာ ပုံစံတူတဲကလေးတစ်လုံး ရှိပါတယ်။

'အဲဒီအဆောင်မှာ နားကြဗျ။ ဦးမြသန်းစံလည်း အဲဒီထဲမှာ နေသွားတာ'

သုံးပင်မြေစိုက်တဲကလေးမှာ အတန်ငယ်ကျယ်ဝန်းပြီး သပ်သပ် ရပ်ရပ်ရှိနေပါတယ်။ ကျွန်တော်တို့မှာ မနားနိုင်သေးဘဲ မြင်နိုင်သမျှသော အလင်းရောင်ဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်လေ့လာနေမိပါတယ်။ ရှေ့ တည့်တည့်မှာ ဆရာတော်ကြီး သီတင်းသုံးလျက်ရှိသော 'ခေါင်နန်း ပလ္လင်ကျောင်း' ရှိနေပါတယ်။ စကြံကျောင်းလေးပမာ သေးသေးရှည်ရှည် လေး။ ကျောင်းနဲ့တဲနှစ်လုံးကြားမှာ ဘောလုံးကွင်းတစ်ကွင်း စာလောက် ကျယ်တဲ့ မြေကွက်လပ်ကြီးက ခြားထားတယ်။ ကျွန်တော်တို့ ဆရာ တော်ကြီးကို ရည်မှန်းပြီးကျောင်းတော်ကို လှမ်းကန်တော့လိုက်တယ်။

'သားတော်များ၊ တပည့်တော်များ ရောက်ရှိပါပြီဘုရား။ သာသနာ့ တာဝန်များ ကျေပွန်စွာထမ်းရွက်နိုင်ရပါလို၏'လို့ ဆုတောင်းလိုက်ပါတယ်။

'ဆရာတော်ကြီးဆီ သွားလို့မရဘူးနော်။ မနက်မှ သွားရမှာ'

'ဟုတ်ပါပြီ'

'ခင်ဗျား တစ်ယောက်ထဲ မကြောက်ဘူးလား။ အခြောက်အလှန့်တွေ မရှိဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



မြတ်သူက မေးလိုက်ခြင်းဖြစ်ပါတယ်။

'ဒီလိုပဲ နေရတာပဲ'

ဦးကျော်စိန်က မယုတ်မလွန် ဖြေပါတယ်။ သူ့အဖြေမှာ ပညာရှိသံပါနေတာပဲ။

'ဦးမြသန်းစံကိုတောင် ခြောက်လှန့်တယ်ပြောတယ်။ ဦးကျော်စိန်ကို မခြောက်ဘူးလား'

'အင်း. . သမ်ပင်ပိပြီးသေတဲ့ သစ်ခုတ်သမား သားအဖ က မကျွတ်ဘူးထင်တယ်။ ခြောက်တယ်လို့လည်း မဆိုနိုင်ပါဘူး။ လာလာပြီး အမှုတောင်းတာ ထင်ပါတယ်'

'ကျွန်တော်မေးတာက ခင်ဗျားရဲ့အတွေ့အကြုံ'

'ကျွန်တော့်အတွေ့အကြုံကတော့. . လာ-လာ၊ ဒီမှာ ကြည့်'

ဦးကျော်စိန်က သူ့တဲလေးသို့ မြတ်သူကိုခေါ်သွားပါတယ်။ ခြေရင်းဘက် မီးဖိုချောင်ရှိတဲ့အခြမ်းမှာ ထရံတွေ ပေါက်ပြဲနေပြီး ချိုင့်ဝင်နေပါတယ်။

'ဘာဖြစ်တာလဲ'

'ဆင်. . ဆင်'

'ဘာဆင်လဲ'

'တောဆင်. . တောဆင်က မီးဖိုချောင်က ငပိနံ့ရလို့ ဒီကုန်းပေါ်တက်လာပြီး အစွယ်နဲ့ထိုး၊ ခေါင်းနဲ့တိုက်တယ် ထင်ပါရဲ့'

'ဘယ်လောက်ကြာပြီလဲ။ အဲဒီတုန်းက ခင်ဗျားမရှိဘူးလား'

'သိပ် မကြာသေးဘူး။ အဲဒီတုန်းက ကျုပ်ရှိနေရင် သေပြီပေါ့။ ခင်ဗျားတို့နဲ့ ခုလို တွေ့နိုင်မှာ မဟုတ်တော့ဘူး. . .'

ဒီနေရာတစ်ဝိုက်မှာ တောဆင်တွေ ဖြတ်သွားဖြတ်လာ ရှိတယ်လို့ ကျွန်တော်တို့ သတင်းရပြီးဖြစ်ပါတယ်။ ဆရာတော်ကြီးအတွက် စိတ်ပူ



www.burmeseclassic.com

www.burmeseclassic.com



သင့်သလောက် ပူခဲ့ပေမယ့် မပူသင့်သလောက်လည်း မပူပါဘူး။ ဆရာတော်ကြီးရဲ့ အရိယာသူတော်ကောင်းဂုဏ်ရည်ကို ကျွန်တော်တို့ အပြည့်အဝ ယုံကြည်ပါတယ်။

'တောဆင်တွေက ဆရာတော်ကြီးကျောင်းရှေ့လည်း ရောက်သွားသေးတယ်။ ကျောင်းရှေ့မှာ သွပ်ပြားအသစ်တွေ ထောင်ထားတာ။ လကလည်း သာနေတော့ သွပ်ပြားတွေ အလင်းပြန်တာနဲ့ ဆင်တွေ လန့်ပြီး ဆုတ်ပြေးကြရော. . '

'အောင်မလေး. . ပရလောကကို မကြောက်ရဘဲ တောဆင်တွေကို ကြောက်ရမလိုဖြစ်နေပြီ'

မြတ်သူက မှတ်ချက်ချပြီး အမှောင်ထဲကို မျှော်ကြည့်နေတယ်။ ညဥ့်နက်မှ စကားဝိုင်းသိမ်းခဲ့ပြီး အိပ်ရာဝင်ခဲ့ကြတယ်။

'ဟေ့လူတွေ၊ မဟာမြိုင်ဂှက်ကလည်း ကြမ်းသနော်။ ခြင်ထောင်ထောင်အိပ်'

ဒေါက်တာအိုကေ သတိပေးမှ ကျွန်တော်တို့ လူးလဲထပြီး အိပ်ချင်မူးတူးနဲ့ ခြင်ထောင် ထထောင်ပြီး အိမ်လိုက်ကြတယ်။

❖❖❖

'ကဲ ဆရာတော်ကြီးကို ဖူးလို့ရပြီ'

ကပ္ပိယကြီး ဦးကျော်စိန် မီးစိမ်းပြလိုက်တာနဲ့ ကျွန်တော်တို့ရဲ့ ခန္ဓာယာဉ်တွေကို ဆရာတော်ကြီးရဲ့ကျောင်းဆီ မောင်းနှင်ဖို့ အသင့်ပြင်လိုက်ကြပါတယ်။

ကျွန်တော်တို့က ဝါးလုံးသေးသေးလေးမှာ သာသနာ့ အလံတွေ ချည်နှောင်လွင့်တင်ကိုင်ဆောင်ပြီး ဆရာတော်ကြီး ကျောင်းပေါ် တက်လာခဲ့ကြပါတယ်။

'ဟဲ- ဘာတွေတုန်း'



www.burmeseclassic.com

www.burmeseclassic.com



'အလိမ္မာတုံးလေးတွေပါဘုရား'

မြတ်သူရဲ့ အာဝဇ္ဇန်းများ ပွင့်လေပြီ။

'အံမာ အံမာ. . အလိမ္မာတုံးမှတော့ ကောင်းပါဦးမလား ဟဲ့'

'ဆရာတော်ကြီးဆီ ရှေ့တော်မှောက်ရောက်မှတော့ အကောင်းဆုံးဖြစ်ပါပေ့ါဘုရား'

'ဟောဗျာ. . ဟောဗျာ၊ အလိမ္မာကတုံးပြီး အကောင်းက ဆုံးသွားပြန်ပြီတဲ့ဗျ။ အလိမ္မာလည်းမရှိ၊ အကောင်းလည်း မရှိ၊ ဒီလိုလားဗျာ'

မြတ်သူပါးစပ်ပိတ်သွားလေပြီ။ တကယ်တော့ ဆရာတော်ကြီး၏ အာဝဇ္ဇန်းကို ဘယ်သူမှ ပြိုင်စမ်းလို့ရမယ် မထင်ပါ။

'ဟဲ့- အကောင်းဆုံးဆိုတာ အဆုံးကောင်းမှ အကောင်းဆုံးကွဲ့။ အဆုံးကောင်းဆိုတာ ဘဝတစ်ခုကို တရာထူး၊ တရားမြတ် မဂ်ဖိုလ်နိဗ္ဗာန်နဲ့ အဆုံးသတ်ပေးမှ အကောင်းဆုံးလို့ ဆိုရတာ'

'တင်ပ့ါဘုရား'

ဘဝနဲ့ခမ္မကို ဒီလို ဆက်စပ်ပြခဲ့တာတွေ ကျွန်တော်တို့ မှာ မှတ်သားလို့ မဆုံးနိုင်ခဲ့ပါပေ။

'ဟဲ့- ခွေးမသား၊ နင့်ကိုခေါ်တာ၊ ကျောင်းဆောက်ဖို့ခေါ်တာ။ ဒီကျောင်းကိုလည်း ကြည့်လိုက်ဦး။ ဒီမှာ ကျောင်းအသစ်သာ ပြောတယ်. . ပိုးထိုးနေပြီ။ ပြီးတော့ဗျာ တို့ကျောင်းကြီးက ကွင်းကြီးထဲမှာဗျ။ ဘယ့်နှယ်ဗျာ။ လူတွေ့မခံဘဲ တရားအားထုတ်ပါတယ်ဆိုမှ လူမြင်ကွင်းကြီးထဲ ပို့ထားလိုက်တာ။ ထင်းခုတ်သူတွေရော၊ မှိုရှာ၊ မျှစ်ရှာ၊ ပျားဖွပ်သူတွေနဲ့ မုဆိုးတွေရော ဒီကျောင်းပတ်လည်မှာ ဥဒဟို ဖြတ်သွားနေကြတာဗျ'

ဒီလို နိဒါန်းပျိုးလိုက်ရုံမျှနဲ့ ဆရာတော်ကြီးရဲ့ ကျောင်းအခြေအနေကို ကျွန်တော်တို့ သဘောပေါက်လိုက်ပေပြီ။ ပြီးတော့ ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ကျောင်းက ကွင်းထဲ မြေအနိမ့်မှာ။ ကျွန်တော်တို့ ညကအိပ်ခဲ့တဲ့ တဲနှစ်လုံးက ကုန်းမြင့်ပေါ်မှာ။ ဘယ်လိုမှ မသင့်တော်။ ပို၍ မသင့်တော်တာက အိမ်သာ အနေအထား။ အိမ်သာက အနောက်တောင်ထောင့်မှာ လေကြောင်းပေါ်မှာ တည့်တည့်ကြီးတည်နေတာ။ အိမ်သာ အနံ့အသက်တွေက လေနဲ့မျောပါ၊ ဆရာတော်ကြီးကျောင်း ဆီသို့သာ. .။

'ဘုရား. . ဘုရား'

တွေးမိတာနဲ့ ကြောက်လန့်သွားရပါရော. .။

အခုချက်ချင်းပဲ ကျောင်းအသစ်ဆောက်ကာ ဆရာတော်ဘုရားကြီးကို ကျောင်းသစ်မှာ သီတင်းသုံးစေချင်လှပါပြီ။

'အေးဗျ။ ကျောင်းဆောက်ပေးရတယ်ဆိုပြီးတော့လည်း ဘာအခွင့်အရေးမှ ရလိမ့်မယ် မအောက်မေ့နဲ့ဗျ။ တို့က တံခါးပိတ်ထားမှာ။ လာချင်တိုင်းလာလို့မရဘူး။ ကျောင်းဆောက်တဲ့ကိစ္စအကြောင်းပြပြီး တံခါးလာမခေါက်နဲ့။ အားလုံးတိုင်ပင်ပြီး လုပ်၊ သီလခံယူပြီးလုပ်။ အဲဒါဗျာ. . နဂိုချွန်ကတော့ ကျောင်းမဆောက်တတ်မှန်း တို့သိတာပေါ့။ နဂိုချွန်ကိုခေါ်ရတာက သူ့တပည့်သူထိန်းဖို့၊ သူ့တပည့်သူ အုပ်ချုပ်ဖို့ခေါ်ထားတာ. .'

ဆရာတော်ကြီးကား အကွက်စေ့ပါပေသည်ဟု ဆိုရမှာပါ။

မြတ်သူလည်း ကျွန်တော့်ကိုကြည့်လျက် 'ဆရာက တစ်ချက်လွဲရင် တစ်သက်မမေ့အောင် ဝေါက်တာပါဘုရား' လို့ လျှောက်ထားရင်း ကျွန်တော်တို့တာဝန် ကျေပွန်အောင် ထမ်းရွက်ပါမည်လို့ ကတိပြုလိုက်ပါတယ်။

'ဟဲ့- ခွေးမသား. . ကျောင်းဆောက်ခ အင်ဂျင်နီယာ ကြေးက ဘယ်လောက်ယူမှာလဲ'

ဆရာတော်ကြီးက မြတ်သူကို 'ခွေးမသား'လို့ ချစ်စနိုး ခေါ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုတော့ နဂိုချွန်ခေါ်ပါတယ်။ တပည့်ရင်းတွေကို ဒီလိုပဲ 'နာမည်သစ်'ပေးပြီး ခိုးမြှောက်လေ့ ရှိပါတယ်။ ကျွန်တော် ဆရာတော့်ရှေ့ မှောက် ရောက်စက မိတ်ဆက်ပေးသူက-

'မောင်သွေးချွန်ပါဘုရား'

'ဟဲ့. . သွေးမှချွန်မှာလား။ နဂိုကတည်းက ချွန်တာ မဟုတ်ဘူးလား'

'နဂိုကတည်းက ချွန်တာပါဘုရား'

'ဒါဖြင့် နဂိုချွန်. . အလိုလိုချွန်တဲ့ နဂိုချွန်'

ဤသို့ဖြင့် ကျွန်တော်တို့ဟာ ဆရာတော်ကြီးခြေတော်ရင်းမှာ သား သမီးများပမာ ဖြစ်လာခဲ့ပါတယ်။

'ဆရာတော်ကြီးဘုရား. . တပည့်တော်ရဲ့ ကျောင်းဆောက်ခက တော့ မဟာမြိုင်တောကြီးအတွင်းမှာရှိတဲ့ ဝိဇ္ဇာတွေနဲ့ တွေ့ဖူးချင်တာ ပါဘုရား။ ဘာသာရေးစလုပ်ကတည်းက ဝိဇ္ဇာ. . ဝိဇ္ဇာဆိုတဲ့စကားတွေ ကြားဖူးလာတာ တစ်ခါမှလဲ မတွေ့ဖူးသေးပါဘုရား။ ဝိဇ္ဇာဆိုတာကို တွေ့ဖူးချင်ပါတယ် ဘုရား။ ကျောင်းဆောက်ခအဖြစ် ဝိဇ္ဇာတွေနဲ့ တွေ့ပေး စေချင်ပါတယ်ဘုရား'

မြတ်သူက ရဲရဲတင်းတင်း လျှောက်ထားလိုက်ပါတယ်။ ဆရာတော် ကြီးက ပြုံးနေပါတယ်။

ဆရာတော်ကြီးရဲ့အပြုံးမှာ 'ဒုဝေးလိုက်တာ'ဆိုတဲ့ မှတ်ချက်များ ပါနေ လေသလား မသိပါ။

ကျွန်တော် ကြားဖူးသလို ပြောဆိုပါဦးမယ်။

တစ်ခါတုန်းက ဆရာတော်ကြီးတစ်ပါး တပည့်ဒကာတွေနဲ့အတူ ပုဂံဘုရားဖူးသွားပါတယ်။ ပုဂံကအပြန် ကျောက်ပန်းတောင်းအလွန် ပါဂျဲရိုးကား အသစ်စက်စက်ကြီး ထိုးရပ်သွားပါတယ်။ ကားစက်ဖုံးဖွင့်ပြီး စစ်ကြည့်တော့ ဘာအပြစ်မှ မတွေ့ပါဘူးတဲ့။ ဆရာတော်ကြီးကတော့



www.burmeseclassic.com

www.burmeseclassic.com



နီးရာသစ်ရိပ်မှာ ဝင်ခိုရင်း မေတ္တာဘာဝနာ ပွားနေပါတယ်။

တပည့်ဒကာတွေ ကားပျက်ကို အမျိုးမျိုးပြင်ပါသော်လည်း ကောင်းမလာ။ ဖြတ်သွားဖြတ်လာကားများကိုတား၍ အကူအညီတောင်း ပြုပြင်ပါသော်လည်း နည်းနည်းလေးမှ ထူးခြားမှုမရှိ၊ ကျောက်ပန်းတောင်းက ဝပ်ရှော့ဆရာကိုခေါ်၍ ကားပြင်ပါသော်လည်း ကားသည် တုပ်တုပ်မှမလှုပ်။ ဝပ်ရှော့ ဆရာလည်း ချွေးတဒီးဒီးကျ၊ လက်ပမ်းကျအောင် ကားကို ဟိုနှိုက်သည်နှိုက် ပြုပြင်ပါသော်လည်း နောက်ဆုံး လက်လျှော့ ပြန်သွားရပါတော့တယ်။

'ဆရာတော်ကြီး လုပ်ပါဦးဘုရား'

ဒကာတစ်ယောက်က တောင်းပန်လျှောက်ထားတယ်။

ဆရာတော်ကြီးကား အပြုံးမပျက်၊ ပြုံးနေလျက်။

'ဟဲ့- ကားကြီး ဘယ်လိုကောင်းပေမယ့် အနိစ္စ၊ ဒုက္ခ၊ အနတ္တက မလွတ်ဘူးကွဲ့'

တပည့်ဒကာများသည် ဆရာတော်ကြီး ညွှန်ပြသော တရားကို နှလုံးမသွင်း။ ကားကိုသာ နှလုံးသွင်းလျက်ရှိကြပါတယ်။ ကားပျက်တစ်ခုခုနဲ့ ကမ္ဘာပျက်သလို ဆောက်တည်ရာမဲ့ ဖြစ်နေကြပါတယ်။

အဲဒီအချိန်မှာပဲ လမ်းဘေးလယ်ကွင်းထဲက အဘိုးအို တစ်ယောက် ပေါက်ပြားကြီးထမ်းလျက် ကားလမ်းပေါ်တက်လာပါတယ်။ ကားအနီးသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာ ပြီး

'ဘာဖြစ်ကြတာလဲကွဲ့'လို့ စူးစမ်းလိုက်ပါတယ်။

'ဟာဗျာ၊ ကားပျက်လို့ စိတ်ရှုပ်နေရတဲ့အထဲ. . အဘိုးကြီး. . ဘာ နားလည်မှာမှတ်လို့'

ဒကာတစ်ယောက်က အဖက်မတန်သလို မာရေကြောရေ ပြောဆိုလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အဘိုးကြီး၊ ကိုယ့်အလုပ်ကိုလုပ် လာမရှုပ်နဲ့'

တစ်ယောက်ကတော့ နှင်ထုတ်လို့တောင် နေပါပကော။

'ဒီအဘိုးကြီးကြည့်ရတာ ဆင်းဆင်းရဲရဲနဲ့ကွာ။ ဒီအရွယ်ကြီးနဲ့ လယ်ထဲဆင်းနေရသည်။ မုန့်ဖိုး ကွမ်းဖိုး ပေးလိုက်ပါကွာ။ နှစ်ရာတန်တစ်ရွက်လောက်လွယ်ရင် ပေးလိုက်ပါ။ ငါ့မှာ တစ်ထောင်တန်တွေချည်းပဲမို့ပါ'

တစ်ယောက်က နှစ်ရာတန်တစ်ရွက် ထုတ်ပေးတော့ အဘိုးအိုကလက်ကာပြတယ်။ စက်ဖုံးဖွင့်ထားတဲ့ ကားနား ကပ်သွားပြီး

'အဘိုးငယ်ငယ်က ဝပ်ရှော့မှာ လုပ်ဖူးတယ်။ အဘိုးကားကြည့်ပါရစေ'လို့ တောင်းပန်စကားဆိုတယ်။

'ကြည့်လုပ်ပါဦး အဘိုးကြီးရယ်။ မုန့်ဖိုးနှစ်ရာ နည်းတယ် ထင်ရင်တစ်ထောင်ပေးလိုက်ကွာ၊ သွားပါဗျာ၊ ဒီမှာ စိတ်ရှုပ်နေလို့ပါ'

'ကားကောင်းရင် စိတ်ရှင်းသွားပါလိမ့်မယ်ကွယ်၊ မှန်းစမ်း'

အဘိုးက ကားအင်ဂျင်ကိုငုံ့ကြည့်. . . 'ဖူး. . ဖူး. . ဖူး'လို့ သုံးကြိမ်မှုတ်ပြီး 'စက်နှိုးကြည့်ပါဦး'လို့ တိုက်တွန်းလိုက်တယ်။

ဒရိုင်ဘာက ကားပေါ်တက် စက်နှိုးကြည့်လိုက်တာနဲ့ ကားကြီးကဝူးခနဲမြည် 'အောင်ပြီ. . အောင်ပြီ. . အောင်ပြီ' လို့ ကြွေးကြော်လိုက်သလိုပါပဲ။

'ဆရာ ကောင်းသွားပြီခင်ဗျ'

'ဟော- ဆရာတော်ကို သွားပင့်ချေ'

အဘိုးအိုက ဆရာတော်ကို ရိုရိုသေသေ ကန်တော့နေတာ တွေ့ရပါတယ်။

ဒီလိုနဲ့ ပါဂျဲရိုးကားကြီး ခရီးဆက်ခဲ့လေရာ ကားပေါ်မှာ အမြိုင်သားပါလာတဲ့ ဒကာတွေ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြပါတယ်။

'ထူးဆန်းတယ်ကွာ၊ ဘယ်လိုပြင်ပြင် မကောင်းတဲ့ကား ကိုတောသား



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက ဖူးဖူးမှုတ်ပြီး ကောင်းအောင်လုပ် ပေးလိုက်တာ'

'ဟုတ်တယ်ဆရာ၊ ဝပ်ရှော့ဆရာတောင် လက်လျှော့ သွားတာကြီးကို'

ဒကာတွေ ဆူညံနေသလောက် ဆရာတော်ကြီးက ငြိမ်သက်နေပါ တယ်။

'သိပြီ. . သိပြီ။ အဲဒီဘုရားကြီးဟာ ဝိဇ္ဇာဖြစ်ရမယ်'

'ဆရာတော်ဘုရား။ အဲဒီအဘိုးကြီးဟာ ဘယ်သူလဲ ဘုရား'

ငြိမ်သက်နေတဲ့ ဆရာတော်ကြီးက ဣန္ဒြေကြီးမားစွာဖြင့် တစ်လုံးချင်း ပီပီသသကြီး ဖြေလိုက်တယ်။

'ဟဲ့- အဲဒါ ဘိုးဘိုးအောင်လေ'

'ဘယ်လို ဘုရား. . ဘိုးဘိုးအောင်၊ ဟုတ်လား ဘုရား'

ဆရာတော်ကြီးအနေနဲ့ နောက်တစ်ကြိမ် ထပ်ပြောစရာ မလိုတော့ ပါပေ။ သူတော်ကောင်းတို့စကား မိုးကြိုးပစ်သည့်အလား တစ်ခွန်းတည်း နှင့်ပင် လုံလောက်ပြီမဟုတ်ပါလား။

'ငါတို့မျှား ညံ့လိုက်တာ ဝိဇ္ဇာနဲ့တွေ့တာတောင် ဝိဇ္ဇာမှန်း မသိဘူး'

'ဘိုးဘိုးအောင်နဲ့တွေ့တာတောင် ဘိုးဘိုးအောင်မှန်းမသိ လိုက်ဘူး'

'ကားပြန်လှည့်ကွာ။ လယ်ကွက်ထဲ သွားရှာမယ်'

'ရှိပါလိမ့်မယ် အားကြီး. . ဝိဇ္ဇာမှာ လိပ်စာမရှိဆိုထားတာ'

ဒီလိုနဲ့ ပါဂျဲရိုးကားကြီးဟာ မိတ္ထီလာမြို့ဆီ ဝင်ရောက်လာ ပါတယ်။ ပါဂျဲရိုးကားအသစ်ကြီး စီးနိုင်တဲ့ထိ ရုပ်ချမ်းသာပါပေမယ့် အသိမချမ်း သာလို့ ဝိဇ္ဇာတွေနဲ့တွေ့တောင် ဝိဇ္ဇာမှန်း မသိတာကို ကျွန်တော် ပြန်သတိရ နေပါတယ်။

အခုလည်း မြတ်သူက မဟာမြိုင်တောကြီးမှာ ဝိဇ္ဇာနဲ့ တွေ့ချင်ပါ တယ်လို့ လျှောက်ထားတောင်းဆိုနေပါပြီ။ ရွှေတောင်ကြီးရှေ့မှာထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ချောင်းထဲဆင်းကာ ရွှေမှုန်ရွှေစ ကလေးတွေ တွေ့နိုးနိုး ရှာနေသူလို ဖြစ်နေပါပကော။ ဝိဇ္ဇာဆိုတာ အဝိဇ္ဇာကိုနိုင်ရင် ဝိဇ္ဇာပဲ မဟုတ်ပါလား။ ဘုရားဂုဏ်တော် ဝိဇ္ဇာစရဏ သမ္ပန္နောမှာ အသိနဲ့အကျင့် ပြည့်စုံတော်မူသောကြောင့်လို့ ဆိုထားတယ် မဟုတ်ပါလား။

'မဟာမြိုင်မယ်တော်ကြီးကိုလည်း တပည့်တော်ကို မနှောင့်ယှက်ဖို့ ပြောထားပါဦးဘုရား'

ကိုမြတ်သူက ထပ်မံလျှောက်ထားလိုက်ပါတယ်။ ဆရာတော်ကြီးက ပြုံးလိုက်ပြီး 'ဟဲ့- မိပန်ကြီးဟာ ပန်ထွာလို့ခေါ်တဲ့ ဗိဿနိုးမယ်တော်ကြီးဟာ သာသနာကို ဘယ်တုန်းကမှ မဆန့်ကျင်ခဲ့ပါဘူးကွဲ့။ ပန်ထွာရဲ့ နန်းဦးဆရာတော်က ဗုဒ္ဓရက္ခိတမထေရ်၊ ပြီးတော့ ဒွတ္တဘောင်နဲ့ရတဲ့ သူ့သားက ရဟန္တာ။ သာသနာကို ဘယ်တော့မှ မဆန့်ကျင်ခဲ့ပါဘူး။ အခု မင်းတို့ သာသနာ့အလုပ် လုပ်ကြမှာပဲ၊ ပန်ထွာက ဘယ်မှာ နှောက်ယှက်ပါ့မလဲ'လို့ အမိန့်ရှိလိုက်တော့မှ ကျွန်တော်တို့လည်း ပန်ထွာခေါ် ဗိဿနိုးမယ်တော်ကြီးအပေါ် ပိုပြီးကရုဏာသက်ကာ ကြည်ညိုစိတ်ဝင်လာပါတော့တယ်. . .။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# မဟာဗောဓိမြိုင်ဆရာတော်ကြီးနှင့် မဟာမြိုင်တောကြီးအကြောင်း(၄)


မဟာမြိုင်တောကြီးဆိုတဲ့အတိုင်း သစ်တောကြီးတွေက မျက်စိတဆုံး စိမ်းညို့နေပါတော့တယ်။ အင်၊ ကညင်၊ ကျွန်း၊ အင်ကြင်း စသည်ဖြင့် သစ်ပင်အမျိုးအစားကလည်း စုံလင်လှပါတယ်။ သစ်ပင်ကြီးတွေက ကြီးမားတုတ်ခိုင်မြင့်မားလှတယ်။ အမြစ်ကမြေပေါ်မှာ ခွေရစ်ဖြာဆင်းနေပြီ။ လေပြင်းပြင်းတိုက်ရင် သစ်ပင်တွေ တဖြောင်းဖြောင်းလဲတော့တာပါပဲ။ ဟိုတုန်းကဆိုရင် သစ်ပင်တွေ နေပြောက်မထိုးသာအောင် မှိုင်းညို့နေတော့ အလင်းရောင် နေရောင်ရအောင် အထက်ကို လုတက်ခဲ့ပုံရပါတယ်။ ပင်စည်တွေဟာ ဖြောင့်ဖြောင့် မတ်မတ်မြင့်မြင့်၊ အပေါ်ပိုင်းမှာသာ အကိုင်းတွေဖြာထွက်ကာ ပင်ချင်းယှက်လို့နေတော့တယ်။ သစ်ရိုး



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၂၅) ၁၃၆၅ တပို့တွဲလပြည့်၊ မဟာမြိုင်ကျောင်းပန္နက်ရိုက်နေတဲ့ ဒေါက်တာအိုကော၊ ပန္နက်ကြိုးဆွဲဒေါက်တာလှထွန်းဝင်း ရပ်နေသူနှစ်ဦး-မောင်သွေးချွန်နှင့်ကိုမြတ်သူ

ဝါးရိုပ်တောအရိပ်ကြောင့် ညနေဘက်ဆိုရင် ချမ်းစိမ့်စိမ့်ဖြစ်လာတော့တယ်။ မုတ်သုံချိန်ခါမှာ တိမ်မည်းညိုတွေ မျောလွင့်လာပြီဆိုရင် မဟာမြိုင်တောကြီးအပေါ် ရောက်တာနဲ့ ဆက်ပြီး မျောလွင့်မသွားတော့ဘဲ တစ်ခါတည်း မိုးရွာချတော့တာပဲ။ တကယ့်ကို စိမ့်ကြီးမြိုင်ကြီးပေမို့ ငှက်ဖျားလည်း ကြမ်းလှတယ်။

ကျွန်တော်တို့ဟာ မဟာမြိုင်တောအလယ်မှာ ဖြတ်စီးနေတဲ့ချောင်းကလေးကိုပဲ အမှီပြုနေရတယ်။ (ဆရာတော်ကြီးလည်း ဒီချောင်းရေကိုပဲ



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၂၆) ၁၃၆၅ တပို့တွဲလပြည့်၊ မဟာမြို့
မောင်သွေးချွန်နှင့်ကိုမြတ်သူ(အင်ဂျင်နီယာ)



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၂၇) ပန္နက်မချမီတရားထိုင်မေတ္တာပို့နေစဉ်

သုံးရပါတယ်။)ကျောင်းဆောက် ပြီးရင်တော့ တံစက်မြိတ်ကကျလာတဲ့ မိုးရေတွေရေ တလျောက်နဲ့ သွပ်တန်းခံယူပြီး အုတ်ကန်ကြီးကြီးနဲ့ လှောင်ထားကာ ဆရာတော်ကြီး ရေသုံးလို့ရအောင် စီစဉ်ကြပါတယ်။ လောလော ဆယ်တော့ ကျောင်းဆောင်သုံးဆောင် ဆောက်မယ့်အရေး ဆွေးနွေးရင်း ညှိနှိုင်းနက်ခဲ့ရပါတယ်။

တောင်ကုန်းလေးပေါ်မှာ ဆရာတော်ကြီးသီတင်းသုံးဖို့ အကျွတ်အလွတ်ကျောင်းတော်၊ တောင်ခြေမှာ (အခု ကျွန်တော်တို့နေတဲ့ တဲနှစ်လုံးရဲ့ မလှမ်းမကမ်းမှာ)သံဃာတော်များ၊ ယောဂီများ ဧည့်သည်များအတွက် ဗောဓိမြိုင်ကျောင်းနဲ့ မဟာမြိုင်ကျောင်းနှစ်ဆောင်. . ။

ဗောဓိမြိုင်ကျောင်းအတွက် နတ်တလူသာသနာပြု အသင်း ဥက္ကဋ္ဌကြီး ဦးခင်မောင်သန်းနှင့် ဖါးကုန်းမြို့မှ တပည့်ဒကာဝေနေယျများက တာဝန်ယူကြမည်။ မဟာမြိုင်ကျောင်း နှင့် အကျွတ်အလွတ်ကျောင်းတော်



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၂၈) ၁၃၆၅ တပို့တွဲလပြည့်မဟာမြိုင်ကျောင်းသန္တက်ရိုက်နေတဲ့
မောင်သွေးချွန်းဒေါက်တာအိုက(သာသနာ့အလံကိုင်ထားသူ)နှင့်
ဒေါက်တာလှထွန်းဝင်း

အတွက် ရွှေဘို့မှ တပည့်ဒကာများက တာဝန်ယူကြမည်ဟု လျှာထားပါတယ်။ ပွဲထကုန်မည်စိုး၍ ကျယ်ကျယ်ပြန့်ပြန့် လူသိရှင်ကြား အလှူခံ၍လည်းမဖြစ်။ အထူးသဖြင့် ရန်ကုန်တပည့်ဒကာများကို ယောင်လို့မှ မဖွင့်ဟမိစေရ၊ လှူလည်းလှူ အခွင့်အရေးလည်းယူမည့်သူများကို ဝေရာမဏီ ရှောင်ကြဉ်ပါ၏ဟု ကိုယ့်ဟာကိုယ် အာမဘန္အေပြု ထားရပါတယ်။ တကယ်ဆိုတော့ ဆရာတော်ကြီးအတွက်ဆိုလျှင် တစ်ဦးတည်း အကုန်အကျခံ လှူဒါန်းလိုသောဒကာ၊ ဒကာမတွေ အများကြီးရှိသည်သာပင်။ သို့သော်. . တစ်နှယ်ငင်တစ်စင်ပါလာပြီး အထမ်းထက် အခွဲလေးမှာကိုလည်း ထည့်တွက်ပြီး 'လှူပါရစေ'လို့ အဆိုပြုထားသူများကိုပင် စိတ်မကောင်းခြင်းကြီးစွာဖြင့် ငြင်းပယ်လိုက်ရပါတယ်။

သူတို့ ကုသိုလ်မရစေချင်လို့ မဟုတ်ပါ။ ကုသိုလ်လုပ်ရင်း အကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၂၉) ၁၃၆၅၊ တပို့တွဲလပြည့်၊ မဟာမြိုင်ကျောင်းပန္နက်ရိုက်နေတဲ့
ကိုမြတ်သူနှင့်ဒေါက်တာအိုကေ

ဖြစ်သွားခဲ့ပုံတွေကို သင်ခန်းစာယူပြီး မီးဘေးရှောင် မလောင်ခင်က တားရခြင်းသာ။ သူတို့ကို အသိမပေးရ ကောင်းလား၊ အလျှုမခံရကောင်းလားဟု အပြစ်တင်လျှင်လည်း သည်းခံပြီး တောင်းပန်ရုံသာရှိတော့တယ်။ အခုတော့ ကျောင်းသုံးဆောင် ဆောက်မည့်ကိစ္စမှာ အထူးလျှို့ဝှက်၊ အထူးတာဝန်၊ ဆရာတော်ကြီးက ယုံကြည်လို့ တာဝန်ပေးထားတာမို့ ကျွန်တော်တို့ ပို၍ ကြိုးစားရမည်။ ပို၍အားထုတ်ရမည်။ ပို၍ သိပ်သည်း ကျစ်လစ်ရမည်။

ကျောင်းဆောက်ဖို့ သစ်ကတော့ မဟာမြိုင်တောကြီး တစ်တောလုံး ရှိပါရဲ့။ ကြိုက်တာယူ ဆူတာရွေးရုံပါပဲ။ သို့သော် သစ်တစ်ခုတည်းဖြင့် မပြည့်စုံ။ အုတ်၊ သဲ၊ ကျောက်၊ ဘိလပ် မြေ၊ ထုံး၊ သွပ်၊ သံ စသော ပစ္စည်းများ၊ ကျွမ်းကျင်သူနှင့် အလုပ်သမားများ၊ သယ်ယူပို့ဆောင်ရေးကိစ္စများ စသည်ဖြင့် လုပ်ငန်းဆောင်တာတွေအများကြီး ရှိနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၃၀) ၁၃၆၅၊ တပို့တွဲလပြည့်၊ မဟာမြိုင်ကျောင်းပန္နက်ရိုက်နေတဲ့
ဒေါက်တာလုထွန်းဝင်းနှင့်ကိုမြတ်သူ

အများကြီး လိုနေပါတယ်။ အဲဒီ အများကြီးလိုနေတာကို ကျွန်တော်တို့ရဲ့
ယုံကြည်ချက်တစ်ခုတည်းဖြင့် ဖြည့်ဆည်းပေးရမှာ ဖြစ်ပါတယ်။
ကျွန်တော်တို့ သာသနာတော်မြတ်ကြီးကို အကြွင်းမဲ့ ယုံကြည်တယ်

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com





ပုံ(၃၁) မဟာမြိုင်ခေါင်နန်းပလ္လင်ရှေ့မှာ၊ ဦးသုမန (ခေါ်) ဒေါက်တာသန်းထွေးအောင်

မဟာဗောဓိမြိုင် ဆရာတော်ကြီးကို ခြွင်းချက်မရှိ ယုံကြည်တယ်၊

ဒီယုံကြည်ချက်တွေနဲ့ပဲ ကျွန်တော်တို့ မဟာမြိုင်မြေမှာ ကျောင်းသုံးဆောင်အတွက် ပန္နက်ရိုက်နိုင်ခဲ့ကြတယ်။ ၁၃၆၅ ခု တပို့တွဲလပြည့်နေ့ (၅ ဖေဖော်ဝါရီ ၂၀၀၃ )မှာ ကျွန်တော် တို့ နံနက် ၄ နာရီ ၃၀ မိနစ်မှာ အိပ်ရာက စောစီးစွာ နိုးထခဲ့ကြတယ်။ ဘုရားရှိခိုး တရားထိုင်ပြီး မဟာမြိုင်တောကြီးအနှံ့ မေတ္တာဖြန့်ကျက်လိုက်တယ်။ နံနက် ၆ နာရီမှာ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို သွားရောက်ဖူးမြော်ပြီး ဩဝါဒခံယူခဲ့ကြပါတယ်။

အဲဒီနောက် ကျောင်းဆောက်ဖို့ မြေသန့်ထားတဲ့ကွက်လပ်မှာ နံနက် နေရောင်ခြည်အောက် ကျွန်တော်တို့ တရားကို အာရုံပြု ဝင်လေထွက်လေ ရှုမှတ်ကာ မေတ္တာဘာဝနာပွားခဲ့ ကြပါတယ်။ နံနက် ၇ နာရီ ဇောဓိမြိုင် ကျောင်းရဲ့ ပန္နက်ကို တနင်္ဂနွေထောင့်ကစပြီး တနင်္ဂနွေသား ဒေါက်တာ အိုကေက စရိုက်ခဲ့ပါတယ်။ အဲဒီနောက် ဥက္ကဋ္ဌဦးခင်မောင်သန်း၊ ကပ္ပိယ ကြီး ဦးကျော်စိန်၊ ဒေါက်တာလှထွန်းဝင်း၊ အင်ဂျင်နီယာ ကိုမြတ်သူနဲ့ ကျွန် တော်တို့ဟာ ဆိုင်ရာထောင့်အသီးသီးမှာ ယင်းမာသားပန္နက်ငုတ်များ ရိုက်သွင်းစိုက်ထူခဲ့ကြပါတယ်။

'ဓာတ်စကားနဲ့ ရင့်မာ. . ရင့်မာသားလို့ ခေါ်တယ်နော်'

ဒေါက်တာလှထွန်းဝင်းကို ကျွန်တော် အံ့ဩသွားတယ်။

ယင်းမာကို ရင့်မာလို့ တင်စားလိုက်ပုံဟာ ဘယ်လောက် လှပါသလဲ။ ဩော်. . ကျွတ်တန်းဝင်ဖို့ ရင့်မာကြပါစေသော်. . ။

နံနက် ၈ နာရီမှာ မဟာမြိုင်ကျောင်း ပန္နက်ရိုက်နေစဉ် မဟာမြိုင် မိုးကောင်းကင်ပေါ် ရောမငှက်ကြီးတစ်ကောင် ဝဲပျံလာသလို လေယာဉ် ပျံကြီးတစ်စင်း ဖြတ်သန်းပျံဝဲသွားပါတယ်။

'ဒါ နိမိတ်ကောင်းပဲ'

'လျင်မြန်ခြင်း၊ မြင့်မားခြင်း၊ ဈာန်ပျံခြင်းနိမိတ်တွေပေါ့'

ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ် ကျွန်တော်တို့ ပျော်နေကြပါတယ်။

နံနက် ၉ နာရီမှာတော့ ကျွန်တော်တို့ တောင်ကုန်းလေးပေါ် ရောက် နေကြပြီ။ နေရောင်ခြည်ကလည်း အစွမ်းကုန် ထွန်းလင်းနေပြီ။

'နေရောင်ခြည်ရောက်ရှိရာ အရပ်မှန်သမျှ ဘုရားတပည့်တော်တို့၏ မေတ္တာ ရောက်ရှိပါစေသတည်း'

'နေရောင်ခြည်ရောက်ရှိရာ အရပ်မှန်သမျှ သူတော်ကောင်းတို့၏



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရောက်ရှိပါစေသတည်း'

မုံရွာမဟာဗောဓိတစ်ထောင်ဆရာတော်ကြီးရဲ့ မေတ္တာပို့နည်းအတိုင်း ကျွန်တော်တို့ မေတ္တာပို့လိုက်ပါတယ်။ လသာချိန်ဆိုရင်လည်း ငွေလရောင်ကို ကြည့်ပေးပြီး လရောင်ခြည်ရောက်ရှိရာအရပ်မှန်သမျှ ဘုရားတပည့်တော်တို့၏ မေတ္တာရောက်ရှိပါစေသတည်းလို့ မေတ္တာပွားပို့ရမှာဖြစ်ပါတယ်။ မေတ္တာ. . မေတ္တာ. . ကမ္ဘာလောကကြီးမှာ မေတ္တာခမ်းခြောက်နေတာကို အေးရာအေးကြောင်း မေတ္တာရေ သွန်းလောင်းလျက်ပါကို။

'ဒီသစ်ငုတ်တွေတူးပြီး မြေသန့်သန့်ဖို့ မြေသန့်ပေါ်မှာ သဲနုနုခင်း၊ ဆရာတော်ကြီး စကြီလျှောက်လို့ကောင်းအောင် စီမံရမယ်'

ကိုမြတ်သူရဲ့ အင်ဂျင်နီယာစိတ်ကူးများ နေရောင်ခြည်နဲ့ အပြိုင်ကွန့်မြူးလို့နေပါတော့တယ်။

'ဒါနဲ့ဆရာ ကျောင်းနာမည်က အကျွတ်အလွတ်ဆိုတော့ ဘာကိုရည်ညွှန်းတာလဲ'ဟု ကိုမြတ်သူက မေးစမ်းလိုက်ပါတယ်။

'ဟုတ်တယ်။ ကျွန်တော်လည်း အကျွတ်အလွတ်ဆိုတာ စဉ်းစားနေတာ'

ဥက္ကဋ္ဌ ဦးခင်မောင်သန်းကပါ ပံ့တင်လိုက်ပါတယ်။

'ဟောဒီ. . မဟာမြိုင်တောကြီးထဲက မကျွတ်မလွတ်တွေ ကျွတ်ဖို့လွတ်ဖို့ ရည်ရွယ်ပုံရပါတယ်။ အကျွတ်အလွတ် ကျောင်းပေါ်ထိုင်ပြီး မကျွတ်မလွတ်တွေ ကျွတ်အောင်လွတ်အောင် ဆရာတော်ကြီးစွမ်းဆောင်တော်မူလိမ့်မယ်. . '

'ဟုတ်ပြီဆရာ. . ဒီတောင်အတက်တောထဲမှာ ရောမသစ်ပင်ကြီး အမြစ် ကကျွတ်ပြီး လဲနေတာ တွေ့ခဲ့ရတယ်။ အကျွတ်အလွတ် နိမိတ်ပဲ. . '

ကိုမြတ်သူက ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'သနားပါတယ်ဆရာ၊ သူတို့ခမျာ နှစ်ပေါင်းတစ်ထောင်လောက် ဒီတောကြီးထဲမှာ မကျွတ်မလွတ်နေ နေကြရတာ။ ဘယ်လိုအကြောင်း အကျိုးတွေကြောင့်ပါလဲဆရာရယ်'

'တို့ပြောခဲ့ပြီလေ။ ဇာတ်လမ်းအစဟာ ပွေးဖို ပွေးမက စခဲ့တာ။ ဘုရားရှင်တွေလက်ထက်တော်ကတည်းက ဖြစ်ခဲ့တာဆိုတော့ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ခဲ့ပြီ။ သတ္တဝါတွေမှာ ကုသိုလ်၊ အကုသိုလ်ရောပြွမ်းပြီ လုပ်မိလို့ အကျိုးပေး ခံစားတော့ ချမ်းသာဆင်းရဲ ဒွန်တွဲပြီး ကြေကွဲဖွယ် ဇာတ်လမ်း တွေ ဖြစ်လာခဲ့တာ နောက်ဆုံး စာရင်းချုပ်လိုက်တော့ စိတ်ပဲ။ ဒီစိတ်ကလေး မထိန်းနိုင်လို့ မဖြစ်သင့်တာတွေ ဖြစ်ကုန်တာ။ စိတ်ထိန်း ဖို့ဆိုတာလည်း ပြောတော့သာလွယ်တာ။ တကယ် ထိန်းဖို့ဆိုတာ အလွန် ခက်ပါတယ်။ စိတ်ကတော့ဟာ ပါးပါးလေး၊ ပေါ့ပေါ့လေး လှုပ်လှုပ်လေး ထိန်းမရအောင်ကို ပြေးဆော့နေတာ။ ဘယ်ကိုပြေးသလဲဆိုတော့ မကောင်းမှုတွေဆီပဲ ပြေးနေတာ။ ကောင်းတဲ့နေရာမှာ ကြာကြာ မနေဘူး။ အတော်ခက်တယ်။ ဒါကြောင့် ကိုယ့်စိတ်ကိုယ်နိုင်ရင် လောကကြီး ကိုအောင်နိုင်ပြီလို့ သူတော်ကောင်းကြီးတွေ မိန့်ကြားတာ။ ငါတို့ အခု လောကခံတရားနဲ့ ဘတစ်ပြန် ကျားတစ်ပြန် ဖြစ်နေတာ။ ကိုယ့်စိတ်ကိုယ် မနိုင်သေးလို့။ နိုင်ချင်လို့ ဒေါသစိတ်နဲ့ တိုက်ရင် ဒီဘဝတော့ နိုင်ချင်နိုင် မှာပါလေ။ နောက်ဘဝတွေကတော့ ဒီဒေါသကြွေးကို အရှုံးနဲ့ ဆပ်ကြရ လိမ့်မယ်။ မုန်းပြီးပြစ်မှားစိတ်တွေ အားကြီးသလောက် ကြွေးဆပ်ရတာ ခါးသီးတယ်၊ ပြင်းထန်တယ်၊ ကြာမြင့်တယ်၊ သံသရာကိုမကြောက်သရွေ့ မကျွတ်မလွတ်နိုင်ဘူး'

ကျွန်တော်ဟာ တောင်ကုန်းကလေးပေါ်ကနေ မဟာ မြိုင်တော ကြီးကို မျှော်ကြည့်ရင်း တတွတ်တွတ်ပြောနေမိပါတယ်။

'ကျွန်တော်ကတော့ ကြောက်တယ်ဆရာရေ. . သံသရာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တယ်။ ပြီးတော့ သရဲတစ္ဆေ မကောင်းဆိုးဝါးတွေကိုလည်း ကြောက်တယ်။ ကျွန်တော် အရင်ဘဝက သရဲခြောက်လို့ လန့်ပြီး အိမ်ပေါ်ကလိမ့်ကျ သေခဲ့တာလို့ အမေကပြောတယ်။ စုတိစိတ်မှာကို သရဲ ကြောက်တာပါလာတာထင်ပါရဲ့။ သရဲသာကြောက်တာ လူလူချင်း တော့ မကြောက်ပါဘူး။ ပြောစရာရှိပြော၊ လုပ်စရာ ရှိလုပ်၊ လုပ်သင့်လုပ်၊ ကုတ်သင့်ကုတ်ပဲ။ သံသရာကို အကြာကြီးကျင်လည်ရမှာတော့ ပျင်းစရာ ကြီးဆရာရယ်. . '

'ပျင်းမုန်းငြီးငွေ့လား'

'သံသရာကျင်လည်ရမှာ ပျင်းတာကိုပြောတာပါ။ ဒီဘဝတော့ဖြင့် လုပ်လိုက်ရတာ၊ ပျင်းချိန်တောင်မရဘူး။ ဒါနဲ့ ဆရာ အခု မဟာမြိုင်မှာ မကျွတ်မလွတ်တွေဟာ နှစ်ပေါင်းတစ်ထောင်လောက်ကြီးနေရတာ။ ဘယ်လောက်များ ပျင်းစရာကောင်းသလဲ။ အခုတော့ ဆရာတော် ကြီးကြွလာပြီး သူတို့ကို ကျွတ်အောင်လွတ်အောင် တရားပြမှာဆိုတော့ သူတို့ပျော်နေလောက်ပြီထင်တာပဲ။ လုပ်ပါဦးဆရာ၊ ကျွန်တော်လည်း ပျော်သွားအောင် တဘောင်လေး စာချိုးလေးတွေ ရွတ်ပြပါဦး. . '

ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်မှာ ဒီလို အတိုင်အဖောက် ညီခဲ့တဲ့အချိန်ကာလတွေ ရှည်မြင့်စွာဖြတ်သန်းခဲ့ကြပါတယ်။ ညဆိုလည်း မအိပ်တော့။ မြတ်သူမေးသမျှ ကျွန်တော့်မှာ စိတ်ရှည်ရှည် ဖြေနေရ တော့တာလေ။ သမိုင်း အထောက်အထားတွေ၊ ပုံပြင်တွေ၊ စာချိုးတွေ၊ ကဗျာလင်္ကာတွေနဲ့ ပြောပြခဲ့ရတာတွေလည်း ရှိပါတယ်။

'ဒွတ္တဘောင်မင်းကြီးနဲ့ ပန်ထွာဧကရီတို့ရဲ့ ရှေးဘဝ. . ပွေးဖို ပွေးမဘဝကစခဲ့တဲ့ အချစ်အမုန်း ရောပြွမ်းနေတဲ့ ဇာတ်လမ်းလေးကို ကဗျာဖွဲ့ထားတာရှိတယ်ကွ'

'လုပ်ပါဦးဆရာရယ်၊ အားရှိသွားတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ပြည်ကိုသွားကြတုန်းက တစ်ခါ ရွတ်ပြဖူးတယ်လေ။ စူဠာသမ္ဘဝ၊ မဟာသမ္ဘဝနဲ့ ဗေဒါရီတို့က စလိုက်တဲ့ ဇာတ်လမ်း'

♦ ဗေဒါရီသမ္ဘဝငယ်တို့
ဆွေသာကီ နှစ်ကံမျှပါလို့
အိုကွယ်. . စံကြတဲ့ခေတ္တရာ၊
♦ ပွေးမောင်မယ် နှစ်ဖြာဂတိတွေနဲ့
ရှေးအောင်သွယ်၊ သာယာမမိစေမဲ့
ပါဋ္ဌိမှာ စေတနာ ကံပေါ့
ဝေဟာယမ် ဘဂဝါကြွစဉ်က
အမမှာ ကံမပါလို့
အစာရှာပွေးမယ်သွားခိုက်မို့
ဖူးလိုက်ဘာဝနာရယ်နော်ကွယ်
ဦးတိုက်ပတ္တနာ။
♦ ဩော်. . ရိုးအကူးမျှောင်တွေနှင့်
မိုးဦးတွင် တမျှောင်မျှောင်မို့
အကျိုးထူးဆောင်စေတနာဗလဝငယ်နဲ့
ဖိုးဦးတောင်သေလာပဝရမှာဖြင့်
မြေဒါနရယ်ကြောင့် မင်းဖြစ်လာ. . ။
အိုကွယ်. . သင်းအပြစ်ဝစနာတွေကြောင့်
မင်းနှာဖြာမတွဲ. . ။
♦ စိတ်ဆိုးကာ
ဗိဿနိုးဒေဝီကညာက
ပြေဆီမှာ မနေမျှနိုင်ဘူးတဲ့
မြို့မမှာ တစ်ပင်တိုင်တည်လို့



www.burmeseclassic.com

www.burmeseclassic.com



ရောဝတီ နဒီကွေ့မှာလ
စုံစေ့အောင် ကာတံတိုင်းတွေနဲ့
ကျုံးပတ်လည်ပြင်ကဝိုင်းပါလို့
ရွှေနက်တောင် ရှုကသိုဏ်းချင်လို့
ပြဟ္မာကို ဘာဝနာနဲ့စိုင်းမယ်ဟု
အမယ်မင်း. . သမိုင်းချဲ့ချဲ့ပြီး
သာသာယာယာစွဲပေမယ့်
(ဒွတ္တဘောင်မှာကွယ်)
ဂိုဏ်းလဲမတဲ့ အရိုင်းလည်းမနွဲ့နိုင်ဘု
နာနာဘာဝအကွဲ. . ။ ။

ကျွန်တော်တို့ဟာ မဟာမြိုင်တောကြီးမှာ ရှိနေသရွေ့ ပန်ထွာဧကရီကို အောက်မေ့တသခြင်းများဖြင့် မေတ္တာလမ်းဖွင့်ရမှာဖြစ်ပါတယ်။ ကိုမြတ်သူက

'ဆရာရယ်. . သာသနာကို ကြည်ညိုသူချင်း ဗုဒ္ဓဘာသာဝင်ချင်း စစ်ခင်းတာတော့ အတော်သင်ခန်းစာယူဖို့ကောင်းပါတယ်။ ပွေးဖိုနဲ့ပွေးမ၊ ဒွတ္တဘောင်နဲ့ပန်ထွာ အချစ်ကြီးတာထက် အမျက်ကြီးတာက ပိုနေပါရောလား'

'ဟုတ်တယ်. . အားကြီးတဲ့စိတ်စေတနာအတိုင်း အကျိုးပေးတာပဲ'

'ဒါနဲ့ဆရာရယ်. . ပန်ထွာဘုရင်မကြီးဟာ မဟာမြိုင်မှာ အပိုင်စားရတယ်ဆိုတော့ အခု သူဘယ်မှာနေသလဲ၊ ဟိုနတ်နန်းမှာလား၊ ဘုရားကုန်းမှာလား၊ အခု ကျွန်တော်တို့လုပ်ငန်းတွေ အကောင်အထည်ဖော်ဖို့ဆိုရင် ပန်ထွာမယ်တော်ကြီးကို ဘယ်လိုဆက်သွယ်အကူအညီတောင်းရမှာလဲ'

မေးထိုက်သောမေးခွန်းပေမို့ ကျွန်တော်က ချိန်ချိန်ဆဆ အဖြေပေးလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'မယ်တော်ကြီးစိတ်စေစားရာ နေရာအနှံ့မှာ နေတယ်လို့ ယူဆတယ်၊ သူ့ကိုဆက်သွယ်ဖို့ဆိုတာလည်း စိတ်လမ်းကြောင်းတစ်ခုပဲရှိတယ်။ စိတ်နဲ့ပဲ ဆက်သွယ်အကူအညီ တောင်းလို့ရနိုင်တယ်. . '

'ဆရာတော်ကြီးဆီကိုလာပြီး တရားနာရင် မယ်တော်ကြီးရဲ့ မူလရုပ်ရည်ကို မြင်ရမယ်ထင်တယ်။ ကျွန်တော်တို့ အားရင်အားသလို သွားပြီး ချောင်းကြည့်ရအောင်'

'ဟာ. . မလုပ်ပါနဲ့. . မဖြစ်နိုင်ဘူး။ အဲဒါ တို့အရာ မဟုတ်ဘူး။ ဆရာတော်ကြီး စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်သင့်ဘူး. . '

အကျွတ်အလွတ်ကျောင်းတော် ပန္နက်ချပွဲပြီးလျှင် ကျွန်တော်တို့ နားနေရာတဲကလေးဆီ ပြန်လာပါတယ်။ ကိုမြတ်သူကတော့ စိတ်ရောလူပါ နားနေလေ့ရှိသူ မဟုတ်ပါ။ ပေါက်ပြားတစ်လက်ဆွဲယူပြီး ချက်ချင်းပင် မြေပေါက်မြေဆွလုပ်ပါ တော့တယ်။

'ဆရာကိုမြတ်သူ ဘာလုပ်နေသလဲ'

ဦးကျော်စိန်က မေးတော့

'အလိုလေးဗျာ။ ကျွန်တော့်ကို တစ်ခါမှ ဆရာမခေါ်ဘူးပဲ ဆရာတွေ ဘာတွေ ခေါ်နေလိုက်တာ။ ထူးတော့ ထူးနေပါရောလား'လို့ မြတ်သူက အံ့ဩနေတယ်။

'ဆရာကိုမြတ်သူ ဦးဆောင်ပြီး ကျောင်းဆောက်မှာဆိုတော့ ကိုမြတ်သူက ဆရာပဲ။ ကျွန်တော်ကို ခိုင်းပေါ့ဆရာ ကိုမြတ်သူ၊ အခု မြေပေါက်နေတာ ဘာလုပ်ဖို့လဲ'

'ဩော်. . ကျွန်တော်တို့ ဒီမှာ ဘယ်လောက်ကြာမယ် မသိဘူး။ ဒါကြောင့် ဗူး၊ ဖရုံ ချဉ်ပေါင်၊ ပဲ မျိုးစေ့တွေယူလာတာ။ အခုစိုက်ထားရင် မကြာခင် အပင်ပေါက်လာတော့ စားရတာပေါ့ ဦးကျော်စိန်ရယ်'

'ကဲပါ၊ အဲဒါ ဆရာ့အလုပ်မဟုတ်ပါဘူး။ ကျွန်တော်တို့ လုပ်ပါ့မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနားကရွာက လူတွေလည်း လာနေတာ၊ အသီး အနှံလေးတွေ ပါလာတတ်ပါတယ်'

မဟာမြိုင်တောကြီးအတွင်း ဝေပုံ ချင်းချောင်း၊ ကျောင်းကြီးဟူသော ရွာကလေးသုံးရွာ ရှိနေပါတယ်။ အဲဒီရွာက လူတွေ. . အထူးသဖြင့် မိန်းမတွေ၊ ကလေးတွေ ကျွန်တော်တို့ကျောင်းဆောက်ရာနေရာဆီ ရောက်လာတတ်ပါတယ်။ နီးနီးမဟုတ်။ အဝေးကြီးကလာရတာ။ အနည်းဆုံး ၁၀ မိုင် လောက်ဝေးတဲ့နေရာက နံနက် ၄ နာရီလောက်ထပြီး လာကြတာ။ သူတို့မှာ ထမင်းထုပ်ကလေးတွေ ပါလာတတ်ပါတယ်။ ဦးကျော်စိန်ပြောသလို ပဲသီး ခဝဲသီး စတဲ့ အသီးအနှံလေးတွေလည်း ယူလာတတ်ပါတယ်။ ဦးကျော်စိန်ကလည်း ရှိတာ ချကျွေးနဲ့ အတော်တော့ ရင်းနှီးနေပါပြီ။

သူတို့ ဒီကိုလာတာ ကျောင်းဆောက်ရာမှာ လုပ်အားဒါန လာပြုကြတာပါ။ အမိကကတော့ ချောင်းထဲကသဲတွေ သယ်ပေးပါတယ်။ ကလေးတွေကအစ လွယ်အိတ်ထဲ သဲတွေ ထည့်ပြီး သယ်ပေးခဲ့ပါတယ်။ တောင်အောက်က သဲချောင်းထဲဆင်းပြီး သဲတွေကြုံး၊ တောင်ပေါ်ပြန်တက်နဲ့ ပင်ပန်းတာတော့ မပြောပါနဲ့။ နေ့လည် နေပူတော့ အလုပ်နားပြီး စကားတွေဖောင်ဖွဲ့ပါရော။ သူတို့စကားဝဲပုံက လေးတွဲ့တွဲ့နဲ့ဝဲတာ စကားထဲက ဇာတိပြဆိုသလို သူတို့ရွာကအကြောင်းတွေ၊ သူတို့ရဲ့ စီးပွားရေးဘဝကတော့ ဟောဒီ မဟာမြိုင်တောကြီးဟာ သူတို့ရဲ့ ရတနာသိုက် ဘဏ်တိုက်ကြီးပါပဲ။

မဟာမြိုင်တောကြီးထဲမှာ ယောက်ျားတွေက ပျားဖွပ်ကြတယ်။ အမဲလိုက်တယ်၊ သစ်စေးခွာတယ်၊ မျှစ်ချိုးတယ်၊ ဝဥ တူးတယ်. . ။ သစ်တောထွက်ပစ္စည်းဆိုရင် သစ်ခွပန်းက အစ လှရင်လှသလို ချိုးလာခဲ့တယ်။ အဲဒါတွေ မြို့တက်ပြီး ရောင်းဖို့မလို၊ သူတို့ရွာသုံးရွာဆီ ဆယ်ရက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါဆိုသလို ဈေးကားကြီးလာလေ့ရှိတယ်။ ရွာမှာလိုတဲ့ အသုံးအဆောင်တွေ စားစရာတွေ ဈေးကားကြီးနဲ့အပြည့် တင်ဆောင်လာတယ်။ သူတို့ရွာက သစ်တောထွက်ပစ္စည်းတွေနဲ့ အလဲအလှယ် လုပ်တယ်။ အလဲအလှယ်မှ မလုပ်ရင်လည်း သူတို့ မှာ ဝယ်စရာငွေရယ်လို့ များများစားစားမရှိဘူး။ ၂၁ ရာစုထဲ ရောက်လာချိန်ထိ ရှေးအတိတ်ကာ ကုန်ချင်းလဲတဲ့ ဘပ်ဖလာစနစ်အတိုင်း ရှိနေသေးတာ တအံ့တသြတွေ့ရတယ်။

သို့သော် သူတို့ရွာတွေမှာ ဘုရားကျောင်းကန်နဲ့ တင့်တယ်သမို့အလည်လိုက်ခဲ့ဖို့တောင် ဖိတ်ခေါ်နေပါသေးတော့။

'ဘုရားက ဘာ ဘုရားလဲခင်ဗျ။ ဘယ်သူတည်ခဲ့တာလဲ'

'အလောင်းဘုရား တည်ခဲ့တာ။ အာသံမဏိပူရကို စစ်ချီသွားရင်း စစ်အောင်တဲ့အနေနဲ့ တည်ခဲ့တာ'

မိန်းမကြီးတစ်ယောက်က ဂုဏ်ယူတကြီးပြောပြနေပါတယ်။ ဒီလောက်သိလျှင်ပင် ကျေနပ်စရာကောင်းပါဘိတော့တယ်။ ဝေးလံသီခေါင် ချောင်ကျလှတဲ့ တောနက်ကြီးထဲမှာ ဇာတိမာန်မျိုးစေ့ကို တွေ့ရလို့ အားတက်မိပါသေးတော့။

'ဒါနဲ့ ဒီတောကြီးထဲမှာရော ရှေးက ဘုရားတည်ထားတာတွေ တွေ့မိသလား'လို့ မြေရာကောက်လိုက်တော့. .

'တွေ့မိပ့ါ မုဆိုးဟာလေ. . အမဲလိုက်ရင်း ဘုရားနီနီ ကြီးတွေ့တယ်။ ပြိုပျက်နေတဲ့ ဘုရားစေတီကိုတွေ့တယ်။ တောထဲဝင်ပေါင်းများပြီ။ ဒီတစ်ခါပဲ ဘုရားတွေ့တာ။ မုဆိုး အလွန်အံ့သြသွားတယ်။ အမဲကောင်ဆက်မရှာတော့ဘဲ ရွာပြန်လာပြီး ဝမ်းသာအားရသတင်းပေးတယ်။ ငါဘုရား တွေ့ခဲ့ပြီလို့. .။

ရွာက လူကြီးတွေလည်း ဘုရားဖူးရအောင်၊ မုဆိုးခေါ်ရာ တောထဲလိုက်သွားကြ၊ တောထဲရောက်တော့ ဘုရားက မရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com



'မင်း ညာတာလား'

'မညာဘူး၊ ဒီနေရာပဲ။ ဒီမှာ ဓားနဲ့သစ်ပင်ကို ခုတ်ထစ်ပြီး အမှတ်အသားလုပ်ခဲ့တာ'

ဟုတ်တယ်၊ သစ်ပင်မှာ ဓားတစ်ရာ လတ်လတ်ဆတ် ဆတ်ကြီး။ ဒါပေမဲ့ ဘုရားကမရှိပြီ။ မုဆိုးဟာ အ,အအိပ်မက် မက်သလို ဘာမှပြန် မပြောနိုင်၊ သူ့ကိုယ်သူလည်း မယုံနိုင် အောင် ဖြစ်ရရှာတယ်။ လူကြီးတွေ ငေါက်သမျှခံပြီး ရွာပြန် လာကြ၊ မောမောနဲ့ပြန်လာတာတောင် မုဆိုးခမျာ အိပ်မပျော်ရှာ။ တစ်သက်လုံး ဒီတောကြီးထဲမှာ အမဲလိုက်လာတာ၊ ဒီ တစ်ခါ ဘုရားဖူးရ၊ ဖူးခဲ့တဲ့ဘုရားက ပျောက်သွားရတယ်လို့ တောကြီး မာယာကို မုဆိုး အကုန်မသိနိုင်ပြီ၊ စဉ်းစားလေလေ အဖြေမရ၊ မကြံစဖူး မိုးစင်စင်လင်းပါရော။ သူ့စိတ်ထဲ အခဲ မကြေ။ တောထဲ နောက်တစ် ခေါက်ပြန်ဝင်။ ဟော တွေ့ပြန် ပြီ၊ ဖူးရပြန်ပြီ ဘုရားစေတီ အုတ်နီနီ အကျိုးအပဲ့တွေနဲ့။

မုဆိုး ရုတ်တရက် အကြံရတယ်၊ နွယ်ကြိုးခိုင်ခိုင် ခုတ်တယ်။ ဘုရားကို ကန်တော့-ကန်တော့ ဆိုပြီး ချည်လိုက်တယ်။ ဘုရားပြင်ဖို့ဖြမ်းဆင်သလိုမျိုး နွယ်ကြိုးနဲ့ပတ်ဖွဲ့လိုက်တယ်။ နွယ်ကြိုးရဲ့ အစတစ်ဖက်ကို သစ်ပင်ကြီး တစ်ပင်မှာ ခိုင်နေအောင်ချည်လိုက်တယ်။ ဘုရားကို နောက်တစ်ကြိမ် ကန်တော့ခဲ့တယ်။ ဒီတစ်ခါ ဘုရားမပျောက်တော့ဘူးလို့ သူယုံတယ်။ ရွာက လူကြီးတွေကို ပြန်ခေါ်တယ်၊ ရွာက လူတွေမယုံဘူးဆိုတော့ အမျိုးမျိုးကျိန် တွယ်ပြောဆိုပြီး အာမဘာန္တေခံလိုက်တယ်။

'မဟုတ်ရင် ကျုပ်ကို လုပ်ချင်ရာလုပ်'

ဒီလိုနဲ့ ရွာကလူတစ်ချို့ လိုက်လာတယ်။

လား. . လား. . ဘုရားကမရှိတော့ပြန်ဘူး။ နွယ်ကြိုးကတော့ အခွေလိုက်အကွင်းလိုက်ကြီး အထင်းသား အရှင်းသား ကျန်နေရစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်မှာ ချည်ထားတဲ့ နွယ်ကြိုးကလည်း နည်းနည်းမှ ပုံမပျက်ဘူး။

ဘုရားရွှေ့သွားတယ်။ အလွန်အံ့ဩစရာ။

ရွာကလူတွေက မုဆိုးရဲ့ ကုသိုလ်စိတ်ကို ချီးမြှောက်တဲ့ အနေနဲ့ မငေါက်တော့ပါဘူး။ ယုံတယ် မယုံဘူးဆိုတဲ့ မှတ်ချက်အထူးလည်း မပေးတော့ပါဘူး။

ဘုရားကြီး ပျောက်သွားတယ်။ ငါ့အကုသိုလ်ကံတွေ ကြောင့်လား။ ငါ မုဆိုးလုပ်တာ မကြိုက်လို့လား။ မုဆိုးဟာ မုဆိုးဘဝကိုစွန့်လွှတ်လိုက်တယ်။ သူဖူးခဲ့ရတဲ့ ဘုရားအို အပြိုအပျက်ကိုတော့ သူတစ်သက် မမေ့နိုင်တော့ဘူး။

'အဲဒီလိုမျိုး ဘုရားက သုံးဆူရှိာယ်လို့ ဆိုတယ်။ သုံးဆူလုံး ဖူးတွေ့ရရင် ရတနာသိုက်ကိုတွေ့ရမှာပဲ။ မဟာမြိုင်ကို ပန်ထွာဘုရင်မကြီး သယ်ဆောင်လာတဲ့ ရတနာ ရွှေငွေတွေက ဒီဘုရားသုံးဆူကြားမှာရှိတာ'လို့ သိတတ်သူတစ်ဦးက ဝင်ပြောတယ်။

'အဲဒီတော့ ဒီဘုရားသုံးဆူဟာ ရတနာမြေပုံညွှန်းလို ဖြစ်နေတော့ ဘယ်တော့မှ ဒီဘုရားတွေ မတွေ့နိုင်တော့ဘူး မှတ်ပါ။ မတော်တဆ တွေ့မိရင်လည်း နောက်တစ်ခါလာပြီး မရှာနိုင်အောင် တောစောင့်နတ်တွေက ဘုရားသုံးဆူကို ကွယ်ထားမှာပဲ'လို့ လေးလေးနက်နက် မှတ်ချက် ပြုပါတယ်။

ဩော်- ဆန်းကြယ်စွ မဟာမြိုင်ပါတကား. . ။

❖❖❖




www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# မဟာမြိုင်တောကြီးမှာ မဟာမြိုင်ကျောင်းတော်နှင့် အကျွတ်အလွတ်ကျောင်းတော် တည်ဆောက်ခြင်း

ကျွန်တော်တို့ဟာ မဟာမြိုင်တောကြီးမှာ နံနက်တိုင်းဆိုရင် စောစောထ တရားထိုင်ပြီးထမင်းကြော်၊ ကော်ဖီ စသည့် စားသောက်ပြီး တာနဲ့ တောထဲဝင်ကြပါတယ်။ ကျောင်းဆောက်ဖို့ သစ်ရွေးကြတာပါ။ ကျောင်းတိုင်တွေကို ကျွန်းသား မသုံးဘဲ အင်ကြင်းသား ၁၀ လက်မပတ် လည်တွေချည်း သုံးမယ်လို့ ညွှန်ကြားထားပါတယ်။


'အင်ကြင်းဆိုတော့ ဆရာရယ် ဗုဒ္ဓစာတ်အပြည့်ပေါ့။ ဘုရား အလောင်းဖွားမြင်တော်မူတာလည်း အင်ကြင်းတောမှာ။ ပရိနိဗ္ဗာန်ပြု တာလည်း အင်ကြင်းတောမှာ၊ ပြီးတော့ အင်ကြင်းဆိုတာ တနင်္ဂနွေနံနဲ့ တနင်္လာနံ နံသင့်ဂဏန်းအားဖြင့် အင် တနင်္ဂနွေက တစ်၊ ကြင်း တနင်္လာက နှစ်၊ တစ်နဲ့နှစ်. . ၊ တစ်ကနေ နှစ်ကာလ နေလစာတ် ကမ္ဘာ့တန် ဆာစာတ်ကြီးပဲ'လို့ ကိုမြတ်သူက အဓိပ္ပာယ်ဖွင့်ဆိုရင်း တက်ကြွနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၃၂) မဟာမြိုင်ချက်မရေမှ ဘုရားတစ်ဆူ



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၃၃) အောင်ဗုဒ္ဓစကြာစာတ်ပေါင်းစုစေတီတော်၊မဟာမြိုင်ချက်မရေ

'ကိုမြတ်သူ စကားတွေ အတော်တတ်နေပါရောလား'

တစ်ယောက်က ခိုးကျူးလိုက်တော့

'စကားထဲမှာ တရားပါ လားရာသုတမျှားတဲ့'လို့ မြတ်သူက ကွန့်လိုက်ပြီး 'အဲဒါ ဆရာတော်ကြီး စာအုပ်ထဲက ကျက်ထားတာ'လို့ ဆိုလိုက်တော့ တစ်ဖက်လူလည်း ဘာဆက်ပြောရမှန်းမသိတော့လောက်အောင် ငြိမ်ကျသွားပါတယ်။

ဆရာတော်ကြီး၏ တရားများကား ကျွန်တော်တို့မှာ နာကြားဖတ်မှတ်သင်ယူလို့ မဝနိုင်။ ဆရာတော်ကြီးသည် သာစည်မြို့နယ် ရွှေကျောင်းကုန်းတောင်မှစ၍ ယခု မဟာမြိုင်တောကြီးအထိ နှစ်ပေါင်းများစွာ တောတောင်အသီးသီးတွင် အားထုတ်ခဲ့သမျှ တရားဓမ္မများမှ ဝေနေယျတို့နှင့် သင့်တော်ရာ ဒါန သီလ ဘာဝနာဆိုင်ရာ အကြောင်းအရာများကို စာအုပ်စာပေ ရေးသားခြင်းမြင့် သာသနာပြုတော်မူလျက် ရှိပါတယ်။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၃၄) မဟာမြိုင်ချက်မရေမှာ ဘိုးဘိုးအောင်နဲ့
စကြာမင်းရုပ်တုရှေ့မှ မောင်သွေးချွန်

တော်ကြီးသည် မြို့ရွာများသို့ လှည့်လည်၍ တရားဟော တရားပြခြင်း လုံးဝမရှိ စာပေက တစ်ဆင့်သာ သာသနာပြုတော်မူလျက်ရှိပါတယ်။

ယခုလည်း ကျွန်တော်တို့ ကျောင်းဆောက်ဖို့ ပြင်နေချိန်မှာ ဆရာတော်ကြီးသည် ကျမ်းစာအုပ်ကြီးတစ်အုပ် ရေးလျက် ရှိပါတယ်။ ခေါင်နန်းပလ္လင်ကျောင်းပေါ်တွင် စကြီးလျှောက်ရင်း ဉာဏ်ပွင့်လာသည်နှင့် စားပွဲပုလေးမှာထိုင်ကာ စာရေးလျက်ရှိပါတယ်။ ဆရာတော်ကြီးစိတ်က ကြည်လင်သလောက် စာရေးတာလည်း မြန်လှပါတယ်။ သူတော်ကောင်းကြီးများရဲ့ ဉာဏ်တော်တွင် နီဝရဏ ပိတ်ပင်တားဆီးတတ်သော တရားဆိုးများ မရှိတော့ပြီမို့ ဉာဏ်ပွင့်သလောက် စာက တောက်လျှောက်လိုက်ပါလာတာဟာ အရိပ်ပမာပါပဲ။

ဆရာတော်ကြီးဟာ စာကို လက်တန်းချရေးတာ များပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၃၅) မဟာမြိုင်ချက်မရေမှာ ဘိုးဘိုးအောင်နဲ့
စကြာမင်းရုပ်တုရှေ့မှ အမှတ်တရ
မဟာမြိုင်ကျောင်းဆောက်လုပ်ရေးတာဝန်ခံ ကိုမြတ်သူ

တောထဲတောင်ထဲမှာ ကိုးကားစရာ စာအုပ်ထူထူကြီး တွေလည်း ရှိမနေပါ။ ခန္ဓာကိုယ်တွေ့ ဉာဏ်မလေ့ကိုရေးတာမို့ ဆရာတော်ကြီးရဲ့ ကျမ်းစာများ ဟာ တစ်မူထူးခြားလို့ နေပါတော့တယ်။

'ဆရာရေ့ . ကျွန်တော်တို့ကွင်းဆင်းလေ့လာမှုကတော့ ပြီးသွားပြီဆို ရမယ်။ လုပ်အားနဲ့ပန်းရံလက်သမားပိုင်းပဲ လိုတော့တယ်။ သစ်ခွဲဖို့လည်း လွှစင်နဲ့ဝိုင်းဆရာလိုတယ်၊ လိုတာတွေတော့ အများကြီးပဲ။ ကျွန်တော် မုံရွာသွားပြီး စီစဉ်မှဖြစ်တော့မယ်'

'ကောင်းသားပဲ သွားလေ'


မုံရွာမှာက မြတ်သူရဲ့ သူငယ်ချင်းကိုအောင်ထွန်းထွန်း ရှိနေတယ်။ သူတို့က မန္တလေးဂျီတီအိုင်မှာကတည်းက သူငယ်ချင်းတွေ၊ လုပ်ငန်းခွင် ဝင်ကြတော့လည်း သူနယ်ပယ်နဲ့ သူ နှစ်ယောက်လုံး အောင်မြင်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၃၆) မဟာမြိုင်ချက်မရေမှာ ဆုတောင်းပြည့်ဘုရားမှာ




www.burmeseclassic.com

www.burmeseclassic.com





ပုံ(၃၇) မဟာမြိုင်မှာဆိုင်ကယ်နဲ့ပစ္စည်းငယ်ခဲ့ရပါတယ်



ပုံ(၃၈) မဟာမြိုင်ကျောင်းဆောက်ဖို့ ဒီလိုသစ်ခွဲခဲ့ရပါတယ်



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၃၉) ကျောင်းအတွက်လိုအပ်တဲ့သစ်တွေကိုကျွဲနဲ့သယ်ထုတ်

ကိုအောင်ထွန်းထွန်းက မုံရွာအခြေစိုက် ဆောက်လုပ်ရေးလုပ်ငန်းတွေလုပ်နေတယ်။ ဘိလပ်မြေစတဲ့ ဆောက်လုပ်ရေးပစ္စည်းတွေလည်း အရောင်းအဝယ်လုပ်တယ်။ ယခု မဟာမြိုင်မှာလိုတဲ့ ဆောက်လုပ်ရေးပစ္စည်းတွေ သူကပဲ ဒိုင်ခံပို့ပေးမှာဖြစ်ပါတယ်။ ပြီးတော့ ပန်းရံလက်သမားတွေရဖို့လည်း ကိုအောင်ထွန်းထွန်းကိုပဲ အကူအညီတောင်းထားတာ။ သူလည်း မဟာဗောဓိမြိုင် ဆရာတော်ကြီးကို အထူးကြည်ညိုတဲ့အလျောက် မဟာမြိုင်ကျောင်းဆောက်လုပ်ရေးမှာ အင်မတန် တက်ကြွ စိတ်ပါနေတယ်။

'မုံရွာကို ဘာမှာဦးမလဲ ဆရာ'


'မုံရွာရောက်ရင် လယ်တီတိုက်ကိုသွားပြီး လယ်တီဆရာတော်ကြီး ရုပ်တုတော်ရှေ့မှာ ဆုတောင်းအဓိဋ္ဌာန်ပြုပါ။ မဟာမြိုင်ကျောင်းဆောက်လုပ်ရေးအောင်မြင်ဖို့ သူတော်ကောင်းကြီးတွေရဲ့အား အကုန်လိုတယ်။



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၄၀) ဆင်သမားတွေရဲ့အကူအညီ

လယ်တီဆရာတော်ကြီးလည်း မဟာမြိုင်တောကြီးနဲ့ ဆက်နေတဲ့ ဝက်ရဲ တောကြီးမှာ အားထုတ်ခဲ့ဖူးတယ်လို့ သိရတယ်'

'ဟုတ်ပြီဆရာ၊ လယ်တီဆရာတော်ကြီးနဲ့ မဟာမြိုင်တောကြီးလည်း ဆက်စပ်နေတယ်ဆိုတော့ အားတက်စရာပဲ'

'အခု မုံရွာမသွားခင် မဟာမြိုင်မှာ အချက်အချာကျတဲ့ ချက်မရေမှာ အဓိဋ္ဌာန်အောင်ဘုရားတွေရှိတယ်။ ငါတို့ အဲဒီမှာ ဆုတောင်းမေတ္တာပို့တွေ လုပ်ထားသင့်တယ်။ မဟာမြိုင် ချက်မရေဘုရားများ အရေးပါပုံကို ဆရာ တော်ကြီးလည်း ညွှန်းဆိုထားတယ် မဟုတ်လား'

'ကျွန်တော်လည်း သွားချင်နေတာ'

ဒီလိုနဲ့ ကျွန်တော်တို့ ဆရာတပည့် ကားကြုံရှိတဲ့တစ်နေ့ မှာ မဟာမြိုင် ချက်မရေက သစ္စာအဓိဋ္ဌာန်အောင်ဘုရားများဆီ ရောက်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၄၁) ကျောင်းတိုင်တွေကိုလူအားနဲ့ပဲထူခဲ့ရတယ်

မဟာမြိုင်မယ်တော်ကြီးနန်းကနေ ၇ မိုင်လောက်ချိုးကွေ့ပြီး အတွင်းသို့ ဝင်သွားရပါတယ်။

မဟာမြိုင် ချက်မရေဟာလည်း အင်မတန်သာယာတဲ့ နေရာလေး တစ်ခုပါပဲ။

နှစ်ထပ်ကျောင်းကြီးက ဟီးဟီးမားမား။ သံဃာတစ်ပါး သီတင်းသုံး နေပါတယ်။ ဟိုးအထက် မော်လိုက်ဘက်က ရှမ်းတိုင်းရင်းသားလို့ သိရပါ တယ်။ ဘွဲ့တော် ဦးကောဏ္ဍညဖြစ်ပါ တယ်။

'အရှင်ဘုရား၊ ဒီမှာ သီတင်းသုံးရတာ အဆင်ပြေရဲ့လား ဘုရား'

မြတ်သူက လျှောက်လေပြီ။

'ပြေပါတယ်'

'အခြောက်အလှန့်တွေ အနှောင့်အယှက်တွေ အခက်အခဲတွေ မကြုံခဲ့



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၄၂) ချိန်းဆော(စက်လှ)ဆရာ မောင်နှင်းကို

ဘူးလားဘုရား'

'ကြံသင့်သလောက်တော့ ကြံခဲ့ပါတယ်။ ဒါပေမဲ့ အဆင်ပြေပါတယ်'

ချက်မရေဘုန်းကြီးက အဆင်ပြေပါတယ်ချည်းပြောနေတော့ ကိုမြတ်သူလည်း ရုတ်တရက် ဘာဆက်လျှောက်ရမည် မသိ။ အံ့သြနေပုံရပါတယ်။

'ငှက်ဖျားရော မဖြစ်ဘူးလားဘုရား'

'တစ်ခါတစ်ရံ ဖြစ်တာပေါ့၊ အဆိုးကြီးမဟုတ်ပါဘူး'

'မဟာမြိုင်မယ်တော်ကြီးရယ်၊ တောစိုးနတ်တွေရယ်နဲ့ရော အဆင်ပြေရဲ့လားဘုရား'

'ပြေပါတယ်။ ဒီလိုပဲ နေရတာပေါ့။ ဒါနဲ့ ဆရာတော်ကြီး ရော နေကောင်းရဲ့လား။ လိုအပ်တာပြောပါ။ တစ်နေ့က ခေါင်နန်းပလ္လင်



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၄၃) ကျောင်းအတွက်လိုအပ်တဲ့သစ်တွေကိုကျွဲနဲ့သယ်ထုတ်

ကျောင်းကို သွားဖူးပါတယ်။ ဆရာတော် တရားအားထုတ်နေတာနဲ့ ဖူးခွင့် မရခဲ့ဘူး။ နောင်အဆင်ပြေရင် ဖူးချင်ပါတယ်'

'ဖူးခွင့်ရမှာပါဘုရား။ တပည့်တော်တို့ လျှောက်ထားပေးပါမယ်'

ချက်မရေ ဘုန်းကြီးကျောင်းမှာ အတော်အသင့်ပြည့်စုံပြီး နေချင့်စဖွယ် တင့်တောင်းတင့်တယ် ရှိပါတယ်။ ရှမ်းဘုန်းကြီးက တောင်ပေါ်တက် ဘုရားဖူးဖို့ စီစဉ်ပေးပါတယ်။

'ဒီမှာ ရပ်ဝေးကလာပြီး အဓိဋ္ဌာန်ဝင်တဲ့သူတွေရှိပါတယ်။ ရန်ကုန်က လည်း လာကြပါတယ်။ ဝိဇ္ဇာလိုင်းက သမထပုဂ္ဂိုလ်တွေ လာရောက် အဓိဋ္ဌာန်ဝင်ကြပါတယ်'

သက်ကယ်ကျင်း အောင်ချမ်းသာ စတဲ့ရွာတွေက ဒေသခံတွေပြော ပြလို့ အဓိဋ္ဌာန်ဝင်သူတွေ လာရောက်လေ့ရှိကြောင်း သိခဲ့ပြီး ဖြစ်ပါတယ်။ သို့သော် အချို့လူတွေက မဟာမြိုင်မှာ သိုက်တူးဖို့လာကြတာဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၄၄) မဟာမြိုင်ကျောင်းဆောက်တာဝန်ခံကိုမြတ်သူ
ချိန်းဆော(စက်လှ)နှင့်သစ်လုံးဖြတ်နေစဉ်

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com





ပုံ(၄၅) ရပ်လုံးပေါ်လာတဲ့ မဟာမြိုင်ကျောင်းနဲ့
ပစ္စည်းသယ်လာတဲ့ဆိုင်ကယ်များ

ဘယ်သူမှတော့ မအောင်မြင်ခဲ့ကြောင်း၊ နောက်ဆုံး အလောင်းထမ်းထုတ်ရတဲ့အထိ အသက်ဘေးကြုံခဲ့ရကြောင်း၊ မရိုးသားတဲ့ ရည်ရွယ်ချက်တွေနဲ့လာရင် မဟာမြိုင်တောကြီးမှာ အန္တရာယ် ကြီးမားလှကြောင်း ဒေသခံတွေက အဖြစ်အပျက်သာဓကတွေနဲ့ ပြောပြကြပါတယ်။

"ဒီမှာ တစ်ခုခုဖြစ်တော့မယ်ဆိုရင် တောင်ဟီသံ ကြားရတယ်။ တောင်ဟီသံ သုံးခါကြားရရင် ဒီမှာ လူသေနေတာ သေချာပြီ" ဟို ဆရာတို့ရန်ကုန်က နာမည်ကျော်စာရေးဆရာ ဗေဒင်ဆရာကြီးရဲ့ အဆက်အနွယ်တွေလည်း ရောက်လာဖူးတယ်။ နှစ်ယောက်လာတယ်။ ပြောတာကတော့ အဓိဋ္ဌာန်ဝင်မယ်၊ ပုတီးစိပ်မယ်ဆိုပြီး လုပ်တာကသိုက်တူးဖို့ လုပ်တာကိုး။ အဲဒီမှာ အကြီးလူ ဆရာလုပ်တဲ့လူ ဝမ်းတွေလျှောပြီး ဖျော့ဖျော့လေး အသက်ငွေ့ငွေ့လေးပဲ ကျန်တယ်။ တောင်ဟီသံကြားလို့ လာကြည့်တော့ သေတော့မယ်။ ရွာကို ခေါ်လာရတယ်။ ဒါပေမဲ့ ရွာမှာပဲ သေသွား



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၄၆) ကျွန်တော်တို့နေခဲ့တဲ့တဲနှစ်လုံး(ယခုမရှိတော့ပြီ)

တယ်. .'

ဒါက ဇာတ်လမ်းတစ်ပုဒ်။ နောက်ဇာတ်လမ်းတစ်ပုဒ်က. .

'ယောဂီအမျိုးသားနဲ့ အမျိုးသမီး အဓိဋ္ဌာန်ဝင်ကြတာ ရက်နည်းနည်းကြာတော့ ငှက်ဖျားမိတယ်။ တစ်ယောက်နဲ့ တစ်ယောက် ပြုစုရင်း ဖိုမဇာတ်လမ်းဖြစ်သွားပုံရတယ်။ ယောကျ်ားက ဖျားလို့သေပြီ။ မိန်းမက ကိုယ့်ဟာကိုယ် လုပ်ကြံပြီး သေသွားတယ် မလွယ်ဘူး။ ဒီမှာ ဖိုမကိစ္စ လွန်ကျူးမှုကို ဒီတောက လုံးဝသည်းမခံဘူး'တဲ့။

မှန်ပါတယ်။ ကြားရသမျှ ဖြစ်နိုင်ခြေရှိတဲ့ဇာတ်လမ်းတွေချည်းပါ။

'မဟာမြိုင်က တောစောင့်နတ် တောင်စောင့်နတ်တွေဟာ အင်မတန်စည်းကမ်းကြီးပြီး သန့်သန့်ပြန့်ပြန့်ကြိုက်ပုံ ရတယ်။ ကျွန်တော်တို့နဲ့တော့ ဖြစ်ပါတယ်'လို့ မြတ်သူက ကောက်ချက်ချသုံးသပ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မဟာမြိုင် ချက်မရတောင်ပေါ်မှာ ဘုရားသုံးဆူဖူးရတာလည်း ကြည်နူးပါတယ်။ ဒီဘုရားတွေ ပြုံးမြောက်အောင်မြင်အောင် တည်ထားခဲ့တဲ့ ရှေးကဆရာတော်တွေ၊ လူပုဂ္ဂိုလ်တွေကို အထူးပဲ ကျေးဇူးတင် ဂါရဝပြု ကြည်ညိုနေမိပါတယ်။ ဘုရားနဲ့ကျောင်းနဲ့ ဇရပ်နဲ့ ဒီလိုနေရာမျိုးမှာ သပ္ပာယ်စွာ တည်ရှိနေတာ အလွန်သာဓုခေါ်အပ်ပါတယ်။

'ဆရာရေ ဝေပုံလ္လာသားတွေ ပြောလိုက်တဲ့ သံခမောက်ဆောင်းလေး ယောက် ဝိဇ္ဇာကြီးလေးပါးက ဘိုးဘိုးအောင်နဲ့ စကြာမင်းသားလေးကို စောင့်ကြပ်နေပုံဟာ စိတ်ကူးကောင်းသလောက် လက်ရာမြောက်လှပါပေတယ်'

ဟုတ်ပါတယ်။ အင်မတန် ထူးခြားပေါ်လွင်နေတဲ့ ရုပ်တုကြီးတွေပါပဲ။ ဒီရုပ်တုကြီးတွေကို ရုပ်ရှင်မင်းသား ကျော်စွာဝင်းရဲ့အဖေ ဆရာဦးချစ်သိန်းက စီမံခဲ့တာလို့ သိရပါတယ်။ မင်းသားကျော်စွာဝင်းဆိုရင် မင်းသားကြီး ဦးဝင်းဦးရဲ့ သားတပည့်လောက်ပဲ သိကြတာ။ ဒီလို ဝိဇ္ဇာတွေနဲ့ ဆက်စပ်နေပုံသိရတော့ တစ်မျိုးတော့ အံ့ဩစရာ ကောင်းနေတာပ။ 'ကုန်းဘောင်ခေတ်'မှာ စကြာမင်းသားလေးကို ရေချတော့ (ရေမှာဖျောက်တော့) ရုတ်တရက် မိုးမှောင်ကြီးကျလာ၊ မိုးခြိမ်းသံကြီးတွေ ကောင်းကင် မြေပြင် ရေပြင် ကွဲမတတ် ပေါ်ထွက်လာ၊ မင်းချင်းတွေ ကြောက်လန့်နေ၊ တစ်ယောက်နဲ့တစ်ယောက် မမြင်ကြရတော့ အဲဒီအချိန်မှာ ဘိုးဘိုးအောင်က စကြာမင်းသားလေးကို လာကယ်သွားတယ်။ စစ်ကိုင်းတောင်ရိုး မင်းကွန်း မြသိန်းတန်ဘုရားမှာ တပ်ထောက်နားပြီး ဘုရား တရား သံဃာဆိုင်ရာ ကျင့်စဉ်တွေကို ဘိုးဘိုးအောင်က စကြာမင်းသားလေးကို သင်ကြားပေးတော့တယ်တဲ့. . ။

'အဲဒီနောက်ကောဆရာ'

'ပြောရင်တော့ ကျယ်ပြန့်လှပါတယ်။ ဆရာဦးညိုမြရေးတဲ့ ကုန်းဘောင်



www.burmeseclassic.com

www.burmeseclassic.com



ရှာပုံတော်စာအုပ်ကြီးမှာလဲ စကြာမင်းသားနဲ့ ဘိုးဘိုးအောင်အကြောင်း အထိုက်အလျောက်ထည့်သွင်း ရေးသားထားတယ်။ ဘိုးဘိုးအောင်နဲ့ စကြာမင်းသားလေး ဇာတ်လမ်းကတော့ မြန်မာ့အသည်းစွဲ ဇာတ်လမ်း တစ်ပုဒ်ပဲ။ ငါတို့ငယ်ငယ်က စကြာရေချဇာတ်ဆိုပြီး ပြဇာတ်ကတာ ကြားလိုက်မိတယ်။ ဗိုလ်အောင်ဒင်မင်းသား ခင်မောင်ရင်ကလည်း စကြာမင်းသီချင်းဆိုခဲ့ပြီး အင်္ဂလိပ်ခေတ်မှာ ဇာတိမာန်နှိုးဆော်ခဲ့ဖူးတယ်။ ကုန်းဘောင်ခေတ်ဆိုတာ ဘာမှ မကြာသေးတော့ စကြာမင်းဇာတ်လမ်း ဟာ တကယ်ဖြစ်ပျက်ခဲ့တာ သမိုင်းအထောက်အထားတွေ ရှိနေတယ် လေ။ ကဲ- ထားပါ။ ပြောချင်တာက ဘိုးဘိုးအောင်ဟာ စကြာမင်းသား လေးကို ကယ်ခဲ့ပြီး သာသနာ့အောင်မြေတွေ တစ်နေရာပြီး တစ်နေရာခေါ် သွားပြီး လေ့ကျင့်ပေးတယ်။ အဓိဋ္ဌာန်တွေ တစ်ခုပြီးတစ်ခု ဝင်ခိုင်းတယ်။ တန်ခိုးကြီးဘုရားတွေ၊ တောတောင်တွေ အောင်မြေနေရာမှန်သမျှမှာ အဓိဋ္ဌာန်ဝင်ရတယ်။ ပြောချင်တာက အဲဒီအောင်မြေတွေထဲမှာ အခု ငါတို့ ရောက်နေတဲ့ မဟာမြိုင်ချက်မရေနေရာလည်း အပါအဝင် ဖြစ်တယ်'

'ဘိုးဘိုးအောင်နဲ့ စကြာမင်းသားလေးတို့ ဒီနေရာမှာ တရားအားထုတ် ခဲ့တာပေါ့'

'ဟုတ်တယ်၊ ဒါဟာ ဓမ္မအောင်မြေပဲ။ ဒီက အောင်ဓာတ်ယူပြီး မဟာမြိုင်ကျောင်းကြီး အောင်မြင်အောင် ဆောက်ရမှာ'

မြတ်သူ အားတက်သွားပါတယ်။ ငြိမ်သက်စွာ ပရိကမ် ပြုပြီးတည် ကြည်စွာ တရားထိုင်လျက် လေးနက်စွာ အဓိဋ္ဌာန်ပြုလိုက်ကြပါတယ်။

သို့သော် ကျွန်တော်တို့ လက်တွေ့လုပ်ဆောင်ရမှာ အခက်အခဲ တွေဟာ လေတိုက်တိုင်း ကြီးထွားလာတဲ့ ဖူးစင်ပေါ်က ဖူးသီးကြီးလိုပါပဲ။ ဒါပေမဲ့ အခက်အခဲတွေအပေါ် ကျွန်တော်တို့ လုံးဝ စိတ်မပျက်မိပါ။ အခက်အခဲတွေကို လက်တွေ့စကားနဲ့ပြောရရင် လေ့ကျင့်ဘက်လိုပဲ



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၅၇) မဟာမြိုင်တောထဲရောက်စ ဆရာတော်ကြီးလည်း
ဖြစ်သလိုသီတင်းသုံးခဲ့ရပါတယ်

သဘောထား လိုက်ပါတယ်။ ဒီအချိန်မှာ ကျောင်းဆောက်လုပ်ငန်းကို ပါဝင် ကူညီပံ့ပိုးပေးမယ့် ဆရာကြီးတွေလည်း မဟာမြိုင်သို့ ရောက်လာကြပါတယ်။ ကျွန်တော်တို့ ကြုံနေရတဲ့ အခက်အခဲတွေကို ကူညီဖြေရှင်းပေးခြင်းမရှိဘဲ အပြစ်တင်ဝေဖန်ခြင်း ပြုခဲ့တာကို ကျွန်တော်တို့ စပ်ဖျဉ်းဖျဉ်း ခံခဲ့ရပါတယ်။

တကယ်တော့ ဒီလို ဖြစ်ပျက်ကြုံဆုံနေရတာတွေဟာ သဘာဝအတိုင်းမဟုတ်ပါ။ ဒီဆရာတွေဟာ ယခင်က အတူတွဲလုပ်လာခဲ့သမျှဘာပြဿနာမှမရှာ။ စိတ်ရင်း စေတနာကောင်းတဲ့သူတွေဆိုတာ ကျွန်တော်တို့သိပြီးဖြစ်ပါတယ်။ မဟာမြိုင်ရောက်မှ မမြင်အပ်တဲ့ နတ်ဆိုးများက ခလောက်ဆန်လို့ ဒီလို အခန့်မသင့်တာတွေ ဖြစ်ရလေခြင်းပါ။ အဲဒီမှာ ကျွန်တော်တို့လည်း စိတ်မောလူမော ဖြစ်နေချိန် သက်သောင့်သက်သာမရှိချိန်မျိုးမှာ ဟန်လုပ်ပြီး သည်းခံမနေတော့ဘဲ စကားများရဲ့



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၄၈) မဟာမြိုင်တောကြီးထဲက ဆောက်လုပ်ဆဲ
အကျွတ်အလွတ်ကျောင်းတော်

တာတွေလည်း ရှိခဲ့ပါတယ်။ အဲဒီလို ကျွန်တော်တို့ဘက်က စိတ်တိုပြီး ပြောဆိုလာရင်လည်း ဆရာကြီးတွေက သည်းခံပေးလေ့ရှိတာ ကျေးဇူးတင်စရာ ကောင်းလှပါတယ်။ (မြစ်ကြီးနားရောက်နေတဲ့ ဗိုလ်မှူးကြည်စိုးဝင်းကလည်း ဆေးဝါး၊ စားစရာရိက္ခာ စသည်တို့ကို အင်တိုက်အားတိုက် ပေးပို့လှူဒါန်းခဲ့တဲ့အတွက် အများကြီး အဆင်ပြေခဲ့ရပါတယ်။)

လူများတော့ နားချိန်မှာ စကားများကြ၊ စကားပြောကြနဲ့ စကားသံတွေက အတိုင်းသား လွင့်ပျံ့နေပြီး ဆရာတော်ကြီး တရားအားထုတ်၊ စားရေးနေတာကို အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်ရပါတယ်။ သူတို့ခမျာ နံနက်လေးနာရီလောက်ထလာရတာ။ ဒီမှာလည်း တောင်တက် တောင်ဆင်း သဲသယ်ရတာနဲ့ ဆာလောင်မွတ်သိပ်နေလိုက်တာ စားချိန်ဆို အားရပါးရပါပဲ။ ကပ္ပိယကြီးက ရှိတာလေး ထုတ်ကျွေး ချကျွေးသည့်တိုင် အောင်လည်း ပြည့်စုံလှသည်တော့မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညဦး (၁၂. ၂. ၀၄ ပြည်ထောင်စုနေ့)တရားထိုင် နေတုန်း ဝုန်းဒိုင်းကြဲ ဆူညံနေတဲ့အသံတွေ ကျောင်းကလေးဆီ ပြန့်လွင့်လာပါတယ်။

'ကျွန်တော်တို့ ခုထိ ထမင်းမစားရသေးဘူး။ မုံရွာက နေ့လယ်က တည်းက ထွက်လာတာ။ လမ်းမှာလည်း ဘာမှ မစားခဲ့ရဘူး။ အခု လူ ၄၀ စာ ထမင်းချက်ပါ။ လောလောဆယ် စားလို့ရတာ သောက်လို့ရ တာတွေ အကုန်ပေးလိုက်ပါ'

ကျွန်တော် မနေသာတော့ပြီ။ ကျောင်းပေါ်ကဆင်းလာတော့ ကပ္ပိယ သာဝကကြီးလည်း ဘာမှမပြောနိုင်တော့။ မှင်တက်လို့ နေပါတော့တယ်။

'ကိုမြတ်သူရော'

ထမင်းလာတောင်းနေသူက ဗလကောင်းကောင်း ဆောင်းညမှ ချွေးသံတရွှဲရွှဲနဲ့။ သူတစ်ယောက်တည်း မဟုတ်ဘူး။ အားလုံး သုံးလေး ယောက်။ အားလုံးဟာ ရန်လိုစိတ်တို့ နေတဲ့ဟန်နဲ့။

'ဟာ. . အဲဒီလူအကြောင်းတော့ မမေးပါနဲ့။ တစ်လမ်းလုံး ထမင်း မကျွေးဘူး၊ မဟာမြိုင်ကို ခုပဲရောက်မှာ။ မဟာမြိုင်ရောက်တော့ ကျွေးမယ် ဆိုပြီး ခု ကားနစ်နေပြီ။ ရုန်းလို့မရဘူး။ လူတွေလည်း ဒေါသထွက်နေပြီ။ ဆာတဲ့လူတွေက ကားပေါ်ပါလာတဲ့ မုန့်လာထုပ်အစိမ်းတွေ ကိုက်စား နေရပြီ'

ကျွန်တော် အခြေအနေကို ရိပ်စားမိလိုက်ပေပြီ။ ကိုမြတ်သူက ထမင်းမကျွေးဘူးဆိုတာ မသထာလို့မဟုတ်။ စေတနာမရှိလို့မဟုတ်။ ဒီလူအုပ်ကြီးကိုကျွေးဖို့ သူ့မှာ ပိုက်ဆံပါကောင်းမှပါမည်။

'ကဲ ခင်ဗျားတို့ ဒီမှာရှိတာစား။ ပြီးရင် ကားနစ်နေတဲ့ နေရာ သွားကြမယ်။ အားလုံးအဆင်ပြေအောင်လုပ်ပေးပါမယ်'

သို့သော် ထိုသူသည် ဒေါသချက်ချင်းမပြေ။ အမှောင်ထဲမှာပင် သူ့မျက် လုံးတွေက အရောင်ထွက်နေပါသေးတော့။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ- သွားစို့ ခင်ဗျားနဲ့ ကျွန်တော် ကားနစ်နေတဲ့နေရာ သွားမယ်။ ကျန်တဲ့လူတွေ ဒီမှာနေခဲ့။ ချက်ပြုတ်နေရစ်ကြ'

ဒီလိုနဲ့ ကျွန်တော်တို့ မှောင်ကြီးမည်းမည်းထဲ ဓာတ်မီး တဝင်းဝင်းနဲ့ ကားပျက်တဲ့နေရာဆီ အမောတကော အရောက်ချီခဲ့ရတယ်။ ကျွန်တော်တို့ ဆန်နီပစ်ကပ်ကားလေး ပျက်တဲ့နေရာမှာ သုံးတန်ကားကြီး မလှုပ်မယှက် နစ်နေပြီး လူတွေလည်း တရုန်းရုန်းနဲ့ ဆူညံပေါက်ကွဲနေပါတော့တယ်။

'မြတ်သူရေ မြတ်သူ'

မြတ်သူအတွက် စိုးရိမ်တကြီးနဲ့ ကျွန်တော် အော်ဟစ်ပြီး အသံပြု လိုက်တယ်။

'ဆရာ လာပြီလား . . ဒီမှာ ရှင်းပြပါဦးဆရာရယ် . . '

လူအုပ်ကြီးက ကျွန်တော့်ဆီ ဝိုင်းလာတယ်။ အားလုံး လူကြမ်း စိတ်ကြမ်းပုံစံတွေ၊ အခက်အခဲ ပြဿနာတွေကို ဘယ်လိုဖြေရှင်းမယ် ဆိုတာ စိတ်မကူးဘဲ ပေါက်ကွဲနေကြတယ်။

'ကဲ စိတ်အေးအေးထားပါ။ ကားမရုန်းနိုင်သေးရင်လည်း မနက်မှ ကြည့်လုပ်ကြမယ်။ အခု လူတွေ ကျောင်းကို သွားကြမယ်။ နီးနီးလေးရယ် ရောက်တော့မှာ။ ဟိုမှာ ချက်ပြုတ်နေပါပြီ။ အားလုံး အဆင်ပြေသွားမှာပါ။ ဒီလိုနေရာမျိုး မဟာမြိုင်တောကြီးဆိုတာ ရောက်ဖို့မလွယ်တဲ့နေရာ၊ ခင်ဗျားတို့ ကုသိုလ်ကြီးလို့ရောက်တာ၊ သည်းခံပါ။ ဒါ သူတော်ကောင်း နယ်မြေပါ။ ဆရာတော်ကြီးကို ဖူးရဖို့ မလွယ်ဘူး'

ကျွန်တော်က နှစ်သိမ့်စည်းရုံး ပြောဆိုသည့်တိုင် သူတို့ ဒေါသတွေ ပြေလျော့သွားခြင်း မရှိသေးပါ။

'ခင်ဗျားတို့ရဲ့ အဖွဲ့ခေါင်းဆောင် ဘယ်သူလဲ၊ အဖွဲ့ခေါင်းဆောင်နဲ့ စကားပြောမယ်'

'ကျွန်တော်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဗလကောင်းကောင်း အရပ်မြင့်မြင့်လူတစ်ယောက် ရှေ့ထွက်လာပါတယ်။ ကျွန်တော် သူ့ကိုလက်ဆွဲ မှောင်ရိပ်ထဲ ခေါ်သွားပြီးတော့-

'ကဲ- ကျွန်တော် တောင်းပန်ပါတယ်။ မြတ်သူမှာလည်း သူ့အခက်အခဲနဲ့သူမို့ပါ။ အခု နာရီပိုင်းအတွင်း အဆင်ပြေ သွားတော့မှာပါ။ ခင်ဗျား လူတွေကို ထိန်းပေးပါ။ အားလုံး အဆင်ပြေအောင် စီစဉ်ပေးပါမယ်'

ကျွန်တော်တောင်းပန်တော့ သူက တွေတွေဝေဝေနဲ့

'ကျွန်တော်ကတော့ မနက်စာ စားခဲ့ရပါတယ်။ တချို့က မနက်စာကို မစားခဲ့ရသေးဘူး။ ညနေစာလည်း မစားရနဲ့ဆိုတော့ ဒေါသတွေ ပေါက်ကွဲကုန်ပြီ။ ဆရာ့တပည့်ကလည်း သိပ်အချိုးပြေတာမဟုတ်ဘူး'

'ဟုတ်ပါတယ်။ ကျွန်တော်သိပါတယ်။ ကဲ ခင်ဗျား လူတွေ ထိန်းပါ။ ဒီက အသံတွေ ကျောင်းကကြားရလောက်အောင် ဆူညံနေတာ မကောင်းဘူး။ ဆရာတော်ကြီး တရားအားထုတ်နေတယ်။ အနှောင့်အယှက် မဖြစ်စေချင်ဘူး။ ဒီလိုနေရာမျိုးမှာ ကုသိုလ်ယူကြစမ်းပါ'

ကျွန်တော်က ဆက်လက်ဖျောင်းဖျတောင်းပန်နေစဉ်မှာပဲ

'ကျုပ်တို့က ကုသိုလ်တွေ ဘာတွေ နားမလည်ဘူး ပိုက်ဆံလိုချင်လို့ ဒီမှာ အလုပ်ရမယ်ဆိုလို့ လိုက်လာတာ'

ဘယ်အချိန်က ရောက်လာမှန်းမသိတဲ့ တစ်ယောက်က ဝင်ပြောတယ်။

'ဟုတ်ပါပြီ။ အလုပ်လည်းရ ပိုက်ဆံလည်းရပါစေ့မယ်။ ကဲ သွားစို့ ကျွန်တော်အားလုံးကို တောင်းပန်ပါတယ်။ ကျောင်းမှာ ထမင်းကျက်နေလောက်ပြီ သွားစို့'

အားလုံးက မြတ်သူ့ကိုပဲ ကျိန်ဆဲနေကြပါတယ်။

ကျောင်းမှာလည်း ဆီဆန် ဟင်းချက်စရာ ပြည့်စုံမယ် မထင်ပါဘူး။ ပန်းကန်အိုးခွက်ကအစ လောက်လောက်ငငရှိမယ်မထင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ ဆီဆန်ပဲတွေလည်း တစ်နိုင်တော့ သယ်ခဲ့ကြစို့'

'ကျုပ်တို့က ကျောင်းအထိ မလိုက်တော့ဘူး။ ဒီက လှည့်ပြန်မှာ'

တချို့က ဗွေဖောက်ပြီး ထအောက်ကြပြန်တယ်။ ကျွန်တော် စိတ်မရှည်နိုင်တော့ဘဲ

'ပြန်လေ- ခင်ဗျားတို့ ခြေကျင်ပြန်လို့ရတယ်များ ထင်လို့လား။ လာခဲ့တဲ့ခရီးကိုလည်းကြည့်ဦး။ ဒီမှာရောက်နေပြီပဲဟာ။ မနက်ကား ကောင်းတော့ ခင်ဗျားတို့သဘောပဲ'လို့ အော်လိုက်ပြီး နောက်ခန်းထဲက ပစ္စည်းတွေကို ဓာတ်မီးနဲ့ ထိုးကြည့်လိုက်ပါတယ်။

ထုံးအိတ်၊ ဘိလပ်မြေအိတ်၊ သွပ်ပြား စတဲ့ ဆောက်လုပ်ရေးပစ္စည်းတွေရော ဆန်အိတ်သုံးလေးအိတ်ရော စုံစီနဖာ တွေ့လိုက်ရပါတယ်။

မြတ်သူအသံလည်း မကြားရတော့။ စိတ်ပန်းလူပန်းနဲ့ပဲ တောလမ်းအတိုင်း ဖောက်ထွက်ကာ ကျောင်းကလေးဆီ ရောက်နေလောက်ပေပြီ။

အဲဒီညက လုံးဝမအိပ်လိုက်ရတော့။ မီးဖိုပတ်လည်ဘေး ဝိုင်းအုံနေတဲ့ လူအုပ်ကြီးဟာလည်း ဆူညံလို့။ သူတို့မျက်လုံးတွေက မီးဖိုပေါ်က ထမင်းအိုး ဟင်းအိုးတွေကို စိုက်ကြည့်လို့။ တချို့ ခွေခေါက်ပြီး အိပ်တဲ့သူ အိပ်လို့. .

ဩော်. . ဒါ အစပဲရှိပါသေးကလား။

ကိုမြတ်သူကား စိတ်ဓာတ်မကျ၊ ဇွဲမလျှော့၊ မဟာမြိုင်ကျောင်းနှင့် အကျွတ်အလွတ်ကျောင်းတော်ကြီးကို အပြီး ဆောက်မည်၊ ဘယ်လောက်ကြာကြာ ကျောင်းပြီးမှ အိမ်ပြန်မည်ဟု ဆုံးဖြတ်ထားပါတယ်။ သို့သော် မိုးမကျမီ ဝါဆိုချိန်အမီ ကျောင်းပြီးဖို့ ရည်မှန်းချက်ထား လုပ်ဆောင်ရမှာဖြစ်ပါတယ်။ မိုးများသော မဟာမြိုင်မှာ မိုးရာသီဆို လမ်းတွေပျက်၊ ဘယ်လိုကားမျိုးမှ ဝင်လို့ထွက်လို့မရတော့။ အင်မတန် အကြမ်းခံပြီး ရုန်းအားကောင်းတဲ့ သစ်ထုတ်ရေးကားကြီးများပင် အနားယူကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကာလဖြစ်ပါတယ်။

အလုပ်တွေက. .

သစ်ခုတ်ရမည်။ သစ်ထုတ်ရမည်။ ကျွဲဆင်လိုသည်။ သစ်ခွဲရမည်။ လွှစင်လိုသည်။ ကျွမ်းကျင်ဝိုင်းဆရာလိုသည်။ခွဲပြီးသစ်တွေ တောင်ပေးပို့ဆောင်ရမည်။ လူအား ယာဉ်အား လိုသည်။ ဘိလပ်မြေ သွပ် သံ စသော ဆောက်လုပ်ရေး ပစ္စည်းတွေ လိုသည်။ ပန်းရံလက်သမား လုပ်အားလိုသည်။ စားသောက်နေထိုင်ရေး ကျန်းမာရေးလိုသည်။ လိုသည်တွေက အများကြီး လိုသည်တွေကို ဖြည့်ဆည်းဖို့ အလှူငွေလည်း အရေးတကြီးလိုနေခဲ့ပေပြီ။

ဒီအတောအတွင်းမှာ သစ်ခုတ်ဖို့စက်လွှ(ချိန်းဆော) သမား မောင်နှင်းကိုကိုရတယ်။ လမ်းတွေ ကားအဝင်အထွက်ကောင်းဖို့မြန်မာ့သစ် လုပ်ငန်းက ကူညီတယ်။ လုပ်ငန်းခွင်မှာ ထိခိုက်ဒဏ်ရာရ ဖျားနာသူတွေရှိတယ်။ လုပ်အားခ ပေးထားသည့်တိုင်အောင် အလုပ်ပင်ပန်းဒဏ် မခံနိုင်လို့ ပြန်ပြေးတဲ့ သူတွေရှိတယ်။ နတ်တလူရဲ့ ဂေါစဂါမ်ဖြစ်တဲ့ ဘူးကုန်းရွာက လုပ်အားရှင်များ အင်နဲ့အားနဲ့ လာရောက်ကူညီသွားတာလည်း အားတက်စရာပါ။

တောင်ပေါ်ကို အုတ်တစ်ခဲ သစ်တစ်အိတ်ရောက်အောင် မနည်းတင်ပို့ ရတာပါ။ ကားကြီးတွေ လမ်းမတ်စောက်လို့ နောက်လန်ရပ်တန့်သွားတာ ကိုယ်တွေ့ပါပဲ။ နောက်ပိုင်းမှာ ကားသုံးလို့မရတော့ ဆိုင်ကယ်နဲ့ပဲ ပစ္စည်းတွေကို ခက်ခက်ခဲခဲ အခေါက်ပေါင်းများစွာ တင်ရပါတယ်။

'ဟဲ့ ခွေးမသား၊ နင့်ကျောင်းက ပြီးပါ့မလား'

'ပြီးအောင်လုပ်မှာပါဘုရား၊ တပည့်တော် အဓိဋ္ဌာန်နဲ့ လုပ်နေတာပါ'

'အေးပါ၊ ငါတို့တည်တဲ့ ဓမ္မစေတီကတော့ ထီးတော်တင် လိုက်ပြီကွဲ့။



www.burmeseclassic.com

www.burmeseclassic.com



တပေါင်းလပြည့်နေ့မှာ ပြီးစီးအောင်မြင်တယ်'

ဆရာတော်ကြီး အမိန့်ရှိတဲ့ 'ဓမ္မစေတီ'မှာ 'နိဒါန်းသတိပဋ္ဌာန်' ကျမ်းကြီးကို ဆိုလိုပါတယ်။ ကျွန်တော်တို့ မဟာမြိုင် ရောက်စ တပို့တွဲလပြည့်က ရေးလိုက်တာ တပေါင်းလပြည့်မှာ နိဂုံးကမ္ပတ် အဆုံးသတ်ရေးသား ပြီးစီးအောင်မြင်ခဲ့ပါတယ်။ ဒီလောက် ခက်ခဲနက်နဲတဲ့ ကျမ်းစာအုပ်ကြီး (မဂ္ဂဇင်းဆိုက် ပုံနှိပ်ပြီး စာမျက်နှာ ၃၇၈ ရှိတဲ့) ကို တစ်လနဲ့အပြီး ရေးနိုင်တဲ့ ဆရာတော်ကြီးရဲ့ ဉာဏ်တော်ဟာ အလွန်အံ့ဩပူဇော်ဖွယ် ဖြစ်ပါတော့တယ်။ (နိဒါန်းသတိပဋ္ဌာန် ကျမ်းစာအုပ်ကို ၂၀၀၅ ခုနှစ် နတ်တလူ သာသနာပြုအသင်းကြီးမှ စီစဉ်ထုတ်ဝေ၍ သုဝဏ္ဏာသျှမ်စာပေမှ ဖြန့်ချိခဲ့ပြီးဖြစ်ပါတယ်။)

ကျွန်တော်လည်း မဟာမြိုင်ကျောင်းဆောက်လုပ်မှု အခြေအနေများကို ကိုယ်တွေ့မျက်မြင် ပါဝင်မှတ်သားခဲ့ပြီး ရန်ကုန်ပြန်လာခဲ့ပါတော့တယ်။ ရန်ကုန်ပြန်ရောက်တာနဲ့ နီးစပ်ရာ ဓမ္မမိတ်ဆွေများကို အတွေ့အကြုံများ ရှင်းလင်း ပြောပြပြီး မဟာမြိုင်မှာ အရေးတကြီး လိုနေတဲ့ 'လိုသည်'များကို ဖြည့်ဆည်းဖို့ အလှူခံရပါတော့တယ်။ အလှူခံရမှာ ရှက်တတ်လေ့ရှိတဲ့ ကျွန်တော့်အဖို့ ပထမဆုံးအကြိမ် ရဲရဲကြီး အလှူခံရခြင်းဖြစ်ပါတယ်။ ရရှိငွေများကို ရွှေဘိုမြို့နေ ဒေါက်တာအိုကေထံ ချိတ်ဆက်ပေးပို့ခဲ့ပါတယ်။ ဒေါက်တာအိုကေဟာ ဘောလုံးစကားနဲ့ပြောရရင် အလယ်တန်းလူပမာ ရောက်ရှိလာတဲ့ အလှူငွေများ ပစ္စည်းများကို စီမံခန့်ခွဲပြီး ရှေ့တန်း မဟာမြိုင်ကို မနားတမ်းပေးပို့ဖြန့်ဝေရပါတယ်။ ရွှေဘိုမှာနေတယ်ဆို ပေမယ့် ဒေါက်တာအိုကေလည်း လုံးဝမနားရရှာပါဘူး။ နတ်တလူ သာသနာပြုအသင်းကြီးမှ ဦးခင်မောင်သန်း၊ ဒေါက်တာလှထွန်းဝင်း၊ ဒေါက်တာသန်းဌေးအောင်၊ မုံရွာမှ ကိုအောင်ထွန်းထွန်းတို့နဲ့ ပတ်လည်ချိတ်ဆက် လှုပ်ရှားရပါတယ်။ နတ်တလူ ဆရာများလည်း ဆိုက်ကယ်ကို တွင်ကျယ်စွာ



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုလျက် မဟာမြိုင်တောကြီးကို အိမ်ဦးကြမ်းပြင်လုပ်ပြီး လွန်းပျံခရီး နှင်နေခဲ့ကြရပါတယ်။ အားလုံး သဒ္ဒါတရားကောင်းကြသလောက် ကိုယ်ပန်းစိတ်ပန်း တာဝန်ကိုယ်စီ ထမ်းခဲ့ကြတာချည်း။ အားလုံးကို ကျေးဇူး မော်ကွန်းတင်လိုက်ရပါတယ်။

နောက်ပိုင်းမှာ မုံရွာက ကိုအောင်ထွန်းထွန်းလည်း သူ့သူငယ်ချင်း ကိုမြတ်သူကို ကူရအောင် မဟာမြိုင်တောထဲ လိုက်လာခဲ့ပါတယ်။ ရန်ကုန် မင်္ဂလာဒုံက အင်ဂျင်နီယာလေး ကိုအောင်နိုင်ထွန်းလည်း သူ့ဆရာ မြတ်သူကို ကူရအောင် မဟာမြိုင်ကို လိုက်သွားပါတယ်။

ဇာတ်ပေါင်းသော်. .

တစ်ဆောင်းလုံး တစ်နွေလုံး ကုန်းကြုံးပြီး အခက်အခဲတွေကို ထိ မထင်ဘဲ ကိုမြတ်သူနဲ့ နတ်တလူဆရာသမားများရဲ့ ဦးဆောင်ကြိုးပမ်း မှုကြောင့် ဒီနေ့ ကျေးဇူးရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး သီတင်းသုံးရာ 'အကျွတ်အလွတ် ကျောင်းတော်ကြီး' တင့်တယ်ဝင့်ထယ်စွာ မဟာမြိုင်တောကြီးမှာ အောင်မြင်စွာ ပေါ်ထွန်းခဲ့ရပါတယ်။ ဒီနေ့ ဆရာ တော်ဖူး ပရိသတ်တို့နားခိုရာ မဟာမြိုင်ကျောင်းတော်ကြီး ပြီးစီးအောင် မြင်ခဲ့တာလည်း ကိုမြတ်သူနဲ့ နတ်တလူဆရာများရဲ့ ကျေးဇူးပါပဲ။

ကျေးဇူးရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး အပေါ် ကြည်ညို စိတ်တစ်ခုတည်းနဲ့ ကြီးမားတဲ့ အခက်အခဲတွေကို ကြီးမားတဲ့ ဇွဲလုံ့လ နဲ့ကျော်ဖြတ်ပြီး ကျောင်းဆောက် သာသနာပြုခဲ့သူများအားလုံး အားလုံးကို ကျေးဇူးမော်ကွန်းရေးထိုးပြီး ဂုဏ်ပြုလိုက်ရပါတယ်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



# မဟာမြိုင်အလှူပွဲတော် အကျွတ်အလွတ်ကျောင်းတော် ရေစက်ချဒါနအခမ်းအနား

မဟာမြိုင်တောကြီးက ပေးလိုက်တဲ့ အထူးလက်ဆောင်ကတော့ ငှက်ဖျားပါပဲ။

နတ်တလူ ဘူးကုန်းက လုပ်အားပေးတွေ အကုန်လုံးနီးပါး တောင်ဖွေးထောက်နေရသတဲ့။ ဒီလောက်သန်မာတဲ့သူတွေ ငှက်ဖျားကြောင့် တစ်ခါတည်း ပျော့ခွေသွားပြီး တောင်ဖွေးထောက်ပြီး သွားလာ နေကြရသတဲ့။ ကျွန်တော်လည်း မဟာမြိုင်ကအပြန် သာစည်က မိဘ ညီအစ်ကို မောင်နှမတွေဆီမှာ ခဏဝင်နားစဉ် ငှက်ဖျားထတော့တာပါပဲ။ ဟိုးလွန်ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၄၉) ဆရာတော်ကြီးအား မဂ္ဂဇင်းစာအုပ်ဆက်ကပ်နေစဉ်

နှစ်ပေါင်း ၂၀ ကျော်လောက်ကတည်းက အမြစ်မပြတ်ခဲ့တဲ့ ငှက်ဖျားဟာ ပင်ပန်းပြီ၊ အားနည်းပြီဆိုရင် ဒီလိုပဲ တံခါးမခေါက်ဘဲ ရောက်ပေါက်လာ တတ်ပါတယ်။ ကျွန်တော့်အဖို့တော့ ငှက်ဖျားဒဏ်ကို အကြိမ်ကြိမ်ခံခဲ့ရလို့ ရိုးနေပါပြီ။ ငှက်ဖျားအတက်ကြမ်းချိန်များမှာဆို လူဟာ ကျောပြင်နဲ့အိပ်ရာ မထိတော့ဘဲ မြောက်တက်သွားတတ်တာတောင် ကြုံရတယ်။ ရောဂါက အသံတိတ်ရောက်လာပေမယ့် လူကတော့ တဟီးဟီးတုန်တက်နေတော့ တယ်။ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၆ မှ ၂၈ ရက်အထိ သာစည်မှာ သုံးရက်လုံးလုံး ငှက်ဖျားဒဏ်ကော့နေအောင် ခံရပါတယ်။ သွေးပေါင် ချိန်က ၅၀/၁၀၀ ဆိုတော့ အလွန်အားနည်းပြီး ကိုရွှေငှက်ဖျားကို မခုခံနိုင် တော့ဘူး။ ၂၈ ရက်နေ့မှာ ပုလင်းကြီးချိတ်ပြီး ဆေးသွင်းတော့မှ ခံသာ လာတော့တယ်။ နေကောင်းတာနဲ့ ရန်ကုန်ပြန်လာပြီး ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီး ရေးသားချီးမြှင့်လိုက်တဲ့ 'နိဒါန်းသတိပဋ္ဌာန်'



www.burmeseclassic.com

www.burmeseclassic.com






ပုံ(၅၀) မဟာမြိုင်အလှူပွဲတော်



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၅၁) မဟာမြိုင်ခရီးစဉ်တစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၅၂)ကျောင်းရေစက်ချတရားပွဲ-မဟာမြိုင်

ကျမ်းစာအုပ်ကြီး ပုံနှိပ်ထုတ်ဝေနိုင်အောင် စီစဉ်ရပါတယ်။

ကိုမြတ်သူလည်း မဟာမြိုင်အကျွတ်အလွတ်ကျောင်းတော်ကြီးကို အောင်မြင်ပြီးစီးအောင် ဆောက်နိုင်ခဲ့ပြီမှ ရန်ကုန် ပြန်ရောက်လာပါတယ်။ သူကြုံတွေ့ဖြတ်သန်းခဲ့ရတဲ့ အခက်အခဲတွေ တစ်ညလုံးပြောလို့ မဆုံးနိုင်တော့ပါဘူး။ ကိုမြတ်သူဟာ အတော့်ကို ချောင်ကျသွားပြီး ဆံပင်တွေ တစ်ခေါင်းလုံး နီးပါးဖြူ အသားအရေက မည်းခြောက်သွားပြီး ပါးရိုးကြီးတွေ ငေါထွက်လာအောင် ပိန်ကျသွားလေရဲ့။ ရန်ကုန်မှာရှိတဲ့ သူ့လုပ်ငန်းတွေလည်း ရုတ်တရက် စုစည်းလို့မရအောင် ဖရိုဖရဲ ပြိုကွဲကုန်ပြီ။

အရေးအကြီးဆုံးကတော့ ကျန်းမာရေး ပြိုကွဲသွားခြင်း၊ အထူးသဖြင့် ငှက်ဖျားနှိပ်စက်လို့ အသံတောင်မထွက်နိုင်တော့လောက်အောင် ယဲ့ယဲ့လေးကျန်တော့တာ။ အားရှိသွားအောင်ဆိုပြီး ကြက်ပေါင်းရည်တွေဘာတွေ လာတိုက်ကြပေမယ့် မြတ်သူက ရာသက်ပန်သက်သတ်လွတ် သမားမို့ မသောက်ဘူး။ ငှက်ဖျားဆေးနည်း အတော်စုံသွားသည့်တိုင်



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၅၃)မောင်သွေးချွန်နှင့်ဇနီးဒေါ်နန်းရွှေအေး

အောင် လုံးဝအရှင်းမပျောက်ဘဲ ဝဋ်နာကံနာလို ခံစားနေရတော့ရဲ့။ လဲလိုက်ထလိုက် ဖုတ်လှိုက်ဖုတ်လှိုက်နဲ့။ စီးပွားရေးက ဘယ်ကစလို့ ဘယ်ဟာလုပ်ရမှန်းမသိ။ လုပ်ကွက်လည်း မယ်မယ်ရရမရှိနဲ့. . ။ နောက်ဆုံးတော့ ဘုရားဆေးတော်ကြီးဆိုတဲ့အညွှန်းနဲ့ နွားနက်က နံနက်ခင်းမှာပေါက်တဲ့သေးနဲ့ ဖန်ခါးသီးကိုစိပ်ပြီး ဆေးအဖြစ် မှန်မှန်မှီဝဲတော့မှ အတော်ကြီးသက်သာလန်းဆန်းလာတယ်။

'ဖန်ခါးသီးတောင်မှ ဟောဒီရန်ကုန်တစ်ဝိုက်ကရတဲ့ အသီးတွေက အာနိ သင်သိပ်မပြဘူး ဆရာရေ့ မကွေးက ဖန်ခါးသီးကမှ တကယ်စွမ်းတာ. . '


နေကောင်းတော့ အသံလေးထွက်လာတယ်။ မဟာမြိုင်တောကြီးထဲမှာ ပေပေတေတေ အနေကြာခဲ့တော့ ငှက်ဖျားက ပျောက်သွားလိုက် ပြန်ပေါ်လာလိုက်. . ။



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၅၄) မဟာမြိုင်ကျောင်း

'ဒီအချိန် ရိပ်သာဝင်ရင် အကောင်းဆုံးပဲ။ စီးပွားရေးကလည်း လုပ်ကွက်မရှိနဲ့ဆိုတော့ ဉစ္စာမရ ပညာရ ပညာမရ ကုသိုလ်ရ တစ်ခုခုတော့ ရမှဖြစ်မယ်'

ဒီလိုနဲ့ လုံးချာလည်နေရာက မကွေးရေနံချောင်းဘက် ရောက်သွားတယ်။ ဆရာတော်အရှင်အာဒိစ္စရံသိ (စာရေး ဆန်းလွင်) တရားစခန်းမှာ တရားဝင်ရင်းနဲ့ မြတ်သူလည်း ကျန်းမာရေး ပြန်ကောင်းလာတယ်။ မဟာမြိုင်က ပြန်လာပြီး လေးငါးလလောက်ဟာ ကိုယ့်ကိုယ်ကိုယ် ပြန်လည်တည် ဆောက်ရေးကာလပါပဲ။

မကြာခင်မှာပဲ နတ်တာလူဆရာကြီးများဆီက ဝမ်းမြောက်ဖွယ်သတင်း ဝင်လာပါတယ်။

'ဆရာတော်ကြီး ဝါဆိုအမီ ကျောင်းတက်နိုင်ခဲ့ပါပြီ . . အားလုံးသော အလှူရှင်များရဲ့ကိုယ်စား ကျွန်တော်တို့ပဲ ကျောင်းရေစက်ချတရားနာခွင့်



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၅၅) မဟာမြိုင်တောကြီးမှ ဆရာတော်ဘုရားကြီးသီတင်းသုံးရာ အကျွတ်အလွတ်ကျောင်းတော်

ရလိုက်ပါတယ်'

အဲဒီမှာ ၁-၈-၂၀၀၄ နေ့မှာ ဒေါက်တာသန်းထွေးအောင်က ဆရာတော်ကြီးကို ဓာတ်ပုံရိုက်တော့ အံ့ဖွယ် ဆန်းကြယ်လှတဲ့ အလင်းတန်းကြီးဟာ ကင်မရာထဲ ဝင်ရောက်လာပါတော့တယ်။ ဒီအလင်းတန်းကြီးဘာလဲ ဆိုတာလဲ ဘယ်သူမှ အဓိပ္ပာယ်မဖွင့်နိုင်၊ ဒေါက်တာသန်းထွေးအောင်က ဓာတ်ပုံကူးပြီး ကျွန်တော့်ဆီကို ပို့ပေးပါတယ်။

'ဆရာရေ. . ကျွန်တော်တို့လည်း ယောဂီတွေပဲ၊ ဘာမှ လုပ်ကြံဖန်တီးစရာ မလိုပါဘူး။ ကွန်ပျူတာနဲ့ ဖန်တီးထားတာလဲ မဟုတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင် ရိုက်တာ၊ ဓာတ်ပုံဆိုင်ကလည်း အံ့ဩနေပါတယ်' လို့ ဒေါက်တာသန်းထွေးအောင်က ဆိုပါတယ်။ မည်သို့ပင်ဖြစ်စေ ဆရာတော်ကြီးကို လူတွေသာမက နတ်နှင့်ဝိဇ္ဇာများ နာမ်လောကသားများပါ အထူးကြည်ညိုနေကြတာကတော့ မြေကြီးလက်ခတ်မလွဲပါဘူး။

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com







ပုံ(၅၆) ဆရာမင်းချစ်သူနှင့်ဆရာဝင်းမင်းထွေး



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၅၇) ဆရာတော်ကြီးကျောင်းတော်ရှေ့မှာ မောင်သွေးချွန်နှင့်ဝင်းမင်းထွေး

အဲဒီတော့ အားလုံးဟာ မဟာမြိုင်က စခန်းသိမ်းပြီး ပြန်လာကြတော့ ဆရာတော်ကြီးတစ်ပါးတည်း ကျန်ခဲ့တော့တာ။ တချို့က စိတ်ပူကြတာပေါ့။ ဆရာတော်ကြီး ကျန်းမာ ရေး ဆွမ်း ကွမ်းအရေး. . စသည်. . ။

ဆရာတော်ကြီးကတော့ ဘယ်လိုအကြောင်းပြချက်နဲ့မှ ဘယ်သူ့ကိုမှ လက်မခံခဲ့ပါ။ ဘယ်သူမှ မလာစေရပါ။ ဝါကျွတ်ချိန်မှာတော့ ဒေါက်တာလှထွန်းဝင်း၊ ဒေါက်တာဆန်းထွေးအောင်တို့ ဆရာတော်ကြီးကို ကျန်းမာရေးဆေးစစ်ဖို့ မဟာမြိုင်တစ်ခေါက် ရောက်ပါတယ်။ သတင်းကတော့



www.burmeseclassic.com

www.burmeseclassic.com






ပုံ(၅၈) မဟာမြိုင်တော်အဝင် အဆိုတော်သျှို

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာရှိရာယ် ဆိုတာလောက် ပါပဲ။

ကျွန်တော့်ဆီလည်း အနယ်နယ်အရပ်ရပ်က (နိုင်ငံခြားကတောင်ပါ သေးရဲ့) ဖုန်းဆက်ပြီး ဆရာတော်ကြီးသတင်း တွေမေးနေကြပါတယ်။ အားလုံးက ဖူးချင်နေကြတာပါပဲ။ ကျွန်တော်လည်း ဖူးခွင့်ရလျှင် အကြောင်းကြားပါမည်။ ဆရာတော်ကြီးနေကောင်းပါသည်။ တရားအား ထုတ်နေပါသည်။ မေတ္တာပို့နေပါသည်။ ဆရာတော်ကြီးအား ဖူးတွေ့ခွင့်ရ အောင် ည ၇ နာရီတစ်ကြိမ်၊ နံနက် ၄ နာရီတစ်ကြိမ် တရားအားထုတ် ကြပါ။ မင်းဘိသိက်ခံဂါထာ ရွတ်ဆိုပူဇော်ကြပါ စသည်ဖြင့် ပြန်ကြား ရေးလုပ်နေရပါတယ်။ မင်းဘိသိက်ခံဂါထာနဲ့ ဆရာတော်ကြီးပုံတော် ရိုက်နှိပ်ထားတဲ့ ကတ်ပြားလေးတွေလည်း ဗိုလ်မှူးကြည်စိုးဝင်း + ဒေါက်တာခိုင်ခိုင်လင်း မိသားစုက လှူတိုင်းစေ့ရရှိအောင် ဓမ္မဒါနဝေငှ ပေးခဲ့ပါတယ်။

ဆရာတော်ကြီးကို ဖူးခွင့်မရကြသော်လည်း ဆရာတော်ကြီးရဲ့ ကျမ်းစာအုပ်များကတော့ ၂၀၀၆ ခုနှစ်အထိ ပုံမှန် ထွက်ရှိနေခဲ့ပါတယ်။ နတ်တလှူသာသနာပြုအသင်းရဲ့ကိုယ်စား ကျွန်တော်ပဲ တာဝန်ယူ စီစဉ် ထုတ်ဝေခဲ့ပါတယ်။ သို့သော် ၂၀၀၇ ခုနှစ်ကစပြီး စာအုပ်ထုတ်ဝေမှုက တုံ့ဆိုင်း သွားခဲ့ပါတယ်။ စာအုပ်ဈေးကွက် အေးစက်သွားတာရယ်. . ထုတ်ဝေပြီးမကုန်ဘဲ ကျန်နေတဲ့စာအုပ်တွေ သိုလှောင်သိမ်း ဆည်းထား ရတဲ့ အခက်အခဲတွေကြောင့်ပါပဲ။ စာအုပ်တွေထားဖို့ အခန်းတစ်ခန်း သီးသန့်ငှားရပါတယ်။

စာအုပ်စင်ကြီးကြီးလုပ်ပြီး စာအုပ်တွေကို ကဒ်ပုံးတွေထဲထည့်၊ ကဒ်ပုံး တွေထပ်ကာဆင့်ကာ စီကာနဲ့ စာအုပ်တွေ သိမ်းထုပ်ရပါတယ်။ ဆိုင်တွေ ကမှာရင် တစ်အုပ်မှာလည်း သွားပို့ ငါးအုပ်မှာလည်းသွားပို့ လက်ငင်း



www.burmeseclassic.com

www.burmeseclassic.com



ရတာလည်းရှိ အကြွေးပေးရတာလည်းရှိ များများယူတဲ့ဆိုင်တွေ ငွေချန်ပေးရပါတယ်။ ကြွေးတောင်းသွားတော့ တစ်ပတ်ကို နှစ်ထောင်ရတာလည်းရှိ တစ်သောင်းရတာလည်းရှိ၊ ဒီလိုပဲ စိတ်ရှည် ရှည်စုဖူပြီး နောက်စာအုပ်ထွက်နိုင်အောင် ကြိုးစားရပါတယ်။

ဆရာတော်ကြီးရဲ့ စာအုပ်တွေနဲ့ပတ်သက်ပြီး 'မြင့်တယ်၊ ဖတ်ရတာခက်တယ်'လို့ စာဖတ်နာတဲ့ပညာတတ်များကတောင် ဆိုကြပါတယ်။ တစ်နေ့ကပဲ ဆရာတော် မေတ္တာရှင် (ရွှေပြည်သာ)ကို သွားဖူးတော့ -

'ဆရာတော်ကြီး နေကောင်းရဲ့လား၊ ဆရာတော်ကြီးစာတွေက သိပ်မြင့်လွန်းနေတယ်။ စာရေးဟန်က ကာရန်အသံတွေ ချိတ်ချိတ်ပြီးရေးတော့ ရေးဟန်ကလှတယ်။ စကားလုံး အဆန်းတွေ ဥပမာအလင်္ကာသစ်ကလေးတွေနဲ့ဆိုတော့ စာပေအရသာခံလို့ကောင်းတယ်။ တရားပိုင်းကလည်း တကယ့် ခန္ဓာကိုယ်တွေ့တွေ ရေးထားတော့ စာသမားသက် သက်တွေအတွက် ခိမ်းနေတယ်။ ဦးဇင်းလည်း တရားပြနေတော့ ဆရာတော်ကြီးစာတွေ ကြိုးကြိုးစားစားဖတ်ပါတယ်။ ဆရာတော်ကြီးတရားတွေကို ဒကာကြီး ပြန်ရေးပြ ပြန်ရှင်းပြတာကတော့ ပရိသတ်နဲ့အတော်ပဲ. . 'လို့ အားရပါးရ အမိန့်ရှိ ပါတယ်။

စာဖတ်အားကောင်းတဲ့ ပညာတတ်ယောဂီတစ်ယောက်ကတော့

'ဆရာတော်ကြီးစာတွေက ကိုယ်ပိုင်ဉာဏ်နဲ့ရေးတာ ထင်ရှားပါတယ်။ ဆရာတော်ကြီး စကားနဲ့ပြောရရင် အကောင်းလွန်၍ အလွန်ကောင်းနေတာပါ။ အာရုံများတဲ့သူတွေ ဇောမြန်နေသူတွေဖတ်ရင်တော့ ခက်တယ်လို့ ပြောမှာပေါ့။ ဒီနေ့ခေတ်လူတွေရဲ့ဘဝတွေက ရုန်းကန်နေရတာ ပြင်းထန်လွန်းတော့ တရားဓမ္မကို အလွယ်တကူ လက်ခံနိုင်စွမ်းမရှိဘူး။ ဆရာတော်ကြီးက လူတွေနားလည်အောင် ဥပမာပေးရေးထားတာတွေ အများကြီးပါတယ်။ ဥပမာ - နိဒါန်းသတိပဋ္ဌာန်စာအုပ်ကြီးထဲမှာ မင်္ဂကိစ္စနဲ့ ပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်ပြီး ဘယ်လိုဥပမာပေးထားသလဲဆိုတော့. . .

မင်္ဂလာပြီးတော့လည်း တရားကတော့ ဆက်အားထုတ် နေရတာပဲ။ ဘောလုံးကိုသွင်းပြီး နောက်ပြန်ဆင်းလာရသလိုပဲတဲ့။ အဲဒါ ဘယ်လောက် ရှင်းသလဲ။ ကျွန်တော်တို့လို ဘောလုံးဝါသနာအိုးတွေအတွက် ကွင်းခနဲ ကွက်ခနဲ လင်းလက် မြင်သာတဲ့ဥပမာအလင်္ကာပါပဲ'လို့ ဆိုပါတယ်။

လူအမျိုးမျိုး စိတ်အထွေထွေပါပဲ။

ကျွန်တော့်အိမ်က စာအုပ်စင်ကို ရှင်းလိုက်ရမှာတော့ လား. . လား. . ခြတွေ. . ခြတွေ မွမွရွရွတက်နေလိုက်တာ ရစရာမရှိအောင်ပါ ပဲလား။ ကျွန်တော်တို့ တစ်အိမ်လုံး တစ်မိသားစုလုံး ခြတွေနဲ့ နပမ်းလုံးကာ စာအုပ်တွေကို သန့်ယူရပါတယ်။ ရေကြီးတုန်းကလည်း စာအုပ်စင်နှစ်ဆင့် ထိမြုပ်၊ ကုတင်ပေါ် စာအုပ်တွေရွှေ့တင်တော့ ကုတင်ကျိုးကျ၊ ရေတွေက ဒလဟောဝင်လာလိုက်တာ ကုတင်မြုပ်တဲ့အထိပါပဲ။ နောက်တစ်ရက် ရေပြန်ကျသွားတော့ စာအုပ်တွေ ပျက်တာပျက် စိုတာစိုပြီး ကျန်ခဲ့ပါတယ်။ နေလှန်းလိုက်ရင်လည်း စာအုပ်တွေ ကော့တက်လာတတ်လို့ ပန်ကာလေ နဲ့ မှုတ်ပြီး အခြောက်ခံရပါတယ်။ နေရာကလည်း နှီးဆီဘူးထဲ မီးခြစ်ဘူးထဲ နေရသလို ကျဉ်းလှတော့ စာအုပ်တွေဖြန့်မထားသာပါဘူး။ ခြောက်သင့် သလောက်ခြောက်တော့ စာအုပ်တွေ ကဒ်ပုံးတွေထဲပြန်ထည့် ပြန်စီ ပြီးချိန် မှာ ရေစာတ်ပါတဲ့ စာအုပ်တွေဟာ ရေကြီးတုန်းကပါလာတဲ့ မြေမှုန်တွေနဲ့ ရောပြီး ခြတွေဖြစ်လာတယ်လို့ထင်ပါတယ်။ ခြတွေဟာ မကောင်းဆိုး ဝါးကောင် အငယ်စားလေးတွေပါပဲ။ မိစ္ဆာတွေရဲ့ ကိုယ်စားလှယ် စစ်စစ် ပါပဲ။

ဒီလိုနဲ့ သုံးနှစ်လောက် စာအုပ်ထုတ်ဝေရေး ရပ်တန့်သွားခဲ့ပါတယ်။ စာဖတ်ပရိသတ်ကြီးအတွက် ဆရာတော်ကြီးရဲ့ တရားတော်များနဲ့ အဆက်ပြတ်မသွားအောင် ပေါ်ပြူလာဂျာနယ်၊ နေလဂျာနယ်နဲ့ အခြား



www.burmeseclassic.com

www.burmeseclassic.com



သောမဂ္ဂဇင်းများမှာတော့ စဉ်ဆက်မပြတ် ဖော်ပြနိုင်ခဲ့ပါတယ်။

ဆရာတော်ကြီးရဲ့ ဓမ္မစာပေများကို အလေးအနက် ထားသူများက တော့ အမြဲစောင့်ဖတ်ကြပါတယ်။ မရှင်းတာ ရှိရင်တော့ ကျွန်တော့်ကို မေးကြ၊ ပြီးတော့ ဆရာတော်ကြီးကို ဖူးချင်ကြနဲ့။ ပရိသတ်အသစ်တွေ လည်း အစဉ်အမြဲ တိုးပွားနေပါတော့တယ်။ ရေတွင်းကလေးငယ်ပေမယ့် ခပ်လေ ထွက်လေဆိုတာလိုပဲ စာပေနဲ့ သာသနာပြုရတာ ပရိသတ် တိုးပွားလို့သာ နေပါတော့တယ်။

'ဆရာကြီးမင်းသိခ်ရဲ့အခန်းမှာ မဟာဗောဓိမြိုင်ဆရာတော်ကြီး တစ် ပါးတည်းရဲ့ပုံတော်ကိုသာ ချိတ်ဆွဲထားတယ်' လို့ ဆရာမင်းသိခ်ရဲ့တပည့် တစ်ဦးက လာပြောပါတယ်။ ဒါကြောင့် သူလည်း ဆရာတော်ကြီး ကိုဖူးချင် လို့ ဆရာသွေး တို့သွားရင် ခေါ်ပါဦးလို့ လာပြီး စာရင်းပေးထားပါတယ်။ အဲဒီလို အကြောင်းကြောင်းနဲ့ ဖူးချင်သူတွေကို ကျွန်တော် ဘယ်လို ခေါ်ဆောင်သွားရမှာပါလိမ့်။

'ဆရာသွေးရေ. . တိုးတိုးတိတ်တိတ် ကိစ္စလေးတစ်ခုတော့ ပေါ်လာ ပြန်ပြီ။ ထုံးစံအတိုင်း သိုသိုသိပ်သိပ်ကလေး။ ပြောရမယ့်ကိစ္စကတော့ မဟာမြိုင်မှာ ကျောင်းဆောက်တုန်းက ပါဝင်ခဲ့တဲ့ အလှူရှင်တွေကို အခု ကဆုန်လပြည့်မှာ ကျောင်းရေစက်ချအလှူပွဲ လုပ်မယ်ဆိုတာ ပြောပြပါ။ ပြီးတော့ ဆရာသွေးနဲ့ ကိုမြတ်သူပဲ ဦးဆောင်ပြီးတော့ အလှူရှင်တွေကို ရွှေဘိုအရောက်ခေါ် လာခဲ့ပါ။

နတ်တလူ ဆရာကြီးများထံက ညွှန်ကြားလွှာရောက် လာခဲ့ပေပြီ။

ဒီအချိန်မှာ ကျွန်တော်က လောကပါလမဂ္ဂဇင်း စတင် ထုတ်ဝေ နေချိန်. . ။

မဂ္ဂဇင်း ရုံးတင်နိုင်အောင် နေ့ညတွန်းလုပ်၊ အလှူရှင် တွေကို သိုသို သိပ်သိပ်ကလေး အကြောင်းကြား၊ သွားဖို့လာဖို့ ချိန်းချက်လူစုတာတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုမြတ်သူကြည့်လုပ် . .။ ဖုံးဖုံးဖိဖိ စိစဉ်နေတဲ့ကြားက သိတဲ့သူတွေလည်းသိသွား။ သတင်း ပေါက်ကြားမှုကြောင့် တချို့လာပြီးရန်တွေ့၊ တချို့လှူဖွယ် တွေလာပို့ကြ၊ ကျွန်တော့်အခန်းလေး ပြည့်လျှံသွားတော့တာပါပဲ။

'ကျွန်တော်တို့ကတော့ မိသားစုတွေပါ ခေါ်သွားမှာ။ မိသားစုပါဖူးမြော်ခွင့်ရှိတယ်။ ဆရာသွေးလည်း ခေါ်ချင်ခေါ်ခဲ့ပါ'

နတ်တလူမှ ထပ်ဆင့်သွန်ကြားလှာ ရောက်လာ။ ဒီ တော့မှ ဘဝတစ်လျှောက်လုံး ကျွန်တော်လုပ်ချင်ရာ လုပ်နေတာတွေမှာ ပါရမီဖြည့်လာခဲ့တဲ့ ဇနီးဒေါ်နန်းရွှေအေးလည်း နိုးကြားလာကာ 'ကျွန်မလည်းလိုက်မယ်'လို့ အဆိုပြုလာပါတော့တယ်။ ကျွန်တော်လည်း သွားလေရာခေါ်သွားလေ့မရှိ၊ ကျွန်တော်သွားလေ့ရှိတာတွေကလည်း ဘုရားကြို ဘုရားကြား၊ တောကြိုတောင်ကြား၊ ကိုယ့်ဟာကိုယ်တောင် အနိုင်နိုင်။ ပြီးတော့ အိမ်မှာ ကလေးနှစ်ယောက်နဲ့ဆိုတော့ ခေါ်သွားလေ့ မရှိပါဘူး။ ပြီးတော့ ကျွန်တော့်ဇနီးက စက်ချုပ်တာဆိုတော့ သူ့အပ်ထည် ရက်ချိန်းတွေနဲ့ ခွင့်သာခိုက်တောင်မှ လိုက်ရ လေ့မရှိတတ်ပါဘူး။

'ကျွန်မလည်း ဆရာတော်ကြီးကို သာစည်မှာ ဆွမ်းလောင်း၊ ညတရားပွဲမှာ တရားနာပြီးကတည်းက မဖူးရတော့ပါဘူး။ ဆယ့်လေးငါးနှစ်ရှိပါပြီ။ ဆရာတော်ကြီးကို ဖူးချင်လွန်းလို့ ညတိုင် တရားထိုင်ပြီးတိုင်း ဆုတောင်းခဲ့တာ။ ခုတော့ ဆုတောင်းပြည့်ပြီထင်ပါရဲ့'လို့ မရဲတရဲ အဆိုပြုရှာတယ်။

'ဆရာသွေးက သူ့အဖွဲ့တွေ သွားရေးလာရေး စီစဉ်ရမှာ ဆိုတော့ အလုပ်များပါတယ်။ အစ်မကြီး ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ'လို့ ဗိုလ်မှူးကြည်ဖိုးဝင်းနဲ့ ဒေါက်တာခိုင်ခိုင်လင်းတို့က ဖိတ်ခေါ်ပါတယ်။ မှီရတဲ့မျက်နှာဆိုတာ ဘာဟုတ်သေးလို့လဲ။ ဒေါ်နန်းရွှေအေး ရတနာပုံကြီးဆိုက်သလို ပျော်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးနဲ့ ဆရာမလည်း ဆရာတော်ကြီး ဖူးရမှာမို့ အလွန်တက်ကြွ ပျော်ရွှင်ပြီး လှူဖွယ်ဝတ္ထုကအစ အကောင်းဆုံးဖြစ်အောင် စိတ်ကူး ယဉ်စီစဉ်ပျော်ရွှင်နေကြပါတယ်။ ဒါနဲ့ သူတို့က မန္တလေးကို လေယာဉ်ကြီးနဲ့ အဆင့်မြင့်မြင့်ထွက်ခွာ သွားချိန်မှာ ကျွန်တော်တို့က ဟိုလူစောင့်ရ ဒီလူဖုန်းဆက်ရ၊ အဝေးပြေးကားဝင်းကြီးထဲ အထုပ်တစ်ရာကို ဥစ္စာခြောက် ရန်နဲ့ . ။ ဒီလိုနဲ့ပဲ ရွှေဘိုရောက်ခဲ့ကြတာပါ။

ရွှေဘိုဒကာ ဒကာမများကလည်း လိုလေသေးမရှိအောင် ကျွေးမွေး စီစဉ်ဆောင်ရွက်ပေးကြပါတယ်။ ဆရာတော်ကြီးဖူးရအောင် ဂျပန်က မီရာ လေယာဉ်နဲ့ အပြေးရောက်လာတဲ့ ဆရာတော်ကြီးရဲ့ ရဟန်းဒကာ ကျောင်းဒကာ အဖွဲ့လည်း ရွှေဘိုမှာ ရောက်နှင့်နေပါတယ်။ ကျွန်တော်တို့ အဖွဲ့မှာ တေးရေးဆရာ ဝင်းမင်းထွေး၊ မင်းချစ်သူနဲ့ အဆိုတော် သျှီတို့လို နိုင်ငံကျော်များလည်း ပါလာပါတယ်။ ဆရာတော် အရှင်အာဒိစ္စရံသီ (ဆရာဦးဆန်းလွင်)ရဲ့သမီး ယာယာနဲ့ အမေကြီး ဒေါ်မြင့်မြင့်လွင်တို့ရော အခြားသော အလှူရှင်များရော တကယ့်ကို စုံတောမြိုင်ဇာတ်အဖွဲ့ကြီးပါပဲ။

ကျွန်တော်တို့အဖွဲ့ကြီးဟာ ၁၃၆၉ ခု ကဆုန်လဆန်း ၁၄ ရက် နံနက် စောစော ရွှေဘိုမှ ထွက်လာခဲ့ကြပါတယ်။ လမ်းမှာ ကျွေးမွေးဧည့်ခံတာ လည်း ရွှေဘိုဒကာ ဒကာမများပါပဲ။ ပျော်ပျော်အုန်းအုန်း တရုန်းရုန်းနဲ့ပဲ နေ့လည်လောက်မှာ မဟာမြိုင်တောကြီးဆီ ရောက်ခဲ့ကြပါတယ်။

မဟာမြိုင်အလှူပွဲတော်ဆိုတဲ့ ကမ္ပည်းမော်ကွန်းရေးထိုးထားတဲ့ မုခ်ဦး ဆိုင်းဘုတ်ကြီးကလည်း စိတ်လှုပ်ရှားကြည်နူး စေခဲ့ပါတယ်။ သာသနာ့ အလံတွေ တလူလူ လွှင့်တင်ထားတာလည်း အားတက်စရာပါ။ မဟာမြိုင် တောကြီးဟာ ချက်ချင်းပဲ စည်ကားသက်ဝင် ပျားပန်းခပ်လှုပ်ရှားသွား ပါတော့တယ်။

ကျွန်တော် ခွေးတွေသံတွေနဲ့ပဲ အကျွတ်အလွတ် ကျောင်းတော်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရောက် ဆရာတော်ကြီးရဲ့ ခြေတော်အစုံကို ဦးခိုက်ပူဇော်ကြကာ တစ်သုတ်ပြီးတစ်သုတ် လှူဖွယ်ဝတ္ထု အစုစုကို ဆက်ကပ်ကြပါတယ်။ ဆရာတော်ကြီးကလည်း တစ်ယောက်ပြီးတစ်ယောက် တစ်ဖွဲ့ပြီးတစ်ဖွဲ့ကို နှုတ်ဆက် တရားနဲ့ ဩဝါဒပေး ချွေးသိပ်နေရပါတယ်။

မဟာမြိုင်အလှူပွဲတော်

၁၃၆၉ ခု ကံဆုံလပြည့်နေ့

ကဆုန်လို့မရေး ကံဆုံလို့ရေးထားတာ ထူးခြားသိသာ နေပါတယ်။ ကံချင်းဆုံတဲ့ ကံဆုံလအဓိပ္ပာယ်တွေ အပြည့်အဝနဲ့ပါပေ။

နောက်တစ်နေ့ နံနက် ၁၃၆၉ ကဆုန်လပြည့် (၁၀ မေ ၂၀၀၇)မှာ နံနက်ပိုင်း ဆရာတော်ကြီးကိုဖူး၊ ကိုးပါးသီလ ယူပြီး တရားဟောမဏ္ဍပ်ကြီးမှာ နေရာယူကြပါတယ်။ မဟာမြိုင်ဝန်းကျင်က ရောက်လာတဲ့ ဒေသခံများလည်း ဖွေဖွေ လှုပ်နေတာပါပဲ။ တချို့ မိုင် ၂၀ လောက် ခြေကျင်လျှောက်လာခဲ့သူတွေလည်း တွေ့ရပါတယ်။

ဆရာတော်ကြီး တရားဟောမဏ္ဍပ်ထဲ ကြွလာပုံကတော့ အရှေ့လောကဓာတ်မှ နေမင်းကြီးပေါ် ထွက်လာသလို တင့်တယ်လှပါတယ်။ ဘုရားကန်တော့ သီလယူပြီးတော့ ဆရာတော်ကြီးက. . တရားရေအေး တိုက်ကျွေးတော်မူပါတယ်။

'ဒါနနဲ့ကင်းတဲ့ လူမျိုးရယ်လို့မရှိ ဒါနနဲ့ကင်းတဲ့ဘာသာရယ်လို့လည်း မရှိပါဘူး။ တစ်ယောက်နဲ့တစ်ယောက် ပေးကမ်းနေကြတာပါပဲ။ ဒါနဆိုတဲ့ ပေးတာ လှူတာမှာ ဘုရားမပွင့်မီကတည်းကပါ။ သို့သော် ဗုဒ္ဓဘာသာမှာ တော့ သာသနာတော်တွင်းဒါနဖြစ်အောင် လှူတတ်ကြရမယ်။ သာသနာပဒါနက ပါရမီမပါဘူး။ ကုသိုလ်ရရုံလောက်ပဲ။ သာသနာတွင်းဒါနကတော့ ကုသိုလ်ဖြစ်သက်သက် မဟုတ်တော့ဘူး။ နိဗ္ဗာန်စေ့စွာဆိုက်အောင် လွတ်အောင်ကျွတ်အောင် လှူရတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ လျှော့တဲ့နေရာမှာ ချုပ်အောင်လျှော့ပါ။

ဖျက်ပြီးရင် ပျက်နေတဲ့ လောကကြီးမှာ ပျက်ပြီးတော့ ပြန်ဖြစ်ရင် စပ်တယ်လို့ခေါ်တယ်။ ဘဝတစ်ခုနဲ့တစ်ခု အကြား ပြန်စပ်တာ ပါရမီမပါလို့။

လျှော့ရာ တန်းရာ ဒါနပြုရာမှာ

ပစ္စည်းကိုစွန့်ပြီး အစွဲကိုလွှတ်ရမှာ။ ဒါမှ ပါရမီမြောက်တဲ့ ဒါန 'စွန့်လွှတ်' ရာရောက်တာ၊ စွန့်က ပစ္စည်းစွန့်တာ၊ လွှတ် က အစွဲလွှတ်တာ။

ပစ္စည်းကိုတော့ စွန့်နိုင်ပါရဲ့ အစွဲက မလွှတ်နိုင်လို့ မချုပ်ဘဲ စပ်နေတာ။ ဒီတော့ ရှုမှတ်မှုတရားအသိမပါရင် စွဲမှာပဲ။ မစွဲအောင် လွှတ်လွှတ်စွန့် ရတယ်။ အလှူပေါ်မှာ ငြိကပ်တွယ်တာမှုမရှိစေရဘူး။ လှူတဲ့ပစ္စည်းတွေ ဝတ္ထုငွေကြေးတွေဆိုတာ ရှာစဉ်တုန်းကလည်း တဏှာ မာန ဒိဋ္ဌိတွေနဲ့ အစွဲ အငြိတွေနဲ့ ရှာထားတော့ စင်ကြယ်ရဲ့လား။

'မစင်ပါဘူးဘုရား'

အေးဗျ- အဲဒီ မစင်တာတွေကို မစင်စွန့်သလို လှည့်ကြည့်သေးလား။

အဲဒီတော့ စေတနာသန့်ရှင်းမှ အကျိုးပေး သန့်ရှင်းမှာ။ နတ်ပြည် ခြောက်ထပ်ဆိုပြီး အဆင့်အတန်း ကွဲပြားနေတာ လှူစဉ်တုန်းက စေတနာ အဆင့်အတန်း ကွဲပြားသွားလို့ အကျိုးပေးရာမှာလည်း အဆင့်အတန်း ကွဲသွားတာ။ လူပြည်မှာတော့ အဆင့်အတန်းက ခြောက်ထပ် က,မထင် ပါဘူးဗျာ။ ဆင်းရဲသား နင်းပြားကစပြီး သူဌေး အဆင့်ဆင့်ထိ ကွဲပြား သွားတာတွေဟာ စေတနာအကြောင်းကံတွေကြောင့်ပဲ။

ဒါ့ကြောင့် လှူတဲ့နေရာမှာ ပစ္စည်းကိုစွန့်ပြီး အစွဲကို လွှတ်၊ စွန့်လွှတ်ပြီး ရှုမှတ်မှုကလေးနဲ့ လှူမှသာ အစွဲကင်းရာ ချုပ်ရာ ငြိမ်းရာ နိရောဓသစ္စာ ဆိုက်ကြကမှာဗျ။

'သာဓု - သာဓု - သာဓု'



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ထံမှ တရားနာပြီးတော့ ရေစက်ချ အမျှဝေ လိုက်ချိန်မှာ သာဓုခေါ် သံတွေ မဟာမြိုင်တောကြီးတစ်ခုလုံး ဖုံးလွှမ်းပဲ့တင်သွားပါတယ်။ တောနက်ကြီးထဲက 'အောင်ပြီ အောင်ပြီ'ဆိုတဲ့ အသံတွေ ဟိန်းထွက်လာတာ နားနဲ့ဆတ် ဆတ်ကြားရကြောင်း ဒေါက်တာခိုင်ခိုင်လင်းနဲ့ ဒေါ် နန်းရွှေ အေးတို့က ပြန်ပြောကြပါတယ်။ အလိုလေး. . ကြက်သီးတွေ တောင် တဖျင်းဖျင်းထလို့။ တသိမ့်သိမ့် ခံစားခဲ့ကြရပါသတဲ့။

'အောင်ပြီ - အောင်ပြီ'ဆိုတာ 'ကျွတ်ပြီ - လွတ်ပြီ'လို့ ဆိုလိုတာပါ။

မဟာမြိုင်တောကြီးထဲမှာ နှစ်ပရိစ္ဆေဒ ရှည်မြင့်စွာ အစွဲသံသရာ လည်နေရရှာတဲ့ မမြင်အပ်များ ပန်ထွာဘုရင်မကြီးရဲ့ ဘက်တော်သားများ ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးကြောင့် ကျွတ်လွတ်ကြပြီ၊ အောင်ကြပြီ ဆိုတာ သဘောပေါက်လိုက်မိတဲ့အတွက် မဟာမြိုင်အလှူပွဲတော်ကြီး ဗွဲ့ချီး ကျင်းပခဲ့တာဟာလည်း မဟာမြိုင်ရဲ့ မမေ့တဲ့နိုင်ပါပဲလို့ မှတ်တမ်းတင် လိုက်ရပါတယ်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# မဟာမြိုင်သံဃာ့ပူဇော်ပွဲကြီးနှင့် စေတနာပြဋ္ဌာန်း လှူသွားလမ်း


၁၃၆၉ ခု ကဆုန်လပြည့် (၂၀၀၇-မေ ၃၀ ရက်)တွင် မဟာမြိုင် အလှူပွဲတော် (အကျွတ်အလွတ်ကျောင်းတော် ရေစက်ချဒါနအခမ်း အနား) ကျင်းပအပြီး ၂ နှစ်ကျော်ခန့် အကြာတွင် မဟာမြိုင် သံဃာ့ပူဇော် ပွဲကြီး ထပ်မံကျင်းပနိုင်ခဲ့ပါတယ်။ ရှေးအစဉ်အလာအရ မဟာမြိုင်တောကြီးမှာ သံဃာအများ ကြွသွားကြွလာ မလုပ်ရ ဒါန သီလ ဘာဝနာ မကျင့်ရဆိုတဲ့ အယူဟောင်းတွေကို ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီးက မေတ္တာခမ္မဖြင့် အောင်ပွဲဆင်လိုက်ခြင်း ဖြစ်ပါတယ်။ မဟာမြိုင် သံဃာ့ ပူဇော်ပွဲကြီးကုတော့ ရွှေဘိုသူ၊ ရွှေဘိုသားများက ဦးဆောင်ပါဝင် စီစဉ် ဆင်နွှဲခဲ့ခြင်းဖြစ်ပါ တယ်။ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး နတ်တာလူမှာ သာသနာပြုခဲ့စဉ်က ရွှေဘို ဒကာ၊ ဒကာမများဟာ အမိက အားထားရတဲ့ သူတွေထဲမှာ ရှေ့ဆုံးက ပါဝင်ခဲ့ပါတယ်။ မဟာမြိုင် သံဃာ့ ပူဇော်ပွဲကြီးကို ရွှေဘိုသူ၊ ရွှေဘိုသားများ ထိုက်ထိုက်တန်တန် ဆင်နွှဲနိုင်



www.burmeseclassic.com

www.burmeseclassic.com






ပုံ(၃၉) မဟာမြိုင်သံဃာ့ပူဇော်ပွဲအခမ်းအနား

ရလိုက်တာ အလွှနိဝမ်းသာစရာ ဂုဏ်ယူစရာ ကောင်းလှပါတယ်။ ဇီးကုန်းမြို့နယ် နတ်တလှူဝန်းကျင်မှ ၁၀ ဦးသာ ပါဝင်ခွင့်ရခဲ့တဲ့အကြောင်း နောက်မှ သိရပါတယ်။

မဟာမြိုင် သံဃာပူဇော်ပွဲကြီးကို ၁၃၇၁ ခု တန်ခူး လဆန်း ၁၃ ရက် (၇-၄-၂၀၀၉)မှာ ကျင်းပခဲ့ပါတယ်။ ကျွန်တော်တို့မှာ ပွဲပြီးမှ နေရာရဆိုသလို သံဃာပူဇော်ပွဲကြီး ကျင်းပပြီးမှ ဒီပွဲကျင်းပခဲ့ကြောင်း လူသတင်းလူချင်းဆောင်ကာ သိခဲ့ရခြင်းဖြစ်ပါတယ်။ တစ်ဆင့်စကားဖြစ်လို့ ပိုပြီးသေချာအောင် ကျွန်တော်တို့ရဲ့ ဆရာကြီးတွေဆီ သတင်းမေး စုံစမ်းတဲ့အခါ. . အလွှန်ဝမ်းသာဂုဏ်ယူစရာ အလွှန်သာစု ခေါ်စရာကောင်းတဲ့ ဒီပွဲကြီးအကြောင်း ဖုံဖုံဖိဖိ ငုံတိကြီး အဖြေပေးကာ လျှို့ဝှက်ထား လိုက်ကြပြန်ပါတယ်။ ပြောချင်သလို မပြောချင်သလို အင်း-အဲနဲ့ လှည်းအိုကြီးမောင်းနေသလို လေးလေးတွဲ့တွဲ့ အဖြေစကားများကိုသာ ပြန်ကြားခဲ့ရပါတယ်။

ကျွန်တော်ကား အကြောင်းသိဖြစ်နေသဖြင့် ကိုယ်တိုင် မဆက်တော့၊ မဆက်ချင်တော့၊ မဟာမြိုင်ကျောင်းတော်ကြီးများကို အောင်မြင်စွာ ဖွဲ့နဘဲနဲ့ ဆောက်လုပ်ခဲ့တဲ့ ကိုမြတ်သူကိုပဲ သတင်းထောက်ခိုင်းလိုက်ပါတယ်။


'ဆရာရေ. . ဘီအမ်ကားကြီးက နှစ်စီး၊ ဟိုင်းလပ်ကားကြီးက တစ်စီး



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၆၀) မဟာမြိုင်မှ ဝေယျာဝစ္စကုသိုလ်ရှင်ကိုခင်မောင်ဝင်းနှင့်အမှတ်တရ

ပါဂျဲရိုးကတစ်စီးနဲ့ တန်ဆူးလဆန်း ၁၀ ရက် ည ၉ နာရီမှာ ရွှေဘိုက ထွက်ခွာသွားပါတယ်တဲ့။ ယောက်ျား မိန်းမ၊ အပျိုကြီး၊ လူပျိုကြီး တစ်ခုလပ် မုဆိုးမ မုဆိုးဖို ဘယ်နှယ်လောက်ပါတယ်ဆိုတာကအစ ကျွန်တော် သိပါတယ်'

ဒီလောက် ဝမ်းမြောက်ဖွယ် သတင်းကောင်းကို ဘာလို့ လျှို့ဝှက်နေမှာလဲ။

'အေးကွာ ခိုင်းစရာမရှိတောလို့ တို့ကို အသိမပေးတာ နေမှာပေါ့။ မဟာမြိုင်ကျောင်းဆောက်တုန်းကလို အခက်အခဲတွေ တင်းကြမ်းပြည့်နေချိန်မှာ အသိပေးခဲ့တာကိုပဲ ကျေးဇူးတင်ရပေသေးတယ်။ မောင်မင်းကြီးသားများ ကျန်းမာချမ်းသာကြပါစေ'

မကြာခင်မှာပဲ မဟာမြိုင်သံဃာ့ပူဇော်ပွဲကြီးအကြောင်း ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၆၁) မဟာမြိုင်တေား မေတ္တာမြိုင်ကျောင်းရှေ့
မောင်သွေးချွန်၊ ဦးခင်မောင်ဆွေ၊ မင်းချစ်သူ

ပြည့်ပြည့်စုံစုံ သိခွင့်ရပါတော့တယ်။

တန်ခူးလဆန်း ၁၀ ရက် ရွှေဘိုက ည ၉ နာရီထွက်

တန်ခူးလဆန်း ၁၁ ရက် မဟာမြိုင်သို့ နေ့လည် ၂ နာရီကျော်မှာ ရောက်

မဟာမြိုင်တောကြီးဝန်းကျင်မှ ပင့်သံဃာများမှာ

(၁) အောင်ချမ်းသာဆရာတော်

(၂) ရွှေမုဋ္ဌောကျောင်းဆရာတော်

(၃) သက်ကယ်ကျင်းဆရာတော်

(၄) ဝေပုံဆရာတော်

(၅) ဟဲခေါင်းကျောင်းဆရာတော်

(၆) တောင်ကုန်းကျောင်းဆရာတော်

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com





ပုံ(၆၂) ဆွမ်းခံအပြီးဆရာတော်ကြီးတရားချီးမြှင့်စဉ်

(၇) တောရကျောင်းဆရာတော်
(၈) နန်းတော်ကျောင်းဆရာတော်
(၉) ချင်းချောင်းဆရာတော်
(၁၀)ကျောင်းကြီးကျောင်းဆရာတော်. . တို့ဖြစ်ပါတယ်။


လှူဖွယ်ဝတ္ထု အစုစုတို့ဖြင့် သံဃာတော်များအား အထွတ်အမြတ်ထား၍ ပူဇော်နိုင်ခဲ့ပါတယ်။ မဟာမြိုင်ဝန်းကျင် အမှီပြုနေတဲ့ကျေးရွာများမှ သံဃာ့ပူဇော်ပွဲကြီးသို့ ရောက်ရှိလာကြတဲ့ ပရိသတ်ကြီးဟာလည်း ဖွေးဖွေးလှုပ်နေပါတယ်။ ပင့်သံဃာများ ကိုယ်စားအောင်ချမ်းသာ ဆရာတော်က အနုမောဒနာတရား ချီးမြှင့်ခဲ့ပါတယ်။ ၁၃၇၁ ခု တန်ခူး လဆန်း ၁၂ ရက် နံနက် ၈ နာရီမှာတော့ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ရေစက်ချတရား ဟောကြားတော်မူခဲ့ပါတယ်။

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com






ပုံ(၆၃) မဟာမြိုင်မှုဥပသသကာကြီးနှစ်ဦးဖြစ်သော
ဦးကျော်ဌေးနှင့် ဦးခင်မောင်



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၆၄) မဟာမြိုင်သွားဂျစ်ဘလူးကား

## စေတနာပြဋ္ဌာန်း လူသွားလမ်းတရားတော်

စေတနာဆိုတာ နှိုးဆော်တိုက်တွန်းတတ်တဲ့သဘော၊ ကောင်းတာကိုလည်း နှိုးဆော်တိုက်တွန်းတတ်သလို မကောင်းတာကိုလည်း နှိုးဆော်တိုက်တွန်းတတ်ပါတယ်။ လူဆိုတာ ဓာတ်ဆောင်ထားတဲ့ ဓာတ်ကောင်ဆိုတော့ 'ဓာတ်ဉာဉ်'ကလေးက ရှိနေတယ်။ ဓာတ်ဉာဉ်ဆိုတာက သန္ဓေတည်ကတည်းက ပါလာတာ၊ ဟိုဘက်ဘဝတွေက ဆောင်ယူလာခဲ့တဲ့ ဉာဉ်စရိုက်တွေဆိုတာ လူ့ဘဝထဲပါလာခဲ့တယ်။ ဒီမှာ လူဖြစ်လာတာက ကုသိုလ်ကံကြောင့်၊ လူကို ကုသိုလ်ကံက တာဝန်ယူတယ်၊ ဉာဉ်ကတော့ ဟိုဘက်ဘဝဆိုတာ တိရစ္ဆာန်အဖြစ်များခဲ့တော့ တိရစ္ဆာန်ဉာဉ်ဓာတ်တွေက တွဲနောက်လိုက်နေပြီ။ ထပ်ကြပ်မကွာ ကပ်ပါလာခဲ့ပြီ။ အဲဒီ တိရစ္ဆာန်ဉာဉ်စရိုက် ကြိုင်ရင် ကြိုက်သလို၊ မကြိုက်ရင် မကြိုက်သလို၊ မသိရင်



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၆၅) မဟာမြိုင်ခရီးစဉ် လမ်းမှာတစ်ထောက်နားစဉ်
(ကျွန်တော်တို့ရဲ့ကားသမားကိုမြင်ဦး)

မသိသလို တုံ့ပြန်လာခဲ့တာတွေက အကုသိုလ်အုပ်စု ကြိုက်ရင် လောဘ၊ မကြိုက်ရင်ဒေါသ၊ ကြိုက်မကြိုက်တွေ တိုက်ပါများတော့ မောဟလာတယ်။ တွေဝေခြင်း မိန်းမောခြင်းတွေနဲ့ သတိလက်လွတ်ဖြစ်လာတာ ကို 'မောဟ' လို့ခေါ်တယ်။ မောဟသည် အားကြီးလာရင် စိတ်ဟာ မစည်းလုံးတော့ဘူး၊ ဆုံးဖြတ်ချက်လည်း ခိုင်ခိုင်မာမာ မချနိုင်တော့ဘူး။ အမှန်အမှား မခွဲခြားနိုင်တော့ဘူး။ ဒီတော့ လုပ်မိလုပ်ရာ လုပ်ကရော။ အရှက်အကြောက်မဲ့တဲ့ အလုပ်တွေ. . ။

စိတ်ဆိုတာ ပါပသ္မိံရမတိမနောလို့ ဘုရားဟောခဲ့တာကိုး။ မကောင်းမှုပဲ စိတ်က ပျော်မွေ့တတ်တယ်။ ကုသိုလ်ကံကြောင့် လူဖြစ်လာရပြီးမှ ဒီဘဝ မကောင်းမှုအကုသိုလ်တွေထဲ ပျော်နေရင် နောက်ဘဝ လူပြန်မဖြစ်တော့ဘူး။ လူ့သွားလမ်းပေါ် မလျှောက်နိုင် မရောက်နိုင်တော့ဘူး။ ဘုံလမ်း အစုန်လမ်းအတိုင်း မျောပါသွားတော့မယ်။ ဘုံလမ်းဆိုတာ အပါယ်ဘုံသား



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၆၆) ဆရာတော်ကိုဖူးမြော်ရန်

တွေ သွားနေတဲ့လမ်း. . အထူးသဖြင့် ကြိုက်ခြင်း၊ မကြိုက်ခြင်း၊ မသိခြင်း တွေနဲ့ သွားနေတဲ့ တိရစ္ဆာန်လမ်းစဉ်. . ။

တိရစ္ဆာန်ဉာဉ်တွေ လူ့ဘဝကပ်ပါလာတော့ ဒီအချိန်မှာ သတိနဲ့ပြုပြင်ယူရမှာ။ လုပ်နေတုန်း သတိထားကြည့် ကောင်းတာလုပ်တဲ့အချိန်လည်း သတိနဲ့စောင့်ကြည့် မကောင်းတာလုပ်လည်း သတိနဲ့ကြည့်၊ လုပ်ပြီးချိန်မှာလည်း ပြန်ကြည့် ကိုယ့်စိတ် ဘယ်လိုနေသလဲဆိုတာ။ အဲဒီမှာ ကောင်းမှုနဲ့ မကောင်းမှုဆိုတာ နေပူကြဲကြဲကြီးထဲ သွားရတာနဲ့ လရောင်အောက် ဖြတ်လျှောက်ရတာလောက် ကွာပါတယ်။


ဉာဉ်ကို သတိနဲ့စောင့်ကြည့်ပြီး ပြုပြင်ယူလိုက်တော့ 'ဉာဏ်'ဖြစ် လာတယ်။ ဉာဉ်ကနေ ဉာဏ်ကိုပြောင်းရမှာနော်။ အကောင်းအဆိုး အကျိုးအပြစ်ကို ခွဲခြားသိမြင်နိုင်တဲ့ ဉာဏ်ကလေးသာ လူပိုင်ပစ္စည်း၊ အသိနဲ့ ဉာဏ်နဲ့သွားတဲ့လမ်းသာလျှင် လူသွားလမ်း။



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၆၇) မန္တလေးအလွှာအပွကျောင်းတိုက်မှ
ဆရာတော်ဦးဉာဏမဟာမြိုင်ကျောင်းရှေ့အမှတ်တရ

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com





ပုံ(၆၈) မဟာမြိုင်ကျောင်းရှေ့ ဆွမ်းလောင်းဖို့စောင့်နေကြစဉ်

စေတနာကတော့ အကောင်းရော အဆိုးပါ နှစ်ဖက်ပိုင်။

ကောင်းတာလုပ်ဖို့ နှိုးဆော်တာလည်း စေတနာပဲ။ မကောင်းတာလုပ်ဖို့ တိုက်တွန်းနေတာလည်း စေတနာပဲ။ စေတနာဆိုတာ ကိုယ်သုံးတတ်မှ ကိုယ်ပိုင်ဖြစ်တာ။

ဒီကိုလာလာ မလာလာ၊ မဟာမြိုင်ကို လာလာ , မလာလာ ကိုယ်ပိုင်စေတနာပါရင် လျှူခွင့်ကြုံတာပါပဲ။ စေတနာသုံးတန်ဆိုတာ ပုဗ္ဗ မုဉ္စ ပရ တဲ့. . ။

ပုဗ္ဗက မလှူမီ. . အခု ရေစက်မချမီအထိ။

ရေစက်ချနေတဲ့အချိန်ကလေးက မုဉ္စ။

ရှေ့ပိုင်းစေတနာ မစင်ကြယ်ခဲ့ရင် ခုရေစက်ချနေတုန်း စင်ကြယ်အောင် ဆေးကြောရမှာ။ အေးအောင်လို့ ရေစက် ချနေတာ၊ သောကဝင်နေရင် ပူမယ်နော်။ အဲဒီတော့ စိတ်ကလေးအေးအောင် သတိကလေး



www.burmeseclassic.com

www.burmeseclassic.com



ကပ်ပြီး ကုသိုလ်အမျှဝေ တတ်ရတယ်။

အပရစေတနာဆိုတာကတော့ အခု ရေစက်ချပြီးတဲ့ အချိန်ကစပြီး မသေမချင်းထားတဲ့ စေတနာမျိုး၊ စေတနာ သုံးဆင့်ချိုးလို့ဆိုနိုင်ပါတယ်။

ဒီတော့ ဒီအလှူပွဲမှာ တိရစ္ဆာန်ဘဝတွေကပါလာတဲ့ ခတ်ဉာဏ်ကို ပယ်ဖျင်မထားနိုင်ရင် အလှူလောဘကြီး ကြီးသလောက် သောကကြီးမယ်၊ ဒီတော့ ဉာဉ်ကို သတိနဲ့ ပယ်သတ်ပြီး ဉာဏ်နဲ့လုပ်ရမှာ။ ဒီအလှူပွဲကြီးကို လူသွားလမ်းက ဝင်ခဲ့သလား၊ ဘုံသွားလမ်းက ဝင်ခဲ့သလား၊ လူသွားလမ်းက ဉာဏ်နဲ့ဝင်နိုင်အောင် ကြိုးစားရမှာနော်။

ခါသုံးကောင် တစ်ကောင်ကောင် ဖမ်းမိပစေ။

စေတနာက တူခဲ့တယ်။ ပုပ္ပ မုဥ္စ အပရ စေတနာ သုံးတန် ညီညွတ်လေ့မရှိဘူး။ မလှူခင်ကတော့ စိတ်မပါဘူး။ မကောင်းတတ်လို့ လှူလိုက်ရတယ်ပဲထားဦး၊ လှူနေတဲ့အချိန်ကလေးမှာ အလှူမြင်ကွင်းလေးကြည့်ပြီး ပီတိဖြစ်လို့ စိတ်အားထက်သန်လာတယ်။ တချို့ကတော့ မလှူခင်စိတ်လိုလက်ရတက်တက်ကြွကြွ၊ လှူလည်းလှူရော ဒေါမနဿတွေ ဝင်လာပြီး လှူဆဲစေတနာ မသန့်ပြန်တော့ဘူး။ တချို့ လှူပြီးမှ နှမြောလားနှမြောနေရဲ့။ တချို့ကျတော့ လှူရတာကိုပဲ ကြည်နူးလို့မဆုံး။

အကျိုးပေးမည့်အချိန်အခါကို ရောက်တော့

ပုပ္ပစေတနာ ထက်သန်သူက ငယ်စဉ်အခါ ချမ်းသာ တတ်ပါတယ်။

မုဥ္စစေတနာ ထက်သန်သူက လူလတ်ပိုင်းအခါမှာ ချမ်းသာတတ်ပါတယ်။

အပရစေတနာကောင်းသူက လူအိုပိုင်းအခါမှာ မပူရ မပင်ရ နေရပါတယ်။

စေတနာမှာလည်း မလှူမီ၊ လှူဆဲ၊ လှူပြီး အခါသုံးခါ၊ ခါသုံးကောင် အကျိုးပေးတော့လည်း ငယ်ခါ၊ ရွယ်ခါ၊ ကြီးခါ ခါသုံးကောင်. . .



www.burmeseclassic.com

www.burmeseclassic.com



ခါသုံးကောင် တစ်ကောင်တော့ ရအောင်ဖမ်းမှဖြစ်မယ်နော် (တစ်ကောင်မှမရဘဲ လွတ်သွားတာတွေလည်း ရှိနေသေးတာကိုး)

တိုင်ငယ်ယယ်တုန်းက တို့ရွာတွေမှာ ပြောလေ့ရှိပါတယ်။

သကြန်သုံးရက်. . အကြိုနဲ့နှစ်ဆန်းတစ်ရက် ဖယ်လိုက် ရင် သကြန် သုံးရက်. .၊ အခါသုံးရက်၊ ခါသုံးကောင်. . သုံးရက်မှာ တစ်ရက် လောက်တော့ ကုသိုလ်လုပ်ဖြစ်မှနော်။ ခါသုံးကောင် တစ်ကောင်ကောင် ရအောင်ဖမ်းလို့ ဆိုပါတယ်။ ဒါက တို့ရွာတွေမှာ တောမှာ ဖမ်းတဲ့အခါ၊ မြို့ဖမ်းတဲ့ ခါကတော့ စီးပွားရှာတာပဲထင်တယ်နော်။

အဲဒီတော့ ဒါန စသော ကုသိုလ်တွေလုပ်စဉ်အခါ ရှေ့ပိုင်း မစင်ကြယ် လို့ အလယ်ပိုင်း ရေစက်ချပြီး ဖမ်းရတာကိုး၊ ရေစက်ချနေတုန်းလေးများ စိတ်ဂဏှာမငြိမ်လို့ အကုသိုလ်ဖြစ် သောကဝင်နေရင် သတိနဲ့ပဲ ဖြေ ဖျောက်ပေးပါ။

လှူညာဏ်များများရချင်ရင် ကုသိုလ်များများ ပွားပေးပါ။

အလှူလုပ်နေတုန်း ပင်ပန်းဆင်းရဲပြီး စိတ်လက်မကြည်ဖြစ်ခဲ့ရင် အလှူ ပြီးချိန် အပရစေတနာပွားဖို့ ခါတစ်ကောင် ကျန်ပါသေးတယ်။ ဒီခါမှလွတ် သွားရင် ဘာမှမရတော့ဘူး။ ဒီတော့ အပရစေတနာလည်း မြင်အောင်ရှုပါ။ အလှူလုပ်တုန်းက ဆယ်သိန်းကုန်ခဲ့တာ ပြန်အာရုံပြုရင် ဆယ်သိန်း ပြန်ရတာပါပဲ။

ဒီမှာ လှူတဲ့အခါမှာ တို့တစ်ပါးတည်းကို အာရုံပြု မလှူပါနဲ့။ သံဃာကို အာရုံပြုလှူပါ။ ဘုရားက ဟောခဲ့တာပဲ။ ပဋိပတ်အကျင့်ကို ကျင့်နေတယ် ဆိုရင် လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် သံဃာမည်၏တဲ့. .။ သံဃာကိုလှူတာ အကျင့်ကိုလှူတာ၊ မျိုးစေ့ကောင်းမှ အပင်ကောင်းမှာ။ စေတနာမှာ ပိုးထိုး လောက်ကိုက် မပါစေနဲ့။ စေတနာထက်သန်ရင် အကျိုးပေးကောင်းမှာပဲ။ မလှူမီ၊ လှူဆဲ၊ လှူပြီး စေတနာညီညွတ်ရင် ခါသုံးကောင်လုံးမိတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကလေးဘဝ၊ လူငယ်ဘဝ၊ လူကြီးလူအိုဘဝ အခါသုံးပါးလုံး ချမ်းသာတဲ့ အကျိုးပေးရတတ်ပါတယ်။

မဟာမြိုင် သံဃာ့ပူဇော်ပွဲကြီး အောင်မြင်စွာ ပြီးဆုံးသွားတဲ့နောက် ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ ကျောင်းတံခါးဖွင့်လိုက်ပြီ (ဝါ) ဆရာတော်ကြီး၏ အဖူးခံပြီးဆိုတဲ့သတင်းတွေ လှိုင်းလုံးကြီးတွေ တဝုန်းဝုန်းတက်လာသလို ကြားနေရပါပြီ။ ဆရာတော်ကြီးဖူးပြီး ပြန်လာသူတွေ ရန်ကုန်ပြန်မရောက်ခင် မုံရွာလောက်မှာ တစ်ထောက်နားနေစဉ်မှာပဲ သတင်းက ဟိန်းထွက်နေပါပြီ။

'ကဲ- မြတ်သူရေ သေချာအောင် ရေရာတာလေးများ လုပ်လိုက်ပါဦးတော့လား'

ကိုမြတ်သူက ကျွန်တော့်ရှေ့မှာပဲ ရွှေဘို-ဇီးကုန်း-မုံရွာ- မန္တလေး- သာစည်-မိတ္ထီလာ မြို့တကာဆီဖုန်းဆက်ပြီး စုံစမ်းပါတော့တယ်။

'ဒီသတင်း ခင်ဗျားတို့ ဘယ်ကကြားလဲ'

'သွားမယ်ဆိုလည်း လမ်းပန်းနဲ့ ရာသီဥတုကို အာမမခံဘူးနော်'

'ကိုယ့်တာဝန်ကိုယ်ယူနိုင်ရင် သွားကြပေါ့' စသည်ဖြင့် အဖြေစကားကြားရပုံမှာ အားတက်စရာမရှိ မသွားစေချင်လို့ ပိတ်ဆို့နေတာနဲ့တောင် တူပါသေးတော့။ အဖြေတွေက ခပ်ငေါ့ငေါ့. . ။

'ခင်ဗျားတို့ ဘယ်လိုပြောပြော ကျုပ်တို့က ခိုင်လုံတဲ့ သတင်းကို တိတိကျကျ မိမိရရ သိထားပြီးပြီ၊ ကဲဗျာ ဒေါ်ရွှေဝါတို့ကိုမောင်မောင်ကြီးတို့ ဆရာတော်ကြီးကိုဖူးပြီး ပြန်လာနေတာ ရန်ကုန်တောင် ပြန်မရောက်သေးဘူး။ ဆရာတော်ကြီးဟောလိုက်တဲ့တရားကို ကျုပ်တို့က ဖုန်းထဲက တစ်ဆင့် နာပြီးနေပြီ။ ဘာတွေဟောလိုက်တယ်ဆိုတာ ခင်ဗျားတို့ကို ပြန်ပြောရမလား။ ဟဲ့- နင်တို့လူလားခွေလားဆိုတာ လူကျင့်ကျင့်စေချင်လို့ နှုတ်ဆက်တရားဟောလိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါပြီ သိရင် ပြီးတာပဲ။ ဒါပေမဲ့ သတိပေးလိုက်မယ်နော်။ ဆရာတော်ကြီးက မူပြောင်းနေပြီ။ ခင်ဗျားတို့ အရမ်းသွားလို့မရဘူး'

အဲဒီလိုလည်း ဟန့်တားလိုက်ပါသေးရဲ့။

'ကဲ- မြတ်သူရေ၊ သေချာရေရာနေပြီမို့ ငါတို့ ပြင်ဆင်ကြစို့။ သံဃာဆိုတာ ဖူးထိုက်မှဖူးရတာ။ တရားရှင် သူတော်ကောင်းဆိုတာ ဖူးထိုက်မှ ဖူးခွင့်ရတာ။ ခွင့်သာခိုက်မှ မလိုက်ချင်လျှင် အမိုက်နင့်ပြင် ရှိသေးလိမ့်လားတဲ့။ ကဲ- ဆရာတော်ကြီးကို ဖူးပါရစေလို့ စာရင်းပေးထားတဲ့သူတွေ အကုန်လုံး တစ်ယောက်မှ မကျန်စေနဲ့။ ဖုန်းဆက်တော့။ ငါလည်းဆက်မယ်။ လူကိုယ်တိုင်လည်း တွေ့သင့်တဲ့လူ တွေ့မယ်။ သွားပုံ လာပုံ လမ်းခရီးကအစ လိုအပ်တာတွေ စိတ်ရှည်ရှည် ပြောပြလိုက်ပါ'

ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်သည် ထုံးစံ အတိုင်း မအားရတော့။ သတင်းမေးသူတွေကို သတင်းပေး၊ စုဝေးရောက်ရှိလာသူတွေကိုလည်း သိသမျှ ရှင်းပြ၊ ရှေ့က သွားနှင့်လိုသူများကိုလည်း မုဒိတာပွားလျက် မဟာမြိုင်သို့ မလိုက်နိုင်သူများ လာရောက်ပေးပို့သော လှူဖွယ်ဝတ္ထုများကိုလည်း လက်ခံထားရပါတော့တယ်။

တချို့လည်း အကြောင်းအမျိုးမျိုးကြောင့် တကယ်ဖူးခွင့်ရပြီဆိုတော့ မလိုက်နိုင်တော့။ စီးပွားရေးကြောင့်၊ ကျန်းမာရေးကြောင့်၊ အတူတူသွားရမည့်သူတွေရဲ့ ဉာဉ်စရိုက်တွေကို မနှစ်မြို့သောကြောင့် သည်းမခံနိုင်သောကြောင့်. . ။

ကျွန်တော့်မှာ မိုးကုတ်နှင့် မိုးမိတ်ခရီးစဉ်ကြီးကလည်း ရှိနေနှင့်ပါတယ်။ မိုးမိတ်ကိုလည်း ဘယ်နေ့လာမည်ဆိုတာ ဖုန်းဆက်ပြီးနေပြီ။ အလည်အပတ်ခရီး သက်သက်မဟုတ်။ ဓမ္မခရီး၊ သာသနာခရီး၊ ကတိပျက်လို့ မဖြစ်။ မဟာမြိုင်ခရီး အတွက်လည်း တစ်ဆက်တည်း စီစဉ်ရပါတော့တယ်။

မြတ်သူနဲ့ကတော့ မန္တလေးမှာ ချိန်းလိုက်ကြတယ်။ ဆုံချင်လည်းဆုံ



www.burmeseclassic.com

www.burmeseclassic.com



ကြုံရင်လည်းကြုံ၊ မန္တလေးမှာ မဆုံမကြုံဖြစ်လျှင်လည်း မဟာမြိုင်မှာ ဆုံကြမှာပဲ။ မြတ်သူက ရွှေဘိုက ကိုကျော်နိုင်နဲ့ လှမ်းချိတ်ထားတယ်။ ကိုကျော်နိုင်ကလည်း မိသားစုနဲ့အတူ ဆရာတော်ကြီးကို ဖူးချင်တဲ့ဆန္ဒ ပြင်းပြ ထက်သန်နေပါတယ်။

'ဆရာသွေးရေ. . ဟိုတစ်နေ့က ဆက်တုန်းက အလုပ်ကြွေးတွေပိ နေလို့မသွားဖြစ်တော့ဘူးထင်နေတယ်။ ခုတော့ သွားဖို့လာဖို့လည်း အဆင် ပြေပြီ၊ သစ်သစ်ကလည်း သွားချင်နေတယ်။ မနန်းလည်း လိုက်နိုင်ရင် ကောင်းပါလိမ့်မယ်။ မန္တလေးက ကျွန်တော့်တပည့် ကျော်စည်သူတို့ သားအမိလည်း မန္တလေးက စောင့်နေတယ်။ အားလုံး ပေါင်းသွားကြ တာပေါ့'

မင်းချစ်သူဆီက ဖုန်းဝင်လာပါတယ်။ ဒါနဲ့ သွားဖို့လာဖို့စီစဉ်တိုင်ပင်ကြ ပြီး တတ်အားသမျှ လှူချင်တာလေးတွေဝယ်၊ တကယ်တော့ ကိုယ့်ကိစ္စ ကိုယ် ဖြောင့်ဖြောင့်မလုပ်ရပါဘူး။ ဟိုက ဒီက ဖုန်းနဲ့မေးသမျှ မဟာမြိုင် ခရီးစဉ်အကြောင်း ဆယ်မိနစ်တစ်ခါလောက် ရှင်းလင်းဖြေကြားပေးနေ ရပါတယ်။ ကျွန်တော့်သူငယ်ချင်းတွေက မနန်းလို့ခေါ်တဲ့ ကျွန်တော်ဇနီး ဒေါ်နန်းရွှေအေးလည်း သမီးတို့ အင်္ဂလိပ်စာဂုဏ်ထူးတန်း စာမေးပွဲကြီး ရှိနေတာကြောင့် မလိုက်ဖြစ်တော့။ ရှုံ့မဲ့ရှုံ့မဲ့နဲ့ ကျန်ရစ်ခဲ့ပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့ ၁၇-၅-၀၉ နံနက် ၃ နာရီ ၃၀ မိနစ်မှာ မန္တလေးသို့ ရောက်ခဲ့ကြပါတယ်။ အဆိုတော် ကျော်စည်သူတို့ ညီအစ်ကို ကားနှစ်စီးနဲ့ လာကြိုကြပါတယ်။

'တစ်နေ့ညကပဲ ကျော်စည်သူ သီချင်းဆိုတာ တီဗွီထဲမှာ တွေ့လိုက်ရ သေးတယ်။ ဘဝရထားသီချင်း"

'ကျွန်တော် မကြည့်လိုက်ရဘူးဆရာ၊ မီးပျက်နေလို့၊ ဒီရက်တွေ ဘယ်လိုဖြစ်တယ် မသိပါဘူးဆရာရယ်၊ အမေ ကလည်း ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖူးချင်လွန်းလို့ ဟိုဟာလေးထွက်ဝယ်၊ ဒီဟာလေးထွက်ဝယ်နဲ့ စိတ်ကူးရရင် ရသလို ထွက် ထွက်သွားတာ။ အဲဒါ ဆရာရယ် ဆိုင်ကယ်တိုက်မိပြီး ခု လက်ကျိုးနေတယ်။ ဆရာတို့ရန်ကုန်က ထွက်လာတဲ့နေ့မှာ ဖြစ်တာ။ မနေ့ကမှဖြစ်တာ။ အခု ကျောက်ပတ်တီးကြီးနဲ့'

ကျွန်တော်တို့ ရောက်မဆိုက် စိတ်မကောင်းဖြစ်ကြရပါတယ်။ သံဝေဂလည်း ရမိပါတယ်။

'မဖူးထိုက်ဘူးထင်ပါရဲ့ ဆရာရယ်'

'ဒီလိုလဲ မဟုတ်ပါဘူး၊ ဖူးခွင့်ကြုံဦးမှာပါ'

ကျွန်တော်တို့ အားပေးနှစ်သိမ့်ရပါတယ်။ မဟာမြိုင်ခရီးစဉ်ကြီး အတွက် ပိုပြီး ဂရုစိုက်ကြရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ခရီးစဉ်အောင်မြင်ပါစေကြောင်း အနီးကပ်ဆုံးအားကြီးတဲ့ ကုသိုလ် ကောင်းမှုပြုရအောင် မဟာမြတ်မုနိဘုရားကြီးဆီ နံနက်လေးနာရီခွဲမှာ ရောက်ခဲ့ကြပါတယ်။ တစ်နာရီတိတိ တရားထိုင်၊ ဘုရားရှိခိုးပြီး မဟာမြိုင် ခရီးစဉ် အောင်မြင်ပါစေကြောင်း ဆုတောင်းခဲ့ကြပါတယ်။ အဲဒီနောက်

ကိုမင်းချစ်သူ + မသစ်သစ်ဝင်းတို့ မန္တလေးရောက်ရင် လိုလေသေးမရှိ ပြုစုနေကျ။ ဒေါက်တာဇေယျာမောင် ရောက်လာပြီး ကျွန်တော်တို့အဖွဲ့ကို လက်ဖက်ရည်တိုက်ပါတယ်။ လက်ဖက်ရည်ဆိုင်ကပဲ မန္တလေး တော်ဝင်ဆေးတိုက်က ဦးတင်မောင်ဆွေဆီ ဖုန်းဆက်ချိတ်ဆက်ရပါတယ်။

'အလ္လာကပ္ပတိုက်က ဆရာတော် ဦးဉာဏလည်း လိုက်မယ်။ ကိုသွေး ချွန်တို့ ကားမငှားတော့နဲ့။ ကိုတင့်လွင် စီစဉ်ထားတယ်'

'ကိုတင့်လွင်ရော လိုက်မှာလား'

'လိုက်မှာ. . ကျွန်တော် အဆင်သင့်ဖြစ်နေပါပြီ၊ ကိုတင့်လွင်တို့နဲ့ ချိတ်ဆက်ပြီး ပြန်ဆက်သွယ်တယ်'

လက်ဖက်ရည်ဆိုင်ကအပြန် ကျော်စည်သူတို့အိမ်မှာ ခဏနားကြပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျော်စည်သူရဲ့အမေလည်း လက်ကို ကျောက်ပတ်တီးစည်းထား လျက်က လိုလေသေးမရှိ ညှော်ခံပါတယ်။ တစ်ခုပြီးတစ်ခု ကျွေးမွေးညှော်ခံပါ တယ်။

ကျွန်တော်တို့လည်း နားတယ်ဆိုရုံသာပါ။ သွားဖို့ပဲ စိတ်အားထက် သန်နေတာပါ။ ကျွန်တော်တို့ မိတ်ဆွေကြီး ကိုတင့်လွင်ကား နေမကောင်း လို့ မလိုက်ဖြစ်တော့။

'ဥပုသ်ရက်ရှည်စောင့်လိုက်တာ၊ အားနည်းပြီး ဖျားနေတယ်။ ခုလည်း ဥပုသ်နဲ့ပဲ။ ကဲ- ကိုသွေးချွန်တို့ နောက်ဆံမငင်နဲ့။ ဆရာတော်လည်းပါ တယ်။ ကျွန်တော်တို့ ဓမ္မာရုံတတ် အသင်းထဲက အမျိုးသမီးတစ်ယောက်ပါ တယ်။ ဆွမ်းချက်ဖို့ ထည့်ပေးလိုက်တာ'

ဒီလိုနဲ့ ကိုတင့်လွင်လည်း ကျန်ခဲ့ပါတယ်။ ကျွန်တော်တို့ စိတ်မကောင်း ဖြစ်ရပြန်ပါတယ်။ ဒီလိုနဲ့. . နေ့လည် ၁ နာရီမှ မန္တလေးက ထွက်နိုင်ပါ တယ်။ အားလုံး ၁၁ ယောက်အဖွဲ့ပါ။ ကားသမား ကိုမြင့်ဦးရော ဝေယျာဝစ္စ ကုသိုလ်ယူဖို့ လိုက်လာတဲ့ မကြူရော သဘောကောင်း မနောကောင်း တွေပါ။ မုံရွာသို့ ညနေ ၄ နာရီရောက်ပါတယ်။ ဒေါက်တာ ဇေယျာ မောင့်အဖေက မုံရွာမှာနေပါတယ်။ မုံရွာမှာ တစ်ထောက် နား၊ လိုအပ် တာတွေဝယ်နဲ့ ညနေ ၅ နာရီခွဲမှ မုံရွာက ထွက်နိုင်ပါတယ်။ ရေဦးရောက် တော့ ည ၈ နာရီ မိုးတွေရွာ နေပါပကောလား။ မဟာမြိုင်ခရီးစဉ်က မိုးများရင် လမ်းတွေ ပျက်ပြီး ကားတွေ ဗွက်နစ်တတ်ပါတယ်။

မိုးက အတော်သည်းပါတယ်။

'ဘာလုပ်မလဲ၊ ဆက်သွားမလဲ'

'ဒီမှာ ခဏနားရင်း ခရီးလမ်းပန်း စုံစမ်းကြစို့။ ထမင်းစားချိန်လည်း ရောက်ပါပြီ'

ကျွန်တော်တို့ မိုးခိုရင်း 'တော်ဝင်ဦး'ထမင်းဆိုင်မှာ စားရင်းနားရင်း



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ခရီးဆက်ဖို့ ပြောဆိုတိုင်ပင်နေတုန်းမှာ ကားကြီးတစ်စီး ထိုးဆိုက်လာပါတယ်။ ကားသမားနဲ့ ထမင်းဆိုင်ရှင် တရင်းတနှီး ပြောနေပုံက ကျွန်တော်တို့ကို နိုးကြားစေခဲ့ပါတယ်။

'မဟာမြိုင်က ပြန်လာတာ မိုးမျှားတယ်။ ကျုပ်ကား တောင်လွတ်တယ်ဆိုရုံပဲ'

'ရဟန္တာကြီး ဖူးခဲ့ရလား'

'ဖူးခဲ့ရတာပ၊ ဖူးကြတာလည်း ဝက်ဝက်ကွဲ'

ရေဦး တန့်ဆည်မြို့နယ်များရှိ ဒေသခံများက မဟာဗောဓိမြိုင် ဆရာတော်ကြီးကို ရဟန္တာကြီးလို့ ခေါ်ဝေါ်သမုတ်ကြပါတယ်။ တစ်နယ်လုံး ပျားပန်းခတ်အောင် မဟာမြိုင်ဆီ သွားနေလိုက်ကြတာ 'တန့်ဆည် မဟာမြိုင်လိုင်းကား'တောင် ဆွဲပေးနေရပါသတဲ့။

'အရှင်ဆန္ဒာဓိကတို့လည်း မုံရွာရောက်နေပြီတဲ့။ ရဟန္တာကြီးဖူးရအောင်လာကြတာ။ မနက်ဖြန်ည တန့်ဆည်မှာ အရှင်ဆန္ဒာဓိကတရားပွဲ မြင်းမူမှာလည်း ဟောမယ်လို့ ကြားတယ်။

ဆရာတော် အရှင်ဆန္ဒာဓိကဟူသောအသံကို ကြားလိုက်ရသဖြင့် ကျွန်တော့်နားရွက်တွေ ထောင်တက်လာပါတယ်။ နဖူးကြော နားထင်ကြောတွေ ကြွတက်လာပါတယ်။ မဟာမြိုင်ခရီးစဉ်အတွက် ကျွန်တော် ပထမဆုံး ဖုန်းဆက် အကြောင်းကြားလျှောက်ထားခဲ့တာ ဆရာတော် အရှင်ဆန္ဒာဓိကနဲ့ ဆရာတော် ရဝေနွယ်(အင်းမ)တို့ ဖြစ်ပါတယ်။

'ဦးဇင်းရဲ့ ဒကာကြီးက ပြင်ဦးလွင်ရောက်နေတယ်၊ သူ့ကို စောင့်ရဦးမယ်။ ဆရာတော်ကြီးကို လျှောက်ထားပေးပါ။ ဦးဇင်းတို့ ဖြစ်နိုင်ရင် မဟာမြိုင်မှာ တစ်ပတ် ဆယ်ရက်လောက် ဆရာတော်ကြီးအနားမှာ တရားအားထုတ်ချင်ပါ တယ်'

မဟာဗောဓိမြိုင်ဆရာတော်ကြီးကို သံဃာတော်များကပါ ဖူးချင်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြတာလည်း အလွန်ထူးခြားသော ဝိသေသ လက္ခဏာတစ်ရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့အတူ လိုက်ပါလာတဲ့ ဆရာတော်ဦးဉာဏက

'ကျုပ်က ဆရာတော့်စာအုပ်တွေ ဖတ်ရကတည်းက ဖူးချင်နေတာ။ သူများတွေကတော့ ဆရာတော်ကြီးရဲ့ ရေးဟန်ကို တစ်မျိုးမြင်ကြတယ်။ ကျုပ်ကတော့ ဖတ်ရတာ အရသာရှိလှသဗျ။ အဲဒီ အရသာက ဓမ္မရသကိုပြောတာ။ အကျင့်စရဏ၊ ပဋိပတ်နဲ့ အမြဲယှဉ်ပြီး ရေးပြသွားတာ'လို့ ဝင်ပြောပါတယ်။

ကျွန်တော်တို့လည်း စားလက်စ ရပ်ထားလိုက်ပြီး ကားသမားနဲ့ မိတ်ဆက်ကာ လမ်းခရီးအခြေအနေ စုံစမ်းရပါတော့တယ်။

'ဒီလိုသာ မိုးဆက်ရွာနေရင်တော့ မသွားသင့်သေးဘူး။ မိုးတိတ်သွားလည်း ၄၈ မိုင်နဲ့ ၅၈ မိုင်မှာရှိတဲ့ ဗွက်တွေက ဆိုးတယ်။ ခင်ဗျားတို့ကား ရှုန်းနိုင်မှာမဟုတ်ဘူး'လို့ ပြောလိုက်တော့ အတော်စဉ်းစားစရာ ဖြစ်လာပါတယ်။ ကျွန် တော်တို့ထဲက တစ်ယောက်ဆိုရင် နောက်လှည့်ပြန်ဖို့တောင် စကားဦးသမ်းနေပေပြီ။

'ပြန်တာတော့ မပြန်ဘူး။ ရောက်အောင်သွားမယ်။ ခရီးက ဘာမှ မကျန်တော့ဘူး။ ပြီးတော့ ဒီခရီးမျိုးက သာမန် ခရီးစဉ်မျိုးမဟုတ်ဘူး။ ရောက်သွားမှာပါ။ ကားက မရှုန်းနိုင်သည့်တိုင် ကျွန်တော်တို့ဆန္ဒတွေ၊ သီလတွေက ရုန်းပါလိမ့်မယ်။ သမ္မာဒေဝနတ်တွေကလည်း ကူမှာပါ'

ဆရာတော်ဦးဉာဏဆိုရင် စိတ်ဆန္ဒအပြင်းပြဆုံးလို့ ဆိုရမှာပါ။

'ကျုပ်က ဒီညတောင် ဆက်သွားချင်တာ။ မဟာမြိုင် ရောက်ချင်လှပြီ'တဲ့။

'ကား နစ်နေဦးတော့ ဆွဲပေးတဲ့ ထွန်စက်တွေ၊ ဂျစ်ဘီလူးတွေ ရှိပါတယ်ဗျာ။ တစ်ခါဆွဲပေးခ သုံးသောင်းလေးသောင်း ပေးရင်ရပါတယ်။

ဒေသခံတွေမှာလည်း အဲသလို။



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဓါအားကောင်းသူ စွန့်လွှတ်သူ၊ လှူဒါန်းသူရှိသလို သူတစ်ပါးတို့ ဒုက္ခရောက်နေတာကို အခွင့်ကောင်းယူပြီး စီးပွားရှာသူတွေလည်း ရှိလေရဲ့။

မိုးကတော့ ခပ်ဖွဲဖွဲရွာနေတုန်းပါပဲ။

အဲဒီညက ကျွန်တော်တို့ ရေဦးမှာ အိပ်လိုက်ပြီး နောက် တစ်နေ့ နံနက်စောစော ထထွက်ပါတယ်။ တန့်ဆည်မြို့ရဲ့ နံနက်ခင်း ဝေလီဝေလင်း မှာတော့ ရန်ကုန်သားတွေနဲ့ တရှုန်းရှုန်းပါလေ. . ။

'ဟေး. ကိုသွေးချွန်'

'ဟာ. . ဦးကျော်ဝင်း'

ကျွန်တော်တို့ရှေ့က တစ်ရက်စောထွက်သွားတဲ့ ရန်ကုန် က ဦးကျော် ဝင်းတို့အဖွဲ့ကို တန့်ဆည်မှာ မီလိုက်ခဲ့ပေပြီ။

'ကျွန်တော်တို့ ငှားလာတဲ့ ကားကြီးက ဆက်မသွားနိုင်တော့ဘူးတဲ့။ ဒီမှာ ဂျစ်ကား ဂျစ်ဘီလူးလို့ခေါ်တယ်။ ဂျစ်ဘီလူးငှားပြီး ဆက်သွားမယ်'

ဂျစ်ဘီလူးဆိုတာ ဒေသစကား။ ဒီဒေသက လမ်းပန်းတွေနဲ့ အံဝင် အောင် ဂျစ်အားကို ပြုပြင်ထားတာ။ ခါးရှည်တယ်။ ဘော်ဒီတောင့်တယ်။ ဂျစ်ဘီလူးတစ်စီးကို လူ ၂၀ ကျော် တင်တယ်။ တန့်ဆည်မှာတော့ ကားငှားတာ တည်းခိုတာတွေကို အောင်နိုဦးခတ်ပုံ ဗီဒီယိုရိုက်ကူးရေးက ကိုသန်းရှိန်က ကူညီလုပ်ဆောင်ပေးနေပါတယ်။ အဖွဲ့လိုက် မဟုတ်သူတွေ တန့်ဆည်က ဆိုင်ကယ်ငှားပြီး သွားကြတာ လည်းရှိပါတယ်။

မဟာမြိုင် ရဟန္တာဖူးတစ်ယောက် ကိုးထောင်ကျပ်လို့ ဘုတ်နဲ့ ရေးထိုး ကြေငြာထားတာလည်း တန့်ဆည်ဈေးနားမှာ တွေ့လိုက်ရပါသေးတယ်။ ဘာပဲဖြစ်ဖြစ် ရေဦးတန့်ဆည် တစ်နယ်လုံး အုန်းအုန်းကျက်ကျက် သက်ဝင် လှုပ်ရှားနေတာ ကတော့ မကြုံစဖူး ထူးကဲလှပါတယ်။

'ခင်ဗျားတို့ ကား မရဘူး'

တန့်ဆည် လက်ဖက်ရည်ဆိုင်မှာလည်း ကားသမားတွေက ဝိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြဘာပေးကြပါသေးရဲ့။ ကျွန်တော်တို့ကားလေးက လိုက်ထရပ်ကား။ ကျွန်တော်က ကားသမားကိုမြင့်ဦးကို 'ရပါတယ်- ကိုမြင့်ဦးက တကယ် ကျွမ်းကျင်တဲ့ကားသမားပဲ ဟာ'လို့ ထောပနာလိုက်ပါတယ်။ ကိုမြင့်ဦး ကလည်း လုံးဝ မတုန်လှုပ်ပါဘူး။

'ရပါတယ်ဆရာ၊ ဒီထက်ဆိုးတဲ့လမ်းတွေ မောင်းလာတာပါ'

ဒီလိုနဲ့ ကျွန်တော်တို့ကားကလေးဟာ ကံထူးမ၊ ရေပြာ၊ တောဂျင် စတဲ့ ရွာကြီးရွာငယ်တွေ၊ လမ်းကွေ့လမ်းကောက် လမ်းဆိုးလမ်းကြမ်းတွေ၊ ဗွက်တွေ၊ ရေတွေ၊ ရွှံ့နွံတွေ၊ သဲချောင်းရှည်ကြီးကို ခက်ခက်ခဲခဲနဲ့ မညည်းမညူဘဲ ကျော်ဖြတ်ခဲ့ကာ ညနေ ၅ နာရီ ၁၅ မိနစ်မှာ မဟာတော ကြီးသို့ အောင်မြင်စွာ ဆိုက်ရောက်ခဲ့ပါတယ်။

'ဟော့- ဆရာသွေးတို့အဖွဲ့ကွ'

'ဟာ- ဆရာမင်းချစ်သလည်း ပါတာကိုး'

ကျွန်တော်တို့နဲ့ ရင်းနှီးပြီးဖြစ်တဲ့ ဦးကျော်ငွေ၊ ဦးခင်မောင် နဲ့ ကိုခင်မောင်ဝင်းတို့ ကပ္ပိယအဖွဲ့က လှိုက်လှဲဝမ်းသာ ကြိုဆိုလိုက်တာနဲ့ ကျွန်တော်တို့ အမောပြေဝမ်းသာသွားပါတယ်။ မျက်နှာကြီး စူပုပ်ထား တတ်တဲ့ ဟိုကပ္ပိယကြီးနဲ့တော့ ကွာချင် တိုင်းကွာပါ့။

'ကျောင်းတံခါးဖွင့်ထားလား'

'သွား- သွား မီသေးတယ်။ ဖွင့်ထားတယ်။ ရှေ့မှာ ဦးကျော်ဝင်းတို့ ခုပဲတက်သွားတာ။ ပစ္စည်းတွေ နောက်မှ သိမ်း။ ကျွန်တော်တို့ ကြည့်ထား မယ်။ သွားဖူးကြ၊ သွားဖူးကြ'

ကပ္ပိယကြီးများကား စေတနာ အင်အားကြီးမားကောင်း မွန်လှပါ တယ်။ ကျွန်တော်တို့လည်း ရွှံ့တွေဖုံတွေ အလိမ်းလိမ်းနဲ့ပဲ တောင်ကုန်း ကလေးပေါ်က အကျွတ်အလွတ် ကျောင်းတော်ဆီ အပြေးတက်ခဲ့ကြ ပါတယ်။ လှူစရာတွေ တစ်နိုင်ဆွဲပြီး အပြေးတက်ခဲ့ကြတာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကြီးကြီးမားမားကြီးတွေက မနက်မှလျှို့လို့ ကပ္ပိယကြီး တစ်ယောက်က အကြံပေးပါတယ်။

ဆရာတော်ကြီးကို အတိုးချပြီး အားရပါးရဖူးလိုက်ရတော့လည်း နတ်ပြည်ရောက်နေတာထက်တောင် ချမ်းသာနေပါရောလား။

'ဘာတွေတုန်းဟဲ့- ဘယ်ကဟာတွေတုန်းဟဲ့။ ဘုန်းကြီး ရှိသွင်းပွဲများ မှတ်နေလို့လား'

ဆရာတော်ကြီးရဲ့ ဆီးကြိုနှုတ်ဆက်စကားမှာ ကျွန်တော်တို့ ရှိသေစွာ ဝပ်တွားလျက် မျက်နှာတွေကား ဖျားရည်လူးလျက် မှိုရတာထက် ပိုနေပါသေး။

ဆရာတော်ကြီးကား ထိုက်သင့်ရာ ဒါန သီလ တရားများဖြင့် ချီးမြှောက်လျက်

'ကျုပ်လည်း ဟောရတာ အသံကို မထွက်တော့ဘူးဗျ။ အသံဝင်နေပြီ။ ကဲ- တော်ကြဦးစို့ နားကြဦးစို့လို့ အမိန့်ရှိလိုက်သည့်တိုင် ကျွန်တော်တို့ကား ဆရာတော်ကြီးအပါးမှ မပြန်လိုကြသေးပါ။ ဆရာတော်ကြီး ပင်ပန်းနေမှာ စိုးလို့သာ နားခိုရာကျောင်းတွေဆီ ပြန်ခဲ့ကြပါတယ်။ မေတ္တာမြိုင် နှစ်ထပ်ကျောင်း သစ်ကြီးကလည်း သစ်သစ်လွင်လွင် ထည်ထည်ဝါဝါ၊ မေတ္တာမြိုင်ကျောင်းကြီးမှာလည်း လူအပြည့်. . ။

သစ်သစ်တို့ မိန်းမသားတွေကို မေတ္တာမြိုင်မှာနေရာချ ထားပေးပြီး ကျွန်တော်တို့ ယောကျ်ားဘသားများကတော့ ဆရာတော်ကြီးရဲ့ မူလကျောင်းတော်ဖြစ်တဲ့ ခေါင်နန်းပလ္လင်မှာ နေရာယူလိုက်ကြပါတယ်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# မဟာမြိုင်ရဲ့ မေတ္တာမြိုင် သို့မဟုတ် မဟာမြိုင်မှာ မေတ္တာဘာဝနာ


ကျွန်တော်တို့ဟာ နောက်တစ်နေ့(၁၉-၅-၀၉)မှာ စောစောထပြီး တရားထိုင် မေတ္တာပို့ကြတယ်။ မကြူတို့ သစ်သစ်တို့ မိန်းမသားတွေ ဆွမ်းချက်နေကြတယ်။ တချို့ ဆွမ်းဟင်းတွေကတော့ ညသန်းခေါင်ကပင် ချက်ပြီးသား၊ ဆရာတော်ဖူး ပရိသတ်များတော့ မီးဖိုအားအောင် စောင့်ရပါတယ်။ မဟာမြိုင်က ချက်ဖို့ပြုတ်ဖို့ အိုးခွက်ပေးတယ်။ ဆရာတော်ကြီးကို လောင်းလှူဖို့ရော ကိုယ်စားဖို့ရော ဆန်ဆီ ဟင်းချက်စရာတွေ ယူလာရတယ်။ ကျွန်တော်တို့အဖွဲ့က မုံရွာမှာ တစ်ထောက်နားစဉ် အိုးခွက် ပန်းကန်တွေရော၊ ဟင်းချက်စရာတွေရော ဝယ်လာခဲ့ပါတယ်။ ဒန်အိုး၊ ဒယ်အိုး မစောင့်ရသည့်တိုင် မီးဖိုအားအောင် စောင့်ရပါတယ်။ တကယ်တော့ မီးဖိုဆိုတာလေး ခဲသုံးလုံးရှိရင် ပြီးတာပဲဟာ။ ဖိုခနောက်ဆိုင် လိုက်တာနဲ့ မီးဖိုဖြစ်သွားရော၊ ထင်းကတော့ အလျှံပယ်။

သဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com






ပုံ(၆၉) ဆရာတော်ဘုရားကြီးဆွမ်းခံကြွလာစဉ်

သုဝဏ္ဏသျှမ်စာစဉ်

www.burmeseclassic.com




ဆရာတော်ဖူးအဖွဲ့ဟာ အစောကြီးကတည်းက စိတ်စောနေကြတယ်။ ချက်ပြုတ်ပြီး တန်းစီကာ နေရာယူထား ကြတယ်။ မဟာမြိုင်တောကြီးကို အမှီပြုနေထိုင်ကြတဲ့ ဝေပုံ ချင်းချောင်း၊ ကျောင်းကြီး စတဲ့ရွာတွေကလည်း ဆွမ်းလာ လောင်းကြပါတယ်။ ကလေး၊ ကလေးဝ၊ ရေဦး၊ တန့်ဆည် အများစုကတော့ ရန်ကုန်ကပါ။ ဒီလိုနဲ့ နံနက် ၉ နာရီ ဝင်းပတဲ့ နေရောင်ခြည်အောက် ဆရာတော်ကြီး သတိက္ကန္ဓြေ အပြည့်နဲ့ လျှောက်လှမ်းတော်မူလာပါတယ်။ နေမင်း လမင်းများ မြေပြင်ပေါ် ဆင်းလာသလားထင်ရလောက်အောင် တင့်တယ်တော်မူလှပါတယ်။ ဆရာတော်ကြီးဟာ သပိတ်ကြီးပွေ့ပြီး ဖြည်းဖြည်းမှန်မှန် ကြွလှမ်းတော်မူလာပါတယ်။ အားလုံးက ဆွမ်းအုပ်ကလေးတွေချပြီး သဒ္ဓါတရားအပြည့်နဲ့ ကန်တော့ကြပါတယ်။

လောင်းလှူလိုက်ကြတဲ့ ဆွမ်းတွေ၊ ဆွမ်းဟင်းတွေဆိုတာ ဆရာတော်ရဲ့ သပိတ်ကြီး ချက်ချင်းပဲ ပြည့်လျှံသွားပါတော့တယ်။ ကပ္ပိယကြီးတွေဖြစ်တဲ့ ဦးခင်မောင်၊ ဦးကျော်ငွေးနဲ့ ကိုခင်မောင်ဝင်းတို့က ဆရာတော်ကြီး နောက်

www.burmeseclassic.com



တော်ပါးက ဝဲယာက ခြံရံလိုက်ပါပြီး သပိတ်ထဲကဆွမ်းတွေကို ဇလုံကြီးထဲ အလဲအလှယ်ထည့်ယူပေးနေရပါတယ်။ ဆရာတော့်သပိတ်ကြီးက ကျွန်တော် မဟာမြိုင်ကျောင်းဆောက်စဉ်က သပိတ်ဆေးရင်း မှတ်မှတ်ရရ တိုင်းထွာထားတာ -

| | | |
|---|---|---|
| အဝ | .... | ၉. ၇ လက်မ |
| အမြင့် | .... | ၁၂ လက်မ(တစ်ပေ) |
| လုံးပတ် | .... | ၃. ၆ လက်မ |
| သပိတ်ဖုံး | .... | ၁၁ လက်မ |

ရှိပါတယ်။

ဆရာတော်ဖူး ပရိသတ်တွေ စည်းကမ်းတကျ ဆွမ်းလောင်းလှူပြီးနောက် ဆရာတော်ကြီးဟာ ယာယီမဏ္ဍပ်မှာ နေရာယူပါတယ်။ ရှေ့ကစားပွဲခုံပေါ်မှာ သပိတ်ကြီးတင်လို့ ပရိသတ်ကို သီလပေးပြီးတာနဲ့ ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူပါတယ်။

ဒကာ၊ ဒကာမတွေဟာ ထောက်ပံ့တပ်နဲ့တူကြောင်း၊ သံဃာတော်များက ရှေ့တန်းရောက် တပ်မှူး၊ တပ်ဗိုလ်များနဲ့ တူကြောင်း၊ ရန်သူကတော့ ကိလေသာဆယ်ပါးဖြစ်ပြီး တပ်ဆင်ထားတဲ့လက်နက်ကတော့ သတိပင်ဖြစ်ကြောင်း ဝေဝေဆာဆာကြီး ဟောကြားသွားပါတယ်။

'တို့ဆီ တစ်ခုခုရနိုးနိုးနဲ့ အမျှော်စိတ်နဲ့တော့ မဖူးကြ မလှူကြလေနဲ့ဗျ၊ သံဃာအမှတ်နဲ့သာလှူ၊ တို့တရားရှာတယ်ဆိုတာ ဘာမှမရှိတာကိုရှာတာ၊ တရားတွေ့တယ်ဆိုတာလည်း ဘာမှမရှိတာကြီးကို တွေ့တာ၊ ဘာမှမရှိတာကို ဘယ်လိုပေးရမှာလဲဗျ' ဟူ၍ ပရမတ်သဘောဖြင့်လည်း ဟောလိုက်ပါသေးတယ်။ အလွန်လေးနက်လှပါတယ်။ ဆရာတော်ကြီးဟာ ဆွမ်းအနုမောဒနာတရား ဟောကြားပြီးတာနဲ့ သပိတ်ကြီးပိုက်ပြီး တောင်ပေါ် အကျွတ်အလွတ် ကျောင်းဆီ ပြန်ကြွသွားပါတယ်။ ကျွန်တော်တို့ဟာ



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၇၀) မဟာမြိုင်စုပေါင်းရေစက်ချပွဲအခမ်းအနားအပြင်အဆင်

မျက်စိ တစ်ဆုံး ဖူးမြော်ကြည့်ငေးကျန်ခဲ့ရင်း အချင်းချင်း နှုတ်ဆက်ခေါ် ပြောဖို့တောင် မေ့သွားပါတယ်။

မဟာမြိုင်မှာ ရေးထားတဲ့ ဆိုင်းဘုတ်ကြီးတွေက ကျွန်တော်တို့ကို သတိပေးနေပါပြီ။

'ဤနေရာသို့ တစ်ရက်သာ နေခွင့်ပြုသည်'

အချိန်က တိုတောင်းလွန်းလှပါပကောလား။ ကျွန်တော်တို့ ပြန်ဖို့ ပြင်ဆင်သတိပေးနေပါပြီ။

'ဝိနည်းနှင့် မအပ်စပ်သော ဝတ္ထုငွေကြေးများ လောင်းလှူခွင့်မပြု'

'စီးပွားရေး၊ နိုင်ငံရေးများ လျှောက်ထားခွင့်မပြု'

မဟာမြိုင်မှာ ကပ္ပိယကြီးများပင်လျှင် ဆယ်ပါးသီလ ဆောက်တည်ကြပါတယ်။ လူကပ္ပိယများပင် ရွှေငွေကိုင်ခွင့် မပြုပါ။ တကယ့် သံမဏိစည်းမျဉ်းပါပဲ။ လူတွေရော အချို့ရဟန်းသံဃာများရော ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သာသနာတော်နှင့်
မအပ်စပ်သော လူမှုရေးကိစ္စ
စီးပွားရေးကိစ္စ၊ နိုင်ငံရေးကိစ္စ
ကိုယ်ရေးကိုယ်တာကိစ္စများ
လုံးဝလျှောက်ထားခွင့်မပြု။

အနားအပါးမှာ ပြုစုလုပ်ကျွေးရင်း တရားအားထုတ်လိုကြောင်း အကြိမ်ကြိမ် တောင်းပန်ခဲ့ကြဖူးပါတယ်။ မိမိတို့ သဒ္ဓါဆန္ဒအရ အဆိုပြု ကြသော်လည်းပဲ ဆရာတော်ကြီးရဲ့ သံဃာစည်းကမ်းများကို လိုက်နာနိုင်ဖို့ကတော့ ခဲယဉ်းနေတတ်ကြပါတယ်။

ကျေးဇူးရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးဟာ ဒကာ၊ ဒကာမတွေအပေါ်မှာလည်း အဆင့်အတန်းမခွဲ၊ ဒကာရင်းမို့ တပည့်ရင်းမို့ အများကြီးလျှုလို့လည်း အခွင့်အရေး ပိုမပေး၊ အားလုံးအပေါ်မှာ တပြေးညီ မေတ္တာပဟူသည် ညီမျှခြင်းဆိုတဲ့အတိုင်း အားလုံးအပေါ်မှာ မေတ္တာမမွှ ဖြန့်ကျက်လျက်ကသာ ပေးတဲ့လက်က ရွှေ ယူတဲ့လက်က ရွှံ့ပေနေလို့သာ ကျွန်တော်တို့ ပေးသလောက်မရဖြစ်နေတာ။

ဆရာတော်ဖူး ပရိသတ်များ တည်းခိုတဲ့ကျောင်းတိုက် 'မေတ္တာမြိုင်'လို့ နာမည်ပေးထားတာ ကြည့်ပါတော့။ မဟာမြိုင်ရဲ့ မေတ္တာမြိုင်. . မေတ္တာသည်သာ အောင်နိုင်ရာ မဟုတ်ပါလား။ ကျေးဇူးရှင် မဟာဗောဓိမြိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရား ကြီးက 'မေတ္တာမြိုင်'ဟူသော မေတ္တာပို့ဂါထာကို စီကုံး ပေးသနားတော်မူခဲ့ပါတယ်။ မေတ္တာပို့ဂါထာတော်အဖြစ် နေ့စဉ် ညစဉ် တတ်အားသမျှ ရွတ်ဖတ်သရဇ္ဈာယ်ကြစေလိုပါတယ်။

မေတ္တာမြိုင်

(က) ဘောရီ သဒ္ဒေါ တိဂါဝုကော၊
မေယ သဒ္ဒေါ တိယောဇနာ။
ဒါနဒါ ဆ ကာမာ အန္တော၊
သီလ အန္တော အကနိဋ္ဌာ။

(ခ) မေတ္တာစ အနန္တ လောကံ၊
သဗ္ဗိဒ်မေ ပရိမာန်။
သိက္ခိဋ္ဌာန် ကတ္တာ ဘာဗေ
လဘန္တု သုဒ္ဓသီတလေ။

ဘောရီသဒ္ဒေါ - စည်ကြီးတီးသံ ဟီးဟီးညံသည်ကား၊ တိဂါဝုကော - သုံးဂါဝုတ် အပိုင်ပြ၊ မိုင်အားဖြင့် ငါးမိုင်မျှသာ ကြားသိခွင့် ရရှိစေပါ သည်ဘုရား။ မေယသဒ္ဒေါ - မုတ်သုံလေထန်၊ မိုယ်းမာန်ပေးချုန်း ရာမှဖြစ်သော ရေဒိုး လေခိုးလေးများ၏ ပြေးသံ ပုန်းသံများသည်ကား၊ တိယောဇနာ - သုံးယူနစ် အပိုင်ပြ မိုင်အားဖြင့် နှစ်ဆယ့်လေးမိုင်မျှသာ ကြားသိခွင့် ရရှိကြပါသည်ဘုရား။ ဒါနဒါ - သူကောင်းလမ်းဖောက် သဒ္ဓါစမ်းပေါက်ရာမှ ထိုးဖောက်သွားသော ဝမ်းမြောက်သံ သည်ကား၊ ဆကာမာအန္တော - ဓာတ်ရည်တောက်ပမာဏ နတ်ပြည်ခြောက်ထပ် မျှသာပါဘုရား။ သီလအန္တော - သူသည် ကိုယ့်ကြောင့် စိုးမနှောင့်စေ၊ မမှောင်စေသော သီလ စောင့်ထိန်းခြင်းမှဖြစ်သော ရာဂါဒေသလွှမ်း မိုးခြင်းမှ တိုးထွက် သွားသည့်ပဲ့တင်သံသည်ကား၊ အကနိဋ္ဌာ - ရုပ်နာမ်နှစ်ဝ စုံပါကြသည့် ဗြဟ္မာ့ထိပ်ခေါင် အကနိဋ္ဌဘုံတိုင်အောင်သာပါ ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာစ အနန္တ - ရာဂဒေါသရို မေတ္တာလွှမ်းမိုး ဖြန့်ကျက်ရာမှ ပွံ့ထွက်သွားသည့် မေတ္တာစာတ် လှိုင်းသံကြီးသည်ကား အရှေ့မှအနောက် မရောက်နေရာ မရှိပါ၊ အနန္တ စကြဝဠာ။ တောင်မှနေမြောက် မရောက်နေရာ မရှိပါ။ အနန္တ စကြဝဠာ။ အထက်မှအောက် မရောက်နေရာမရှိပါ။ အနန္တ စကြဝဠာ။ နယ်ကျဉ်း ကွယ်ပျောက် ဟင်းလင်းပေါက်အထိ မရောက်နေရာ မရှိသာ၊ အနန္တ စကြဝဠာ။ ကိုယ်ခင်းရုန် ပျောက် နိဗ္ဗာန်ပေါက်အထိ မရောက်နေရာ မရှိသာ၊ အနန္တ စကြဝဠာ။

ဣဒံ - ဤမှု ခမ်းနားလှပါသော ဤမေတ္တာစာတ်အား စွမ်းပကားကြီးကို မေ- မယာ အကျွန်ုပ်သည် အနန္တ အနန္တ မေတ္တာရှင် ဘုရားသခင်ကို သိက္ခာဒ္ဓာနံ ကတွာ - သက်သေ တည်၍ အနန္တ - အဆုံးမထား ချစ်စည်းမုန်းစည်း မသားဘဲ၊ အပရိမာနံ - အပိုင်းအခြားလည်းမထား၊ အကန့်အသတ်ဖြင့် မကစားဘဲ. . သဗ္ဗလောကံ - အနန္တစကြဝဠာ အနန္တသတ္တဝါများသို့ ဘာဝေ ဘာဝေယျာမိ - ဒေါသမတိုး ရာဂမိုးမစွတ် ဓမ္မခိုးဖြိုးဖြိုးညွှတ်တို့ဖြင့် ပို့လွှတ်လိုက်ရပါတော့သည်ဘုရား။

မေ - အကျွန်ုပ်၏၊ သုဒ္ဓသီတလေ - အညစ်မပြု အပူမစွက် မေတ္တာရည် အဖြူသက်သက်ကို၊ သုဒ္ဓသီတလေ - မေတ္တာရည်တူ အဖြူလိုလား၊ ကြိုဆိုစောင့်စားလျက် ရှိကြပါကုန်သော၊ တေ - အနန္တလောကသားထိုထို ထိုထို သတ္တဝါ အများအပြားတို့သည်၊ လဘန္တု - မေတ္တာတော်ဝေပုံကျ အကုန်အငှ ရကြပါစေကုန်သတည်း။

လဘန္တု - ကြားသမျှ အကုန်ထည့် သိသမျှ အရချူ အမျှ အမျှ အမျှ ယူကြပါကုန်။ ။

နိဒ္ဒိဂတံအစချီတဲ့ အထူးမေတ္တာပို့ဂါထာကိုလည်း ဆရာ တော်ဘုရားကြီးက ကိုယ်တိုင် သီကုံးပေးခဲ့တာ ရှိပါသေး တယ်။ အမြဲရွတ်ဖတ်ပူဇော်အပ်တဲ့ မေတ္တာပို့ဂါထာအဖြစ် ဖော်ပြပေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နိဋ္ဌဂတံ ပုညံတသ္သ ဆန္ဒပလေန တေဇသာ
သဗ္ဗေဝရာ ခေမာဟောန္တု ဘဝန္တု သုခိတာသဒါ
ပညာယ ပဋိဝိဇ္ဈန္တု ဝိမုစ္စန္တု ဒုဘိန္နရာ
ဟိကာလေ ဖုသ္သ ဓမ္မတာ အဓမ္မကာမ ဝါဒါပိ
ဒါနာဒိ ကမ္မဗီဇကာ ကုသလာ သုဂတာ သဒ္ဓါ
နိဓာပေန္တု အပစ္စက္ခာ ဘုဥ္ဇာယ ဣဓပစ္စက္ခာ
နရဘာဝေ နရုံစိတ္တံ ဟိပေါသေန္တု ကမ္မကတာ

ပုည် - ကောင်းသောအမှု ပြုစုရခြင်းသည်ကား၊ နိဋ္ဌ - ပြီးဆုံးခြင်းသို့ ဂတံ - ရောက်ခဲ့ရပါချေပြီ။ တသ္သ - ထိုကောင်း မှု၏၊ ဆန္ဒပလေန - ဆန္ဒအားမှုဖြစ်သော၊ တေဇသာ - အရှိန်အားလုံး၊ ခေမာ - ဘေးကင်းကြကုန်သည်၊ ဟောန္တု - ဖြစ်ကြပါစေ။ အဝေရာ - ရန်ကင်းကြကုန်သည်၊ ဟောန္တု - ဖြစ်ကြပါစေ။ သဒါ - နေ့ညဥ့်အရာ ဘယ်ခါမလပ်၊ သုခိတာ - ချမ်းသာကြကုန်သည်၊ ဟောန္တု - ဖြစ်ကြပါစေ။ ဒုဘိန္နရာ - မကောင်းမှုကြောင့် ပျက်စီးနေသူများကို ပညာယ - ချင့်ချိန် တိုင်းထွာ ဉာဏ်ပညာဖြင့်၊ ပဋိဝိဇ္ဈန္တု - ထိုးဖောက်လှစ်ပြူ သင်ခန်းစာ ယူတတ်ကြပါစေ။ ဟိကာလေ - ဆုတ်ခေတ် ကာလ၌၊ ဖုသ္သဓမ္မတာ - ကြုံတွေ့ရမြဲဖြစ်ကုန်သော၊ အဓမ္မကာမဝါဒါပိ - မတရားလိုချင်ခြင်း၊ မတရား အနိုင်ကျင့်ခြင်း များကိုလည်း၊ ပညာယ - ပညာဖြင့်၊ ဝိမုစ္စန္တု - အလွတ် ရှောင်ကွင်းကင်းရှင်းကြပါစေ။

ဣဓပစ္စက္ခာယံ - ဤဘဝ ဤသာသနာတွင်၌ဖြစ်စေ၊ အပစ္စက္ခာယံ - နောင်ဘဝနှင့် သာသနာပကာလမျိုးများ၌ ဖြစ်စေ၊ ဘုဥ္ဇာယ - သုံးဆောင်ခံစားနိုင်ရာအလို့ငှာ၊ ကုသလာ - အပြစ်မရှိခြင်း၊ ကောင်းကျိုးကိုသာ ပေးခြင်းလက္ခဏာ ရှိကုန်သော၊ သုဂတာ - လူနတ်နိဗ္ဗာန် သုံးတန်သို့သွားရန် အလားအလာပြည့်ရှိပါကုန်သော၊ သဒ္ဓါ - စိတ်ထားမြင့် မြတ် အရင့်ဇာတ်သို့သာ ရောက်စေပါကုန်သော၊ ဒါနာဒိ ကမ္မဗီဇကာပိ - ကောင်းမှု၌



www.burmeseclassic.com

www.burmeseclassic.com



ရက်ရောခြင်း၊ မကောင်းမှု၌ စောင့်စည်းခြင်း၊ အဆင့်မြင့်ဖြစ်က ပွားများခြင်း စသော ကံမျိုးစေ့များကိုလည်း၊ နိဓာပေန္တု - မြှုပ်နှံသိုမှီးရနိုင်သမျှ ပွားစီးနိုင်ကြပါစေ။ သဗ္ဗေနရေ - လူအားလုံးတို့သည်၊ နရဘာဝေ - လူ့ဘဝထဲ ရောက်ဆဲကာလတွင် (ဝါ) လူဖြစ်ဆဲကာလ တွင်၊ နရံစိတ္တံ ဟိ နရံစိတ္တံ ကေ - လူစိတ်ကိုချည်းသာ၊ ကမ္မကတာ - ကိုယ်လှုပ်နှုတ်ဖွင့် စိတ်ဖြင့်ကြံမိလေတိုင်း၊ ပေါသေန္တု - မွေးမြူနိုင်ကြပါစေကုန်သတည်း။

မောင်သွေးချွန်

ကိုးကား

- ၂၀၀၁ အောက်တိုဘာထုတ် မဟာဗောဓိမြိုင်ဆရာတော်၏ ရတနာစစ်တမ်း
- မှန်နန်းရာဇဝင်၊ ပ-တွဲ
- ၂၀၀၀ ပြည့်နှစ်ထုတ် သုဝဏ္ဏသျှမ်တောင်မှသုဝဏ္ဏသျှမ်တောင်သို့
- ၁၉၉၉ ခုနှစ်ထုတ် ဆရာတော်ဦးဉာဏ၏ 'တောင်တွင်းကြီးရာဇဝင်သစ်' (တတိယအကြိမ်)
- ဦးဖျော်၏ စဉ့်ကူးမင်းချောင်း
- ဦးအောင်သော်၏ ဗိသနိုးမြို့ဟောင်း၊ တက္ကသိုလ်ပညာ ပဒေသာစာစောင်၊ အတွဲ(၁)အပိုင်း(၂) ၁၉၆၆ ရှေးဟောင်းသုတေသန



www.burmeseclassic.com